The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 1 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Jan 5 , 2015



## အရာတော်သနပ်ခါး အလုပ်ရုံဆွေးနွေးပွဲမှသည်
## မြန်မာ့သနပ်ခါးမူပိုင်ခွင့်ဆီသို့

ထွန်းလှိုင်(မုံရွာ)

၂၀

### ပန်းရောင်းသူများ



မြန်မာ–တရုတ်နယ်စပ်မှ ဆန်တန်ချိန် ၂၅၀၀ ကျော်ပိုမိုတင်ပို့ ၄

မြန်မာနိုင်ငံအတွက် စွမ်းအင်မူဝါဒဆိုင်ရာ
အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည် ၁၃

တတိယမြောက်နယ်စပ်ဈေးကို အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင်
ဇန်နဝါရီလ ၁၃ ရက်နေ့၌ ဖွင့်လှစ်မည် ၁၅

**JM motors**

MADE IN KOREA

# FIRE STATION
## at your own site




| Syscue 400 ME Technical Data | | | |
|---|---|---|---|
| Head (m) | 202 (m) | RPM | 1420 rev/min |
| Flow Rate (Liter per minute) | 285 (ℓ/min) | Engine Power (HP) | 23 Hp/ Gas engine / Diesel engine |
| Pump Type | Rotary Positive Displacement Pump | Fuel Tank | 7 Liter |
| Rotor Type | Twin Rotor System | Lube. Water Tank | Installed |
| Power Transfer | Electric Clutch | Flow Switch (Sensor) | Installed |
| Movement | Self Battery Power Moving | Pressure Switch (Sensor) | Installed |
| Pump Material | Aluminum | Display Panel | Installed |
| Battery | Engine use : 12 volt | Weight | Total: 270kg ±10kg |
| | Moving: 12 volt X 2 | Dimension | 850 * 1520 * 1200 |



**Horizontal Discharge**
35 m to 40 m



**Vertical Discharge**
20 m to 25 m



**Horizontal Delivery**
1000 m over

## HIGHT PRESSURE FIRE FIGHTING EQUIPMENT



**Self Suction**
9.7 m



**Vertical Delivery**
Height 200 m over



**Foam Discharge**
25 m





**Foreslim Co., Ltd.**
jmmotors.ygn@gmail.com
☎ 01-651830, 09 511 8246, 09 250 313 613
No.117/1, 8 Miles, Pyay Road, Mayangone Township, Yangon, Myanmar.



# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိက ကဏ္ဍထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိက ကဏ္ဍ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ (Working Group) တို့တွေ့ဆုံဆွေးနွေး ပွဲအား ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးထင်အောင်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဝင်များ၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက ကဏ္ဍကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပါသည်။

ဆွေးနွေးပွဲတွင် ပုဂ္ဂလိက Working Group ဖြစ်သည့်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့မှ မြေယာအသုံးချမှု၊ သွင်းကုန်/ပို့ကုန်နှင့်



အကောက်ခွန် ရှင်းလင်းရေး၊ တရားမဝင်ကုန်သွယ်မှု၊ ငွေကြေးအရင်းအနှီးရရှိနိုင်မှု၊ အခွန်အကောက်ကိစ္စများနှင့်ပတ်သက်၍ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းပေးရန် အကြံပြုတင်ပြချက်စာတမ်းအား တင်ပြခဲ့ပါသည်။

တင်ပြချက်များအပေါ် သက်ဆိုင်ရာ Delivery Unit ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များမှ ဌာနအလိုက် လက်ရှိလုပ်ကိုင်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လတ်တလော ဖြေရှင်းပေးနိုင်မှု ကိစ္စရပ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

# ဒေါက်တာမောင်အောင်၏ "ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း Global Supply Chain သို့ ပိုမိုဝင်ရောက်ရေး" စာအုပ်ထွက်ပြီ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြံပေးဖြစ်သူ ဒေါက်တာမောင်အောင်၏ "ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း Global Supply Chain သို့ ပိုမိုဝင်ရောက်ရေး"ဟု အမည်ပေးထားသည့် စီးပွားရေးဆိုင်ရာစာအုပ် ထွက်ရှိပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် စာရေးသူ ဒေါက်တာမောင်အောင်က Globalization ခေတ် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်ဖွံ့ဖြိုးမှုလမ်းစဉ်မှာ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း Global Supply Chain သို့ ထဲထဲဝင်ဝင် ဝင်ရောက်နိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံရှိလုပ်ငန်းများသည် Global Supply Chain နှင့် ပေါင်းစပ်ပြီး ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထူထောင်ခြင်းသည် ယနေ့ခေတ်၏ စက်မှုထူထောင်ရေးလမ်းစဉ်သစ်လည်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် Global Supply Chain သို့ ပိုမို ဝင်ရောက်နိုင်ရေး၊ နိုင်ငံတော်၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ လုပ်ငန်းရှင်များနှင့် လူငယ်များအပါအဝင် နိုင်ငံသားတိုင်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း" ရေးသားဖော်ပြထားသည်။ အဆိုပါစာအုပ်သည် လူငယ်များ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူ လုပ်ငန်းရှင်များ၊ စီးပွားရေးပညာကို လေ့လာနေသူ ကျောင်းသူ၊ ကျောင်းသားများ လေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။ အဆိုပါစာအုပ်ကို မိုးကျော်သူ စာပေဖြန့်ချိရေးမှ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိမည်ဖြစ်ပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင် တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.1 Monday Jan 5 2015

# ဈေးငြိမ်ပြီး အရောင်းအဝယ်သွက်တဲ့ တောင်ပုံ့မွှေးဈေးကွက်

ပြည်ဆန်၊ စပါးဈေးကွက်တွင် ဒီဇင်ဘာနောက်ဆုံးပတ်မှစပြီး ယခုဇန်နဝါရီလဆန်းအထိ တောင်ပုံ့မွှေးစပါး ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်ပြီး အရောင်းအဝယ်သွက်နေတာတွေ့ရပါတယ်။

ယခင်တစ်ပတ်အတိုင်း စပါးဈေးဟာ တင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေး ၆၄၄၀၀၀ ကျပ်နှင့် ဈေးနှုန်းကွာခြား မှုမရှိဘဲ ယခုအထိ ဈေးနှုန်းငြိမ်နေပါတယ်။ ဆန်လတ်စတစ်အိတ်ဈေးကတော့ ၃၀၀၀၀ ကျပ်ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးသို့ နေ့စဉ်အိတ် ၄၀၀ ၊ ၅၀၀ ခန့်အတင်ရှိကြောင်းလည်း သိရပါတယ်။ တောင်ကြီးသို့လည်း လေး၊ ငါးရက်ခြား အိတ် ၄၀၀ နီးပါးတင်ပို့မှုရှိတယ်လို့ သိရပါတယ်။

ဧည့်မထ(မိုး)သစ်စပါးကတော့ ပြည်ပွဲရုံဆန်စက်အရောက် ဈေးနှုန်း (၄၆ ပေါင်ကိုက်ဈေး) ၃၇၀၀၀၀ ကျပ် ရှိသော်လည်း အခြားမြို့နယ်စပါးများကတော့ အမျိုးအစား၊ အရည်အသွေး၊ အထွက်နှုန်းပေါ်မူတည်၍ စပါးဈေး အနည်းငယ်ကွာဟမှုရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်လျက်ရှိသော အင်းလယ်၊ ရတနာတိုးစတဲ့စပါးများကတော့ ၄၀၄၈၀၀ ကျပ် ဖြင့် ဆက်လက်ဈေးငြိမ်ပြီး အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ဧည့်မထ(မိုး)သစ် ဆန်တစ်အိတ် အလတ်စ ၁၅၅၀၀ ကျပ် နှင့် (ထိပ်စ) ၁၇၅၀၀ ကျပ်ထိရှိပြီး မန္တလေး၊ ရန်ကုန်သို့ နေ့စဉ် အိတ် ၇၀၀ ကျော် တင်ပို့လျက်ရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

# ပုံမှန်ဆက်သွားနေဦးမည့် မူဆယ်ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးနှုန်းမှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ ဈေးနှုန်းအရ ဆန်သစ်များဖြစ်တဲ့ ဖျာပုံ ပေါ်ဆန်း လတ်စ တစ်အိတ်ကို ၂၈၀၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၂၉၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်း လတ်စ တစ်အိတ် ၂၉၅၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၃၁၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ တစ်အိတ် ၂၆၅၀၀ကျပ်၊ ထိပ်စ ၂၈၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးတက်ခဲ့တာ တွေ့ရပါတယ်။

လဆန်းရက်မို့ လက်လီဆိုင် သမားများ အဝယ်သွက်ခဲ့သလို ထွက်တဲ့ နယ်ဒေသ၊ စားကောင်းမှု အရည်အသွေးပေါ်မူတည်ပြီး ဈေးမြင့်တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ပေါ်ဆန်းချင်းတူသော်လည်း စားသုံးသူ အကြိုက် အရည်အသွေးကောင်း ပေါ်ဆန်းဖြစ်ဖို့ဆိုရင် ဆန်သားအလုံး သေးငယ်ပြီး အကျိုးအကြေနှင့် မျိုးကွဲ မပါဝင်ခြင်း၊ ထမင်းချက်သည့်အခါ ဗိုက်မကွဲဘဲ ထမင်းလုံး သေးသွယ်ရှည် ထွက်မှုကောင်းမွန်ခြင်း၊ စားသုံးသည့်အခါ နူးညံ့ပျော့ပျောင်းပြီး ထမင်းကျန် ပါကလည်း မသိုးခြင်းစတဲ့ ဂုဏ်ပုဒ်များနဲ့ ပြည့်စုံနေပါက လူကြိုက်များပြီး ဈေးကောင်းရနိုင်တယ်လို့ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စ တစ်အိတ်ကို ၁၅၀၀၀ ကျပ်၊ ထိပ်စ ၁၅၈၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်မှ ၃၀၀ ကျပ်အတွင်း ဈေးဆက်ကျခဲ့ပြီး စပါးသစ်၊ ဆန်သစ် လှိုင်လှိုင်ပေါ်နေချိန်မှာ ပြည်ပတင်ပို့ကုမ္ပဏီနဲ့ ကုန်သည်များမှ အင်နဲ့အားနဲ့ ဝယ်ယူနိုင်မှု မရှိဘဲ ဈေးစောင့်ပြီး ခပ်အေးအေးသာ ဝယ်နေ၍ဖြစ်ကြောင်း၊ နွေဆန်ဟောင်းတွေက လက်ကျန်နည်းလာချိန်မှာ လက်လီဆိုင်သမားအဝယ်ကြောင့် ဈေးငြိမ်ပြီး အရောင်းအဝယ် သွက်တယ်လို့သိရပြီး ဝါးတန်းဒိုင်သို့ ဆန်အဝင်နဲ့ အရောင်းအဝယ်မှာ မျှနေပြီး ဈေးမပြတ်တာမရှိဘဲ သူ့ဈေးနဲ့သူ ရောင်းကုန်ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်အပို့ ရှိနေသော်လည်း ကားခဈေးတက်နေလို့မကိုက်ဟုလည်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၃၈၀၀ကျပ်ခန့်ရှိပြီး အေးနေကြောင်း၊ရန်ကုန် FOB သမားက ဝယ်တော့ဝယ်တယ်။ ဈေးသိပ်မကိုက်လို့ ခပ်အေးအေးပဲ ဝယ်နေကြောင်း၊ EMATA MYANMAR 25 % FOB (YANGON) 310-320 USD / MT ဟုဆိုသော်လည်း ကမ္ဘာ့ဆန်ဈေးကျနေလို့ FOB 305-313 USD / MT ခန့်နဲ့ ရောင်းချရမှုမျိုးရှိနေပြီး မိမိတို့ဆန်ကို ဈေးချပြီး လိုက်ရောင်းနေရသော်လည်း ဒေါ်လာဈေးတက်နေလို့ အနည်းငယ်ခံသာကြောင်း သိရပါတယ်။

မူဆယ် ဆန်စပါးကုန်စည်ဒိုင်ရဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ ဈေးနှုန်းအရ ဧည့်မထ ၅ မှတ် မှော်ဘီ တစ်အိတ်ကို ၁၃၉-၁၄၃ ယွမ်၊ စူပါ ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီ ၁၃၅-၁၃၇ ယွမ်၊ စူပါ ၁၃၂-၁၃၅ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၂၉-၁၃၂ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၅-၁၂၇ ယွမ်၊ ဧည့်မထ ၃၅ မှတ် ၁၂၀-၁၂၂ ယွမ်၊ ငစိန် ၁၀ မှတ် ၁၂၈-၁၂၉ ယွမ်၊ ၁၅ မှတ် ၁၂၄-၁၂၆ ယွမ်၊ ၂၅ မှတ်က ၁၂၀-၁၂၃ ယွမ်၊ ကောက်ညင်း ၂၅ မှတ်က ၁၅၇ ယွမ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် ၁ ယွမ်မှ ၃ ယွမ် ကြားဈေးအတက်အကျ အနည်းငယ်ရှိခဲ့ကြောင်း၊ ဇန်နဝါရီ ၂ ရက်နေ့ မူဆယ် ရှိငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၆ ဒသမ ၆၆ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၅၄ ကျပ်ဈေးအနည်းငယ်ကျခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည်များ ပုံမှန်လာပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်နေကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန်ချိန် ၃၀၆၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ကအတိုင်းသာဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခ တစ်တန်ကို ကျပ် တစ်သိန်း ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၉၀၀၀ ကျပ်ခန့် တက်သွားပြီး ရန်ကုန်ဘက်မှ ဖရဲ အတင်မရှိသော်လည်း မန္တလေးဝန်းကျင်မှ ဖရဲများကို ပတ်ဆွဲနေကြလို့ ရန်ကုန်မှာ ကုန်တင်ကားရှားပြီး ကားခ တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာမှာ အဖမ်းအဆီးမရှိလျှင် ပုံမှန် ဆက်သွားနိုင်တယ်လို့ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ တန်ချိန် ၁၁၅၇၂၇၀ ခန့်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၄၂၀ ကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၄၁၀၉၄၀ ခန့်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၃၇ သန်းကျော်ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။

ဆန်ဈေးကွက် ရှေ့အလားအလာမှာ ဆန်ကြမ်းနဲ့ ဆန်ချောပါ ယခုဈေးနှုန်းအဆင့် နားအတိုင်းသာ ဆက်သွားနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်ချက်လျက်ရှိကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၇ | ၄၂၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၈ | ၄၁၅ | ▽ | ၃၈၅ | ၃၈၀ | ▽ | ၃၈၅ | ၃၈၅ | □ | ၃၇၀ | ၃၈၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၉၉ | ၃၆၀ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၀ | ၃၃၅ | △ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၇၅ | ၃၇၅ | □ | ၃၉၅ | ၄၀၅ | △ |

***Source: oryza.com***

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၁၀ | ၅၁၀ | □ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၉၅ | ၄၉၅ | □ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂-၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၄၉၆ | □ | ၁၅၀၀၀ | □ | ၆၄၄၀ | □ | ၃၀၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၅၀၀၀ | □ | ၆၂၂၀ | □ | ၂၈၀၀၀ | □ |
| ပဲခူး | ၃၅၅၀ | □ | ၁၄၀၀၀ | □ | ၅၅၀၀ | □ | ၂၄၀၀၀ | □ |
| ရွှေဘို | - | □ | - | □ | ၈၃၀၀ | □ | ၂၉၅၀၀ | □ |
| စစ်တွေ | ၃၇၀၀ | □ | ၁၄၅၀၀ | □ | ၅၅၀၀ | □ | ၂၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၄၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| မန္တလေး | ၄၄၀၀ | □ | ၁၇၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၄၂၀၀ | □ | ၁၇၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၃၀၀၀ | □ | ၆၄၀၀ | □ | ၂၁၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၂၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၄၂၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၅၀၀၀ | □ | - | - | ၃၃၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# မြန်မာ-တရုတ်နယ်စပ်မှ ဆန်တန်ချိန် ၂၅၀၀ ကျော်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းများက ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁၂ ဒသမ ၅၂၇ သန်းတန်ဖိုးရှိ ဆန် ၃၃၈၄၆ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၁၃၀၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုသီတင်းပတ်မှာ တန်ချိန် ၂၅၄၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၈၀၀၀ တန်နဲ့ ဧည့်မထဆန် ၁၂၈၁၆ တန်၊ လွယ်ဂျယ်စခန်းမှ ဧည့်မထဆန် တန် ၂၅၀၀နဲ့ ချင်းရွှေဟော်စခန်းမှ တန် ၅၃၀ ဖြစ်ပါတယ်။

မူဆယ်နဲ့ လွယ်ဂျယ်စခန်းများမှ ဆန်အပြင်ဆန်ကွဲကိုလည်း တင်ပို့နိုင်ခဲ့သေးပါတယ်။ မူဆယ် (၁၀၅) မိုင်မှ ကန်ဒေါ်လာ ၂ ဒသမ ၅၁၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၇၈၀၇ တန်ကို တင်ပို့နိုင်ခဲ့ပြီး ယခင်သီတင်းပတ်ထက် ၄၂၄ တန် ပိုမိုတင်ပို့ခဲ့သလို လွယ်ဂျယ်စခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၂၈၈ သန်းတန်ဖိုးရှိ ဆန်ကွဲ တန် ၉၀၀ ကို တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် တန် ၈၆၀ ပိုမိုတင်ပို့နိုင်ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၁၂ | ၂/၁ | ပြောင်းလဲမှု | ၂၆/၁၂ | ၂/၁ | ပြောင်းလဲမှု | ၂၆/၁၂ | ၂/၁ | ပြောင်းလဲမှု | ၂၆/၁၂ | ၂/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၀၃ | ၁၄၄၈ | ▲ | ၁၃၈၃ | ၁၃၈၃ | ■ | ၁၃၇၅ | ၁၃၅၀ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | - | ၁၂၉၈ | - | ၁၁၈၃ | ၁၂၃၃ | ▲ | ၁၁၈၅ | ၁၂၄၀ | ▲ | ၁၁၉၅ | ၁၂၁၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၈၀၀ | ၁၈၆၅ | ▲ | ၁၇၇၈ | ၁၈၀၄ | ▲ | - | ၁၈၄၂ | - | ၁၈၄၂ | ၁၈၁၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၈၈၀ | ၈၈၀ | ■ | - | - | - | - | - | - | ၆၈၄ | ၇၄၇ | ▲ |
| ၅ | ပဲလွန်းဖြူ | ၉၅၀ | ၁၀၀၀ | ▲ | ၉၁၇ | ၉၆၇ | ▲ | ၁၀၇၉ | ၁၀၈၉ | ▲ | ၇၁၀ | ၇၁၀ | ■ |
| ၆ | ထောပတ်ပဲ | ၁၄၇၅ | ၁၄၇၅ | ■ | ၁၇၇၈ | ၁၈၆၇ | ▲ | - | ၁၀၅၃ | - | ၁၃၁၆ | - | - |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂-၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွန်ဘိုင်း | | | ဒေလီ | | |
| | | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၂၀ | ၈၆၀ | ▲ | ၇၉၀ | ၉၄၇ | ▲ | ၉၇၇ | ၉၇၉ | ▲ |
| ၂ | ပဲစင်းငုံ | ၇၄၀ | ၇၆၀ | ▲ | ၇၆၀ | ၇၉၈ | ▲ | ၇၉၆ | ၇၉၇ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၁၀၀ | ၁၀၉၀ | ▼ | ၁၂၁၃ | ၁၂၄၇ | ▲ | ၁၂၆၁ | ၁၃၁၁ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၁၆ | ၅၈၄ | ▲ | ၄၈၁ | ၅၆၁ | ▲ |

✳ မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁၊၄၊၁၄) မှ |
| | (၂၀၊၁၂၊၁၄)ထိ | (၂၇၊၁၂၊၁၄)ထိ | (၂၇၊၁၂၊၁၄) ထိ |
| မတ်ပဲ | ၇၆၂၂ | ၉၂၆၇ | ၃၈၆၄၇၉ |
| ပဲတီစိမ်း | ၅၂၃၂ | ၂၈၈၅ | ၉၁၈၅၀ |
| ပဲစင်းငုံ | ၂၂၆၉ | ၇၂၁ | ၁၄၇၂၃၃ |
| ကုလားပဲ | ၇၉ | ၁၃၃ | ၈၃၃၅ |
| ပဲလွန်းဖြူ | ၁၀၀၆ | ၃၁၈ | ၂၅၀၁၆ |
| မြေထောက်ပဲ | ၃၉၇ | - | ၇၁၀၆ |

## ပြည်ဈေးကွက်သို့ ပဲစင်းငုံသစ်များ စတင်ဝင်ရောက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်များစတင်ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်းမြို့နယ်မှ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး၊ ကံမဖက်မှလည်း အဝင်ရှိခဲ့လို့ တစ်ရက်အိတ် ၁၅၀ ကျော် ဝင်ရောက်ခဲ့သလို ပဲအဝယ်အနေဖြင့်လည်း ဒေသတွင်း လှောင်သမားအချို့ ဝယ်ယူခဲ့ကြပါတယ်။ လက်လီသမားလည်း အဝယ်ရှိတယ်လို့ သိရပြီး ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ၂၄၃၀၀ ကျပ်ဖြင့် စတင်ဝယ်ယူ ခဲ့ကြပါတယ်။

ယခင်နှစ်က ဒီဇင်ဘာလကုန်ဈေးမှာ တစ်တင်း ၁၆၅၀၀ ကျပ်သာ ရရှိလို့ ယခုနှစ်ပဲဈေး အခြေအနေကောင်းခဲ့တာကြောင့် ပဲအထွက်နှုန်းပေါ်မူတည်၍ အကျိုးအမြတ် စောင့်ကြည့်ရမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

**စီးပွားရေးလုပ်ငန်းရှင်များသို့**

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

## မုံရွာကုန်စည်ဒိုင် နှစ်ဆန်းပဲဈေးကွက် ဈေးမာအရောင်းသွက်

မုံရွာကုန်စည်ဒိုင်နှစ်သစ်ကူး ပဲဈေးကွက်မှာ ပဲအများစု ဈေးမာလျက် အရောင်းအဝယ်လည်း အနည်းငယ် သွက်လာတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ကုလားပဲမျိုးစုံဈေးကွက်မှာ ပို့ကုန်ဝယ်လက်မရှိပေမယ့် ဒေသတွင်း ကုန်သည်လက်ဝယ်ရှိတဲ့ ပဲလက်ကျန်ထက်၊ ပဲခွဲစက်၊ ကြာဆံစက် ပဲလက်လီဝယ်လိုအား ပိုမိုကောင်းမွန်လာတဲ့အတွက် ယခုတစ်ပတ်မှာလည်း ဈေးဆက်လက်မာခဲ့ရာ ကုလားပဲထိုင်ဝမ် တစ်တင်း ၁၄၅၀၀ ကျပ်၊ V2 တစ်တင်း ၁၅၇၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၁၅၅၀၀ ကျပ်နဲ့ အသီးသီး တက်ဈေးနဲ့ မာနေခဲ့ပါတယ်။ ကုန်ကြမ်းစုဆောင်းဖို့ လုပ်ငန်းသုံးဝယ်လိုအား မြင့်နေတဲ့အတွက် တစ်ရက်ကို ကုလားပဲမျိုးစုံ တင်း ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

ဒေသတွင်း လုပ်ငန်းသုံးဝယ်လက်အပြင် မန္တလေးနဲ့ ရန်ကုန်ဝယ်လက်သာရှိလာတဲ့ စွန်တာနီနဲ့ ပဲနီလုံးကြား ဟာ ယခုတစ်ပတ်မှာ အသီးသီးတက်ဈေးဖြစ်ခဲ့ရာ စွန်တာနီတစ်တင်း အသစ် ၁၆၀၀၀ ကျပ်၊ ပဲနီလုံး ကြား တစ်တင်း အသစ် ၂၀၅၀၀ ကျပ်ထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ပဲနီမျိုးစုံတစ်ရက်အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ် ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ပဲစင်းငုံနီဈေးကွက်မှာလည်း နယ်စုံက ပဲအသစ်တွေ အနည်းငယ် အဝင်စိပ်ခဲ့ပြီး လှောင်လက်ကုန်သည် ဝယ်လိုအားရှိလို့ပြီးခဲ့တဲ့ ရက်ပတ်ကထက် ဈေးအနည်းငယ်တက်ခဲ့ကာ တစ်တင်း ၂၄၈၀၀ ကျပ်ထိ အမြင့်ဆုံးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကြားဒိုင်မှဝင်သမျှ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်အနေနဲ့ စိမ်းကြီးပစ္စည်းအဝင်နည်းကာ တစ်တင်း ၃၅၀၀၀ ကျပ်ဈေးနဲ့ ငြိမ်နေပြီး တစ်ရက်အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပြီး စိမ်းသေးကတော့ တစ်တင်း ၃၅၀၀၀ ကျပ်ထိ အမြင့်ဆုံးတက်ဈေးဖြစ်ခဲ့ကာ တစ်ရက် အိတ် ၁၀၀၀ မှ ၁၅၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

မတ်ပဲဈေးကွက်မှာတော့ ယခုတစ်ပတ်မှာ နယ်အဝင်ပုံမှန်ရှိခဲ့ပြီး အများစုမှာ ကုန်းစိုက်ပဲများဖြစ်ရာ တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၇၀၀၀ ကျပ်ကြား ပေါက်ဈေးငြိမ်နေပြီး တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ပဲလွန်းဈေးကွက်အနေနဲ့ ယခုတစ်ပတ်မှာ လွန်းပြာဈေးမငြိမ်ခဲ့ဘဲ တစ်တင်း ၁၄၀၀၀ ကျပ်-၁၅၀၀၀ ကျပ်ကြား ပေါက်ဈေးဖြစ်ခဲ့ကာ တစ်ရက်အိတ် ၃၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လွန်းဖြူကတော့ ဒေသတွင်းနဲ့ နယ်ဝယ်လိုအားရှိလို့ ယခုတစ်ပတ်မှာ တစ်တင်း ၂၀၇၀၀ ကျပ်ထိ ဈေးမြောက်လာခဲ့ရာ တစ်ရက်အိတ် ၅၀၀ မှ ၇၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယအဝယ်သွက်လို့ ဈေးသိသာစွာမြင့်လာ



ပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယအဝယ်ပြန်သွက်လာတာကြောင့် ယခင်အပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးသိသာစွာ မြင့်တက်ခဲ့ကြောင်း၊ ပဲတီစိမ်းကြီးအနေဖြင့် တရုတ်လိုင်း ပုံမှန်အဆွဲရှိတာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလိုအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲအုပ်စုအနေဖြင့် လအတန်ကြာ အရောင်းရော အဝယ်ပါအေးနေရာက ဒီတစ်ပတ်မှာ ပို့ကုန်ဝယ်လက်ရော၊ ပဲခွဲစက်တွေပါ အဝယ်စုံလို့ ဈေးကောင်းရခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

မတ်ပဲအနေဖြင့် ပစ္စည်းလက်ကျန်နည်းပေမယ့် ဒီတစ်ပတ်မှာ ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ သွက်လာတာကြောင့် ဈေးသိသာစွာ မြင့်လာခဲ့ပြီး တစ်တန်ကို အနိမ့်ဆုံး ၈၈၀၀၀၀ ကျပ်မှ အမြင့်ဆုံး ၈၉၀၀၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

နယ်ဈေးကွက်ဖြစ်တဲ့ ပြည်ဈေးကွက်မှာ အဝင်မရှိသလောက် ဖြစ်သွားပြီး လက်ကျန်ပဲတွေကို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဟသ်ာတဈေးကွက်မှာတော့ မတ်ပဲပစ္စည်းလက်ကျန်ပြတ်သွားပြီး မတ်ပဲ(သစ်) တွေကတော့ ဇန်နဝါရီလ ဒုတိယပတ်မှာ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ပွဲရုံရပ်ကွက်ကဆိုပါတယ်။ ငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်ပြတ်သလောက် ဖြစ်နေပြီး နယ်ဈေးကွက်ဖြစ်တဲ့ မန္တလေး၊ မုံရွာ၊ မကွေးနှင့် ပခုက္ကူဘက်မှာ ပဲစင်းငုံနီ (သစ်) တွေ စတင်ဝင်ရောက်နေကြောင်း အထွက်နှုန်းလည်း ပုံမှန်ရှိနေကြောင်း သိရပါတယ်။ နယ်ဈေးကွက်တွေမှာ ပဲစင်းငုံနီ (Raw) တစ်ပိဿာကို ၁၂၁၀ ကျပ် (တစ်တန် ၇၄၀၉၉၀ ကျပ်) ဈေးဖြင့် အရောင်းရှိသလို ပို့ကုန်အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဈေးကောင်းပေးအဝယ် ရှိတာကြောင့် ဈေးကွက်မှာ လှုပ်လှုပ်ရှားရှားဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲစင်းငုံနီ (RC)ကို အိန္ဒိယအဆွဲပြန်လိုက်လာလို့ တစ်တန်ကို ၇၉၅၀၀၀ ကျပ်ဈေးအထိ ဈေးကောင်းရရှိခဲ့တယ်လို့ ဘုရင့်နောင်အခြေစိုက် ပဲကုန်သည်တစ်ဦးက ဆိုပါတယ်။

ပဲတီစိမ်းကြီးအနေဖြင့် မန္တလေးဈေးကွက်မှာ တရုတ်ဘက်ခြမ်း တင်ပို့မယ့် ကုန်သည်တွေက ပဲရဲ့ အရည်အသွေးပေါ်မူတည်ပြီး (ထိပ်စ) ပဲတွေကို တစ်ပိဿာ ၁၉၂၀ ကျပ် (တစ်တန် ၁၁၇၅၇၈၀ ကျပ်)ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ ပြည်ဈေးကွက်မှာ ပဲတီစိမ်း (သစ်) တွေ နယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို မန္တလေးတင်ပို့မယ့် ဝယ်လက်တွေကလည်း တစ်ပိဿာ ၁၈၂၅ ကျပ် (တစ်တန်ကို ၁၁၁၇၆၁၀ ကျပ်)ဈေးဖြင့် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

မုံရွာဈေးကွက်မှာ ပဲတီစိမ်း (သစ်) တွေ နယ်အဝင် ပုံမှန်ရှိပြီး တစ်ပိဿာကို ၁၇၅၀ ကျပ် (တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိသလို မန္တလေးဝယ်လက်ကလည်း ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

ပဲမျိုးစုံကို ခြုံငုံသုံးသပ်ပါက ဒီတစ်ပတ်မှာ မတ်ပဲနှင့် ပဲစင်းငုံနီက အိန္ဒိယဝယ်လိုအားများလို့ ဈေးသိသာစွာ မြင့်တက်ခဲ့သလို ပဲတီစိမ်းအနေဖြင့် တရုတ်လိုင်း ပုံမှန်အဆွဲရှိတာကြောင့် တောင်သူရော ကုန်သည်ပါ အကျိုးအမြတ် ထိုက်သင့်စွာရခဲ့ကြောင်း သိရပါတယ်။

**ခင်မောင်မောင်အုန်း**

# ပြည်ပဲမျိုးစုံဈေးကွက်ရဲ့နှစ်အလိုက်ဖြစ်ပေါ်တဲ့ ပဲဈေးနှုန်းများ အခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများရဲ့ ပဲဈေးနှုန်းအခြေအနေ များကို လေ့လာရာမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းဈေးနှုန်းများကတော့ ယခင်နှစ်များကထက် ဈေးမြင့်တက်လာ တာကိုတွေ့ရပြီး ကုလားပဲနှင့်ပဲကြီးသီးနှံများမှာ ယခင်နှစ်များထက် ဈေးလျော့နည်းကျဆင်းသွားခဲ့ပါတယ်။ ပဲပုပ်သီးနှံကတော့ ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နေခဲ့ပြီး၊ ယခုနှစ် အဖွင့်ဈေးအစမှာတော့ ဈေးအနည်းငယ် လျော့နည်းကျဆင်းသွားခဲ့တာကို အောက်ပါဇယားအတိုင်း တွေ့ရှိရပါတယ် -

| ပဲအမျိုးအစား | ၂၀၁၂ ဒီဇင်ဘာ | | ၂၀၁၃ ဒီဇင်ဘာ | | ၂၀၁၄ ဒီဇင်ဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၈၂၀၀ | ၁၈၅၀၀ | ၂၇၀၀၀ | ၂၈၀၀၀ |
| ပဲတီစိမ်း | ၂၀၈၀၀ | ၂၁၅၀၀ | ၃၀၀၀၀ | ၃၀၃၀၀ | ၃၃၅၀၀ | ၃၆၅၀၀ |
| ကုလားပဲ | ၁၈၅၀၀ | ၁၈၆၀၀ | ၁၅၃၀၀ | ၁၅၇၀၀ | ၁၃၀၀၀ | ၁၅၀၀၀ |
| ပဲစင်းငုံ | ၁၅၅၀၀ | ၁၆၂၀၀ | ၁၆၉၀၀ | ၁၇၀၀၀ | ၂၂၃၀၀ | ၂၄၅၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၃၁၅၀၀ | ၃၆၀၀၀ | ၄၀၀၀၀ | ၄၁၀၀၀ | ၂၂၀၀၀ | ၂၂၅၀၀ |
| ပဲကြီး(ကမ်းနား) | ၃၀၅၀၀ | ၃၃၀၀၀ | ၃၈၀၀၀ | ၄၀၀၀၀ | ၁၇၅၀၀ | ၁၉၀၀၀ |
| ပဲပုပ် | ၂၂၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၁၀၀၀ |

မတ်ပဲသီးနှံမှာ ဒီဇင်ဘာလအတွင်း ပဲဟောင်းလက်ကျန်များလည်း ပြတ်သလောက်ဖြစ်ပြီး၊ ပဲအဝင်လည်း မရှိခဲ့လို့ အရောင်းအဝယ်ဖြစ်မှုမှာ နေ့စဉ်မဖြစ်တော့ဘဲ ရန်ကုန်ဝယ်လက်များမှ အဝယ်ရှိပေမယ့် ဝယ်သည့်ရက်တွင် အိတ် ၂၀၀ ကျော်သာ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းများမှာ ၂၀၁၂ ဒီဇင်ဘာလမှာ တစ်တင်း ၁၅၀၀၀ ကျပ်အောက်သာရရှိပြီး၊ ၂၀၁၃ ဒီဇင်ဘာတွင် တစ်တင်း ၁၈၀၀၀ ကျပ်အထက်ရရှိလို့ ယခင်နှစ်ထက်ဈေးပိုလာကာ ယခု ၂၀၁၄ ခုနှစ်မှာတော့ တစ်တင်း ၂၇၀၀၀ ကျပ် အထက်ရလျက်ရှိကာ မတ်ပဲဈေးနှုန်းများမှာ ယခင်နှစ်ဈေးများထက် တစ်နှစ်ထက်တစ်နှစ် ဈေးပိုလာခဲ့တာကိုတွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ နှစ်စဉ်ဈေးကောင်းရလျက်ရှိတဲ့ပဲဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ၂၀၁၂ ခုနှစ်အတွင်း တစ်တင်း ကျပ် ၂ သောင်းထက် ရရှိနေသလို ၂၀၁၃ ဒီဇင်ဘာမှာ တစ်တင်း ၃ သောင်းကျပ်နဲ့အထက် ဈေးပိုလာခဲ့ပါတယ်။ ယခု ၂၀၁၄ ဒီဇင်ဘာမှာ တစ်တင်း ၃၃၅၀၀ ကျပ်မှ အမြင့်ဈေးတစ်တင်း ၃၆၅၀၀ ကျပ်ထိ ဈေးကောင်းရနေခဲ့တဲ့ပဲဖြစ်ကာ မန္တလေးဝယ်လိုအားလည်း များတဲ့ပဲဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံဈေးကတော့ အခြားပဲများလိုမဟုတ်ဘဲ တစ်နှစ်ပြီးတစ်နှစ် ဈေးလျော့နည်းခဲ့တဲ့ပဲဖြစ်ပါတယ်။ ၂၀၁၂ မှာ တစ်တင်း ၁၈၅၀၀ ကျပ်၊ ၂၀၁၃ မှာ တစ်တင်း ၁၅၇၀၀ ကျပ်သို့ ဈေးလျော့နည်းကျဆင်းခဲ့ပြီး၊ ယခု ၂၀၁၄ မှာတော့ တစ်တင်း ၁၃၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်သာ ဈေးမြင့်ခဲ့လို့ ယခင်နှစ်များထက် ဈေးသိသိသာသာ ကျဆင်းခဲ့တဲ့ပဲဖြစ်ကာ အရောင်းအဝယ်ဖြစ်မှုကလည်း အခြားတိုင်းသို့ တင်ပို့ခြင်းမရှိခဲ့သလို ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်လို့ ပဲဈေးကွက်ကလည်း ဝယ်လိုအားပေါ်မှုတည်တာကြောင့် ဈေးအေးတဲ့ပဲ ဖြစ်ခဲ့တယ်လို့သိရ ပါတယ်။

ပဲစင်းငုံသီးနှံမှာ ဒီဇင်ဘာလအတွင်း နှစ်အလိုက်ပဲဈေးနှုန်းများကိုလေ့လာရာမှာ ယခုလအတွင်းမှာ ပဲလက်ကျန်များသာ ရောင်းချနိုင်ပြီး ပဲသစ်လည်း ဝင်ရောက်မှုမရှိသေးလို့ ရန်ကုန်ဝယ်လက်များနဲ့ ဒေသတွင်း လက်လီသမားများသာ ဝယ်ယူမှုရှိခဲ့ပါတယ်။ ဒါကြောင့် ပဲဈေးနှုန်းမှာလည်း ယခု ၂၀၁၄ ဒီဇင်ဘာလအတွင်း တစ်တင်း ၂၂၃၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်ထိ ဈေးရခဲ့ပြီး ယခင်နှစ်များထက် တစ်နှစ်ထက်တစ်နှစ် ဈေးပိုရရှိတဲ့ ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံများကတော့ ယခု ၂၀၁၄ ခုနှစ်အတွင်း ဈေးကောင်းမရတဲ့ ပဲတစ်မျိုးဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ဒီဇင်ဘာလမှာ ရွှေကျွန်းတစ်တင်း ၃၁၅၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ထိ ဈေးကွက်အတွင်း ဈေးကောင်းရနေသလို ၂၀၁၃ မှာတော့ တစ်တင်း ၄ သောင်းကျပ်အထက်ထိ ဈေးသိသိသာသာပိုရခဲ့ပါတယ်။ (ကမ်းနား) ပဲရော (ရွှေကျွန်း) ပဲပါ ဈေးကောင်းရလျှက်ရှိခဲ့ရာမှာ ယခု ၂၀၁၄ မှာတော့ တစ်နှစ်လုံး ယခင်နှစ်ဈေးရဲ့ ထက်ဝက်သာသာရရှိခဲ့လို့ ပဲစိုက်တောင်သူများ အရှုံးမပေါ်သော်လည်း အကျိုးအမြတ်နည်းခဲ့တယ်လို့သိရပါတယ်။

ပဲပုပ်သီးနှံကတော့ ၂၀၁၂ ခုနှစ်မှ ယခု ၂၀၁၄ အထိ ၂ သောင်းဝန်းကျင်ဈေးရခဲ့ပြီး ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သလို ရန်ကုန်ဝယ်လက်သမားနဲ့ ဒေသတွင်းဝယ်ယူမှုသာရှိခဲ့ပါတယ်။ ယခု ၂၀၁၄ မှာတော့ ဒီဇင်ဘာလအတွင်း ပဲသစ်များဝင်ရောက်လို့ အဖွင့်ဈေးတစ်တင်း ၁၈၀၀၀ ကျပ်သာရရှိခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ပဲမျိုးစုံအားလုံးရဲ့ ဈေးနှုန်းအခြေအနေများအရ နှစ်စဉ်ဖြစ်ပေါ်ခဲ့သော ပဲဈေးများမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံသာ ယခင်နှစ်ထက် ပိုရခဲ့ကြောင်းသိရှိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ဘိုကိတ်ပဲသစ်များ ဆက်တိုက်ဝင်ရောက်ခဲ့ပြီး ဈေးငြိမ်လျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသစ်အချို့ စတင်ဝင်ရောက်လျက်ရှိရာ ဘိုကိတ်ပဲသီးနှံမှာလည်း ပဲသစ်များ ဆက်တိုက်ဝင်ရောက်လာပါတယ်။ ပန်းတောင်း၊ ကံမမြို့နယ်များမှ ဝင်ရောက်ခဲ့သလို ဒေသတွင်း လက်လီသမားများမှလည်း နေ့စဉ်ဝယ်ယူနေတဲ့အတွက် တစ်ရက်အိတ် ၅၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ၁၄၂၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေခဲ့ ကြောင်းသိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# ထိုင်းဆန်စပါးကဏ္ဍအတွက် ရေရှည်ဖွံ့ဖြိုးမှုအစီအစဉ်က အရေးကြီး

ထိုင်းနိုင်ငံ ယခင်အစိုးရရဲ့ ကြားဖြတ်အစီအစဉ်က တောင်သူတွေကို ချွေးသိပ်ခဲ့တဲ့ကာလတို အစီအမံအဖြစ် သက်သေပြခဲ့ပြီး ဆန်စပါးကဏ္ဍရဲ့ တိုးတက်နေတဲ့ ယှဉ်ပြိုင်နိုင်စွမ်းနဲ့ပတ်သက်လို့ ရေရှည်ဖွံ့ဖြိုးမှု ထိန်းထားတဲ့အစီအမံများအပေါ်တော့ အလေး ထားမှုမရှိခဲ့ဘူးလို့ ထိုင်းကုန်သည်များအသင်းရဲ့ နိုင်ငံတကာကုန်သွယ်မှုလေ့လာရေးစင်တာ တက္ကသိုလ် (ITSC-UTCC) နဲ့ ထိုင်းဖွံ့ဖြိုးမှု သုတေသနတက္ကသိုလ် (TDRI)တို့မှ ကျွမ်းကျင်သူများက ပြောကြားခဲ့ပါတယ်။ ပြည်တွင်းသတင်းများအရ ထုတ်လုပ်မှုစရိတ်နဲ့ ထောက်ပံ့ပို့ဆောင်မှုစရိတ်လျော့ကျပြီး ဆန်အရည်အသွေး ကောင်းထုတ်လုပ်မှုမှာ အလေးထားနိုင်ရေးအတွက် ထိုင်းလယ်သမားတွေကို အားပေးဖို့ ရေရှည်ဖွံ့ဖြိုးတဲ့ အစီအမံများ လိုအပ်နေပြီလို့ ITSC-UTCC မှ ဒါရိုက်တာက ပြောကြားခဲ့တယ်လို့ Oryza.com မှာ ဖော်ပြထားပါတယ်။

ဒီကဏ္ဍအတွက် အားလုံးအကျိုး ရှိစေဖို့ ဆန်ရောင်းချထားမှုကွင်းဆက် တစ်ခုလုံးဖွံ့ဖြိုးလာအောင် အစိုးရအနေနဲ့ ဆောင်ရွက်ပေးသင့်တယ်လို့လည်း ဖော်ပြထားပါတယ်။ ITSC-UTCC ရဲ့ အစီရင်ခံစာအရ ထိုင်းနိုင်ငံရဲ့ ဆန်ထုတ်လုပ်နိုင်စွမ်းနဲ့အတူ တောင်သူတွေရရှိတဲ့ အကျိုးအမြတ်များဟာ ဗီယက် နမ်နဲ့ မြန်မာနိုင်ငံလို အာဆီယံဆန်ထုတ်လုပ်သူတွေကြားမှာ အနိမ့်ဆုံးဖြစ်နေတယ်လို့လည်း ဖော်ပြထားကြောင်း သိရပါတယ်။

ယခင်အစိုးရက စတင်ဆောင်ရွက်ခဲ့တဲ့ ဆန်စပါး အပေါင်ခံအစီအစဉ်ဟာ ထိုင်းဘတ် ၅၀၀ ဘီလီယံ(ကန်ဒေါ်လာ ၁၅ ဒသမ ၆ ဘီလီယံ) အထိ ကုန်ကျခဲ့ပေမယ့် ရေရှည်မှာ တောင်သူတွေကို အကူအညီမဖြစ်စေခဲ့ဘူးလို့ TDRI ဥက္ကဋ္ဌက ထပ်လောင်းပြော ကြားခဲ့တယ်လို့ သိရပါတယ်။

အစိုးရအနေနဲ့ ထောက်ပံ့မှု သို့မဟုတ် ငွေကြေးများပံ့ပိုးခြင်းထက် ရေရှည်နည်းလမ်းတစ်ခုခုနဲ့ တောင်သူများတိုးတက်လာစေဖို့ အကူအညီပေးရမယ်လို့ ကျွမ်းကျင်သူများက ထုတ်ဖော်ပြောကြားတယ်လို့ သိရပါတယ်။ ၎င်းတို့အနေနဲ့ စစ်အစိုးရရဲ့ ဆန်စပါးမဟာဗျူဟာဖြစ်တဲ့ ထုတ်လုပ်မှုတိုးမြှင့်ခြင်းနဲ့ အတူ ထိုင်းဆန်အရည်အသွေးကောင်းစေဖို့ ထိန်းသိမ်းခြင်းဖြင့် ဈေးကွက်ရှာဖွေခြင်းကို အားပေးခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီဗျူဟာကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မလားဆိုတဲ့ သံသယရှိကြောင်းကိုတော့ ဖော်ပြခဲ့တယ်လို့ သိရပါတယ်။

ထိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းရဲ့ ယခင်ဥက္ကဋ္ဌက အစိုးရ၊ ပညာရှင်၊ တောင်သူများနဲ့ ကုန်သည်များအနေနဲ့ ဆန်လုပ်ငန်းဖွံ့ဖြိုးဖို့ နီးနီးကပ်ကပ် ဆောင်ရွက်သင့်တယ်လို့ အကြံပြုခဲ့ကြောင်းလည်း သိရပါတယ်။ ကမ္ဘာ့ဆန်ဈေးကွက်မှာ ထိုင်းဆန်ယှဉ်ပြိုင် နိုင်စွမ်းနဲ့ အထွက်နှုန်းတိုးစေဖို့ ဆန်စပါးသုတေသနလုပ်ငန်းမှာ နှစ်စဉ် ထိုင်းဘတ် ၂၀ ဘီလီယံ (ကန်ဒေါ်လာ ၆၀၆ သန်းဝန်းကျင်)ခန့် ရင်းနှီးမြှုပ်နှံဖို့ လိုအပ်တယ်လို့လည်း ၎င်းကပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဆန်စပါးစိုက်ပျိုးမှုမှာ လိုအပ်တဲ့ ဆည်ရေသောက်မြေများကိုလည်း တိုးချဲ့သင့်တယ်လို့ ဆိုပါတယ်။

ထိုင်းဆန်စပါးတောင်သူလယ်သမားများအသင်းရဲ့ လက်ရှိဥက္ကဋ္ဌကလည်း ရေတိုလုပ်ဆောင်မယ့် အစီအစဉ်များထက် ရေရှည်ဖွံ့ဖြိုးမှုအစီအစဉ်များကိုသာ လုပ်ဆောင်ရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားပါတယ်။ ITSC-UTCC ရဲ့ စာရင်းအရ ထိုင်း၊ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတို့ရဲ့ ထုတ်လုပ်မှုစရိတ်နဲ့ အကျိုးအမြတ်တို့ကို နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်-

| ၂၀၁၄-၁၅ သီးနှံရာသီ | အထွက်နှုန်း (တန်/ဟက်တာ) | ထုတ်လုပ်မှုစရိတ် (ဒေါ်လာ/ဟက်တာ) | ဝင်ငွေ (ဒေါ်လာ/ဟက်တာ) | အမြတ် (ဒေါ်လာ/ဟက်တာ) |
|---|---|---|---|---|
| ထိုင်း | ၂.၈၆ | ၂၀၂၅ | ၂၁၂၀ | ၉၅ |
| ဗီယက်နမ် | ၅.၆၂ | ၇၇၁ | ၁၃၇၄ | ၆၀၃ |
| မြန်မာ | ၂.၅ | ၁၃၅၀ | ၂၀၁၀ | ၆၆၀ |

လမင်း၊ Oryza.com

## နနွင်း

### အဝယ်ရှိလို့ အရောင်းအဝယ်ဖြစ်တဲ့ ဟိုပုံးနနွင်းဈေးကွက်

ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာ နနွင်းအရောင်းအဝယ် နည်းနည်းဖြစ်သွားတယ်လို့ သိရပါတယ်။ တောင်ကုတ်ဘက်က အဆွဲရှိလို့ နနွင်းပိဿာချိန် တစ်သိန်းလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းဈေးကတော့ တစ်ပိဿာ ၁၀၀၀ ကျပ်ဈေးရှိပြီး ပစ္စည်းအသစ်ကတော့ အဝင်မရှိသေးဘူးလို့ သိရပါတယ်။ ဝယ်လက်တွေကလည်း အောင်ပန်းနနွင်းထက် ဟိုပုံးနနွင်းကို ပိုကြိုက်တယ်လို့ ဆိုပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းအရောင်းအဝယ်က အတော်လေး အေးနေပါတယ်။ နနွင်းအသစ် မရှိသေးဘဲ အဟောင်းတွေသာရှိပြီး ပြည်တွင်းအရောင်းသာရှိနေပါတယ်။ တစ်ပတ်ကို ၄၊ ၅ အိတ်လောက်သာ အဝင်ရှိပြီး ဈေးပတ်သမားလောက်သာ အရောင်းဖြစ်နေပါတယ်။ ဈေးကတော့ တောင်ပို့လနနွင်း ၆၀၀ ကျပ်-၇၀၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နနွင်းက တစ်ပိဿာ ၁၅၀၀ ကျပ် ဈေးရှိတယ်လို့ ပွဲရုံတွေက သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

### မူဆယ်နယ်စပ်စခန်းက နနွင်းတက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၂၀ ရက်ကနေ ၂၆ရက်အထိ ကန်ဒေါ်လာ ၂၅၆၁၈ တန်ဖိုးရှိ နနွင်းတက် ၄၅ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၇၇ တန်ခွဲ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ ၃၂ တန်လျော့နည်းသွားခဲ့ပေမယ့် မူဆယ်နယ်စပ်စခန်းအနေနဲ့ နနွင်းတက် တင်ပို့မှု ပုံမှန်ရှိတယ်လို့ ဆိုရပါမယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၅၅၀၀ တန်ဖိုးရှိ နနွင်းတက် ၅ တန် တင်ပို့ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဘက်မှာ နနွင်းစိုက်ပျိုးမှု အောင်မြင်နေလို့ တမူးနယ်စပ်ကနေ နနွင်းတင်ပို့မှုတွေယခင်ကရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ တရုတ်ဝယ်လက်ကသာ ဝယ်ယူမှုရှိကြောင်း၊ မြဝတီနယ်စပ်နဲ့ စစ်တွေနယ်စပ်များမှ တစ်ခါတစ်ရံသာ ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### ရှီမင်နဲ့ ဂျပန်နိုင်ငံကို နနွင်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဒီဇင်ဘာ ၂၁ ရက် မှ ၂၇ ရက်အတွင်း နနွင်း ၃၀ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ် ပတ်မှာ ကန်ဒေါ်လာ ကိုးထောင်ကျော်တန်ဖိုးရှိ နနွင်း ၁၅ ဒသမ ၉၉၅ တန်ကို ရှီမင်နိုင်ငံသို့လည်းကောင်း၊ ကန်ဒေါ်လာ တစ်သောင်းခြောက်ထောင်တန်ဖိုးရှိ နနွင်း ၁၅ တန်ကို ဂျပန်နိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်မှာ တန်ချိန် နှစ်ဆယ်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ရှစ်တန်ကျော်အပို့သာခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ နှစ်သောင်းခွဲကျော် ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

| ၂၉-၁၂-၂၀၁၄ မှ ၂-၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 159 | 11,565,587.620 |
| 2 | Form D | 35 | 1,551,762.210 |
| 3 | Form E | 64 | 1,621,428.718 |
| 4 | Korea GSP | 5 | 685,602.000 |
| 5 | Form AK | 34 | 2,637,872.672 |
| 6 | Form AJ | 4 | 160,229.650 |
| 7 | Form AI | 18 | 516,203.310 |
| 8 | DFTP | - | - |
| Grand Total | | 319 | 18,738,686.180 |

## ကြက်သွန်နီ

### စခန်းစုံမှ ကြက်သွန်နီတင်ပို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ ရက်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၄၀၀ တန်ဖိုးရှိကြက်သွန်နီ ၃၆ တန်၊ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၆၁၉၈၃ တန်ဖိုးရှိကြက်သွန်နီ ၃၄၄ တန်ခွဲနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေစခန်းမှ ကန်ဒေါ်လာ ၁၀၆၅ တန်ဖိုးရှိကြက်သွန်နီ ၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၄၂ တန်နဲ့ မြဝတီမှ ၄၂၆ တန်ခွဲ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှာစိုက်တဲ့ ကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်ချိန်မှာ ဈေးကျဆင်းနေလို့ တောင်သူတွေအရှုံးပေါ်နေတယ်လို့ သိရပါတယ်။ “မြန်မာနိုင်ငံမှာစိုက်ပျိုးတဲ့ ကြက်သွန်နီကို အိမ်နီးချင်းနိုင်ငံ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့အတွက် ကြက်သွန်နီ စိုက်တဲ့ တောင်သူတွေကို မျိုးကောင်းမျိုးသန့်နဲ့ စိုက်ပျိုးရေး နည်းပညာများလည်း ပံ့ပိုးပေးရန် လိုအပ်ပါတယ်။ ဒါမှသာ ကောင်းမွန်ပြီး အရည်အသွေးကောင်းတဲ့ ကြက်သွန်နီတွေထွက်ရှိပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ဈေးကွက်ယှဉ်ပြိုင်နိုင်ကာ တောင်သူတွေလည်း အကျိုးအမြတ်ရရှိပါလိမ့်မည်”လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကြက်သွန်နီပွဲစားတစ်ဦးက ပြောပါတယ်။

**မော်မော်အောင် MIRT (DCCA)**



### ရောင်းလိုအားမြင့်တက်လာတဲ့အတွက် အိန္ဒိယကြက်သွန်နီဈေးနှုန်း ကျဆင်း

ရောင်းလိုအားမြင့်တက်မှုနဲ့ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် အိန္ဒိယနိုင်ငံရဲ့အကြီးဆုံးကြက်သွန်နီဈေးကွက်ဖြစ်တဲ့ လာဆာဂုန်လယ်ယာထွက်ကုန်ဈေးကွက်ကော်မတီ (APMC) မှာ ဒီဇင်ဘာ ၂၉ ရက်မှာ ပျမ်းမျှလက်ကားဈေး ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြထားပါတယ်။

APMC မှာကြက်သွန်နီပျမ်းမျှ လက်ကားဈေးက ဒီဇင်ဘာ ၂၆ ရက်က တစ်ကွမ်တယ်ကို ၁၂၅၁ ရူပီးနဲ့ ၁၄၇၅ ရူပီးကြား ရှိနေရာမှ ဒီဇင်ဘာ ၂၉ ရက် နေ့မှာ တစ်ကွမ်တယ်ကို ၁၂၅၁ ရူပီးမှ ၁၄၂၅ ရူပီးကြားရှိခဲ့ပါတယ်။ ဒီဇင်ဘာ ၂၉ ရက်မှာ ဈေးကွက်ထဲကိုဝင်လာတဲ့ကြက်သွန်နီပမာဏက ကွမ်တယ် ၂၆၀၀၀ ရှိပါတယ်။

“ထုံးစံအားဖြင့် စက်တင်ဘာလလယ်လောက်မှာ ဈေးကွက်ထဲကို ရောက်တတ်တဲ့ မိုးစိုက်ကြက်သွန်က မုတ်သုံအဝင်နောက်ကျတဲ့အတွက် ဒီနှစ်မှာ နှစ်လ အဝင်နောက်ကျခဲ့ပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်က အဝင်မြင့်တက်လာတဲ့အတွက် လက်ကားပျမ်းမျှရောင်း ဈေးကျဆင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့သတင်းပတ်က ပျမ်းမျှလက်ကားဈေးက တစ်ကွမ်တယ်ကို ၂၆၅ ရူပီးကျဆင်းပါတယ်။ ဒီဇင်ဘာ ၂၂ ရက်က တစ်ကွမ်တယ်ကို ၁၆၉၀ ရူပီးရှိခဲ့တဲ့ဈေးနှုန်းက ဒီဇင်ဘာ ၂၉ ရက်မှာ တစ်ကွမ်တယ်ကို ၁၄၂၅ ရူပီးအထိကျဆင်းခဲ့ပါတယ်။ ပစ္စည်းအဝင်ကလည်း တစ်ရက်ကို ကွမ်တယ် နှစ်သောင်းကနေ ၂၆၀၀၀ အထိမြင့် တက်လာပါတယ်” လို့ လာဆာဂုန် AMPC မှ အရာရှိတစ်ဦးက ပြောပါ တယ်။

မတ်လနဲ့ ဧပြီမှာရိတ်သိမ်းတဲ့ နွေစိုက် ကြက်သွန်နီကဆိုင်ပေါ်မှာ ခြောက်လခုနစ်လလောက်တင်ပြီး အရောင်းခံပါတယ်။ ဒီပစ္စည်း ရောင်းလိုအားက စက်တင်ဘာတစ်နည်းအားဖြင့် မိုးစိုက်ကြက်သွန်နီအသစ်ဝင်လာချိန်ထိ ရှိနေပါတယ်။ မိုးစိုက်ကြက်သွန်နီက တစ်လလောက်ပဲ အထားခံပြီး ပုပ်တတ်ပါ တယ်။ ဒါကြောင့် တောင်သူတွေက ဒီကြက်သွန်ကိုလှောင်မထားဘဲ ဈေးကွက်ပေါက်ဈေးနဲ့ ထုတ်ရောင်းပါတယ်။

## နနွင်း

### အဝင်နည်းပေမယ့် ပြည်ချင်းဈေးကွက် ဈေးပုံမှန်ရှိ

ပြည်ချင်းဈေးကွက်တွင် အောင်ပန်းချင်းများ ယခုတစ်ပတ် ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့်သာ ဝင်ရောက်၍ အဝင်တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့် ပုမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။

ပြည်ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်ဘက်မှ ပုံမှန်အဆွဲရှိနေလို့ တစ်နေ့ကို ပိဿာချိန် ၅၀၀ ခန့်တင်ပို့မှုရှိပြီး၊ ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ချင်း(ရှယ်) ၁၃၀၀ ကျပ်၊ (ဂွန်) ၁၁၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ပြည်တွင်း အရောင်းအဝယ်သာဖြစ်တဲ့ အောင်ပန်းချင်းဈေးကွက်

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုတွေအဝင်နည်းတယ်ဆိုပေမယ့် နည်းနည်းစီနဲ့ ပုံမှန်အဝင်တော့ ရှိနေပါတယ်။ ပြည်ပဝယ်လက် မရှိသေးဘဲ ပြည်တွင်းဝယ်လက်သာရှိလို့ ဈေးအေးနေပြီး ပြည်တွင်းအရောင်းအဝယ်သာ ဖြစ်နေပါတယ်။ တစ်ပတ်ကို ပိဿာချိန် ငါးထောင်၊ ခြောက်ထောင်ခန့် အဝင်ရှိပြီး တစ်စိမ့်စိမ့်နဲ့ ပြည်တွင်းဈေးပတ်သမား အဝယ်တော့ ရှိနေပါတယ်။

ချင်းဈေးက ငြိမ်နေပြီး မြေနီချင်း တစ်ပိဿာ ၈၅၀ ကျပ်၊ မြေဝါ ချင်း ၇၀၀ ကျပ်-၇၅၀ ကျပ်နဲ့ ပယ်ချင်း ညှံ့စတွေက တစ်ပိဿာ ၃၀၀ ကျပ်-၄၀၀ ကျပ်ဈေးရှိနေပါတယ်။

ဟိုပုံးချင်းကတော့ အောင်ပန်းချင်းတွေထက် ဖော်တာ နောက်ကျပါတယ်။ ပြည်ပဝယ်လက်လည်းမရှိ ဈေးလည်းအေးနေတာကြောင့် ခြံရှင်တွေက ချင်းတွေမဖော်ကြသေးဘဲ တစ်လပိုင်းကုန်လောက်မှ စဖော်ကြမယ်လို့ သိရပါတယ်။

**စောယုထွေး-တောင်ကြီး**



# မြန်မာ့စာရင်းအင်းများ မှန်ကန်ကောင်းမွန်ရေးဆီသို့

သိန်းမြင့်ဝေ

**စာရင်းအင်းများ၏ အရေးပါပုံ**

စာရင်းအင်းများ (Statistics) သည် အရေးကြီးသော စီမံအုပ်ချုပ်မှုကိရိယာတစ်ခု (Essential governance tool) ဖြစ်ပါသည်။ စီးပွားရေးနှင့် လူမှုရေးပေါ်လစီများ၊ မဟာဗျူဟာများနှင့် ပြုပြင်ပြောင်းလဲရေး အစီအမံများ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းများအတွက် စာရင်းအင်း အချက်အလက်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အစိုးရသည် မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ် တိုးတက်ကောင်းမွန်ရေးကို စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် ဦးတည်ချက်တစ်ရပ်အဖြစ် ထည့်သွင်းထားသည်။ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးနှင့်ပတ်သက်ပြီး မကြာမီကပြုလုပ်ခဲ့သည့် အမျိုးသားသန်းခေါင်စာရင်း(National Cemsus) ကို အကျိုးရှိစွာ အသုံးချရပါမည်။

နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့်ပတ်သက်သော စိတ်ချရသည့် စာရင်းအင်းကိန်းဂဏန်းနှင့် သတင်းအချက်အလက်များသည် ခေတ်မီဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အလွန်အရေးကြီးသည်။

**မြန်မာနိုင်ငံ၏ အဓိကစာရင်းအင်း အဖွဲ့အစည်း**

မြန်မာနိုင်ငံ၏ အဓိကကျသော စာရင်းအင်းအဖွဲ့အစည်းတစ်ခုမှာ ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization-CSO) ဖြစ်သည်။ CSO ကို ၁၉၅၂ ခုနှစ် ဗဟိုစာရင်းအင်းကြီးကြပ်ရေးဥပဒေအရ ဖွဲ့စည်းခဲ့သည်။ CSO ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်ငါးမျိုးရှိသည်။ ပထမရည်ရွယ်ချက်မှာ ပြည့်စုံကောင်းမွန်မှန်ကန်သည့် စာရင်းအင်းစနစ် ဆောက်တည်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ လူမှုရေးနှင့် စီးပွားရေးပေါ်လစီများ ရေးဆွဲရန်အတွက်လည်းကောင်း၊ ထိရောက်သော စီမံကိန်းရေးဆွဲခြင်းနှင့် အုပ်ချုပ်မှုကိစ္စရပ်များအတွက်လည်းကောင်း ပြည့်စုံကောင်းမွန်မှန်ကန်သည့်စာရင်းအင်းစနစ်ကိုဆောက်တည်ခြင်းဖြစ်သည်။

ဒုတိယ ရည်ရွယ်ချက်မှာ ပြည်ထောင်စုအစိုးရ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်အားလုံးကို သုံးသပ်အကြံပြုရန်ဖြစ်သည်။ တတိယအချက်မှာ စာရင်းအင်း(Statistics) နှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ (Statistical Operations) ပေါင်းစပ်ညှိနှိုင်းရန်ဖြစ်သည်။ စတုတ္ထအချက်မှာ အဆင့်မြင့်ဆုံးသော စာရင်းအင်းစံများ (Highest Statistical Standards) ဆောက်တည် ထိန်းသိမ်းထားရှိရန်ဖြစ်သည်။ နောက်ဆုံးရည်ရွယ်ချက်မှာ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ လိုအပ်ချက်များအတွက် စီးပွားရေးနှင့် လူမှုရေးသန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်းများ စုစည်းပြုလုပ် ရန်ဖြစ်သည်။

**CSO ၏အဖွဲ့အစည်းဆိုင်ရာ အရင်းအနှီးတည်ဆောက်ခြင်း**

CSO ၏ အဖွဲ့အစည်းဆိုင်ရာ အရင်းအနှီး (Institutional Capital) တည်ဆောက်ရန်အတွက် လိုအပ်ချက် လေးရပ်ရှိပါသည်။ ပထမအချက်မှာ ၁၉၅၂ ခုနှစ် ဗဟိုစာရင်းအင်းကြီးကြပ်ရေးဥပဒေအရ ပေးအပ်ထားသည့် တာဝန် ငါးရပ်ကို ဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ "၁၉၉၄ ခုနှစ် ကုလသမဂ္ဂ တရားဝင်စာရင်းအင်းဆိုင်ရာအခြေခံမူများ" ကဲ့သို့သော နိုင်ငံတကာ စာရင်းအင်းအခြေခံမူများကို လိုက်နာရန်ဖြစ်သည်။ တတိယလိုအပ်ချက်မှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ကဲ့သို့သော အဖွဲ့အစည်းများ၏ CSO စာရင်းအင်းအရည်အသွေး ကောင်းမွန်ကြောင်း ထောက်ခံချက်ရရှိရန်ဖြစ်သည်။ နောက်ဆုံးအချက်မှာ CSO သည် အထက်ပါလိုအပ်ချက်သုံးရပ်ကို အပြည့်အဝ မဖြည့်ဆည်းနိုင်ခြင်းဖြစ်သည်။

**၁၉၉၄ ခုနှစ် ကုလသမဂ္ဂတရားဝင် စာရင်းအင်းဆိုင်ရာ အခြေခံမူများ**

၁၉၉၄ ခုနှစ် ကုလသမဂ္ဂ တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံမူများ (1994 United Nations Fundamental Principles of Official Statistics) မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားဝင်စာရင်းအင်းများသည် ကောင်းမွန်သောအုပ်ချုပ်မှု (Good governance) ၏ အခြေခံအုတ်မြစ်များအနက် တစ်ခုဖြစ်သည်။

(ခ) တရားဝင်စာရင်းအင်းများသည် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် လည်းကောင်း၊ ဆွေးနွေးပွဲများအတွက်လည်းကောင်း အထောက်အကူဖြစ်စေသည်။

(ဂ) ကောင်းမွန်သော တရားဝင်စာရင်းအင်းများသည် အစိုးရ၏ဆုံးဖြတ်ချက် ချမှတ်မှုအပေါ် ပြည်သူများ ယုံကြည်မှုရှိရေးအတွက် အရေးပါပါသည်။ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်အတွက် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဆိုလိုပါသည်။

(ဃ) စာရင်းအင်းများသည် ဆီလျော်မှု ရှိရပါမည်။ စာရင်းအင်း အရည်အသွေးရှိခြင်း၊ နားလည်လွယ်ခြင်း၊ သုံးစွဲရန်လွယ်ကူခြင်းတို့နှင့် ပြည့်စုံရပါမည်။ သုံးစွဲမည့်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရပါမည်။

(င) ကိန်းဂဏန်းအချက်အလက်များ ကောက်ယူစုဆောင်းပြီး ထုတ်ပြန်ရာတွင် နိုင်ငံရေးစွက်ဖက်မှုများမှ ကင်းဝေးသင့်သည်။

(စ) စာရင်းအင်းများ ဖြန့်ဖြူးထုတ်ပြန်ရာတွင် ပြည်သူအားလုံးလက်လှမ်း မီရေးအတွက် တန်းတူအခွင့်အရေး (Equal Opportunity) ရရှိရန်ဆောင်ရွက်ရမည် ဖြစ်သည်။

**OECD ၏ အရည်အသွေးကောင်း စာရင်းအင်းဖြစ်ရေးအစီအမံများ**

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ အရည်အသွေးကောင်းမွန်သော စာရင်းအင်းများ ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်သော အစီအမံ(၇)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ဆီလျော်မှုရှိခြင်း-**သုံးစွဲသူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ခြင်း ဖြစ်သည်

(ခ) **တိကျခြင်း-**စာရင်းအင်း ကိန်းဂဏန်းများ တိကျခိုင်မာပြီး တွက်ချက်တိုင်းတာနိုင်ခြင်းဖြစ်သည်။

(ဂ) **အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်း-** သက်ဆိုင်ရာနှင့် သို့မဟုတ် ကိုးကားသုံးစွဲနိုင်မည့် အချိန်ကာလအတွင်း စာရင်းအင်း ထုတ်ပြန်ခြင်းဖြစ်သည်။

(ဃ) **လက်လှမ်းမီခြင်း-**သုံးစွဲသူက စာရင်းအင်း အချက်အလက်များကို အလွယ်တကူ ရရှိသုံးစွဲနိုင်ခြင်းကို ဆိုလိုသည်။

(င) **နားလည်လွယ်ခြင်း-** စာရင်းအင်းများသည် သုံးစွဲသူအတွက် အဓိပ္ပာယ်ဖော်ဆောင်ရန် လွယ်ကူခြင်း၊ နားလည်လွယ်ခြင်းနှင့် သုံးစွဲသူတို့၏ ကိုယ်ပိုင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်သည်။

(စ) **ရှေ့နောက်ညီညွတ်ခြင်း-** စာရင်းအင်းများသည် ရှင်းလင်းပြတ်သားပြီး ရှေ့နောက်ညီညွတ်လျက်အချိန်မရွေး၊ နေရာမရွေး အသုံးဝင်ခြင်းကို ဆိုလိုသည်။

(ဆ) **ယုံကြည်မှုရှိခြင်း-** စာရင်းကောက်ယူသူ၏ လုပ်ငန်းကျွမ်းကျင်မှုကြောင့် စာရင်းအင်းကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်းဖြစ်သည်။

**CSO ၏ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီးတည်ဆောက်ခြင်း**

စာရင်းအင်း အချက်အလက်နှင့် သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရန်၊ စုစည်းသုံးသပ်ရန်နှင့် ထုတ်ဝေဖြန့်ဖြူးရန်အတွက် အရေးပါသော ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီး (Physical Capital) မှာ သတင်းဆက်သွယ်ရေးနည်းပညာ (Information and Communication Technology-ICT) ဖြစ်ပါသည်။ အထူးသဖြင့် သတင်းအချက်အလက်နည်းပညာပိုင်း၏ Hardware နှင့် Software များ ကောင်းမွန်ရန်လိုအပ်ပါသည်။ ထို့ပြင် အင်တာနက်လိုင်းများ ကောင်းမွန်မြန်ဆန်ပြီး ထိထိရောက်ရောက်သုံးစွဲနိုင်ရပါမည်။ Hardware ပိုင်းတွင် ကွန်ပျူတာ/အင်တာနက်ဆိုင်ရာပစ္စည်းများကို လုံလုံလောက်လောက်ရှိရန် လိုအပ်သကဲ့သို့ Software ပိုင်းတွင် ICT Software များကို ကျွမ်းကျင်ပိုင်နိုင်စွာ သုံးစွဲတတ်ရန်လိုအပ်ပါသည်။

**CSO ၏ လူသားအရင်းအနှီးတည် ဆောက်ခြင်း**

CSO ဝန်ထမ်းသည် နည်းပညာဆိုင်ရာ အရည်အသွေးရှိရပါမည်။ ထို့ပြင် ခေတ်မီစာရင်းအင်းနည်းလမ်းများ (Modern Statistical Methods)အသုံးပြုတွက်ချက်ရရှိသော ရလဒ်များကို နားလည်အသုံးချနိုင်ပြီး အဓိပ္ပာယ်ကောက်ယူတင်ပြနိုင်စွမ်း ရှိရပါမည်။ ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ကိုင်နိုင်ရပါမည်။ ထိုကဲ့သို့သော ကျွမ်းကျင်မှုများ ရရှိရန်အတွက် ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးသင့်ပါသည်။ ထို့မျှသာမက အဆိုပါဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်စေရန်နှင့် အလုပ်ကို စိတ်ပါဝင်စားမှုရှိစေရန်အတွက် လည်းကောင်း၊ မိမိကိုယ်ကိုတန်ဖိုးထားပြီး လွတ်လပ်စွာလုပ်ကိုင်နိုင်စေရန်အတွက် လည်းကောင်း မက်လုံးများ (Incentives) ပေးသင့်ပါသည်။

**CSO ၏ လူမှုရေးအရင်းအနှီး တည်ဆောက်ခြင်း**

၁၉၆၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ်မှာ ဗဟိုချုပ်ကိုင်မှု ဆက်တိုက်လျော့နည်းလာခဲ့သည်။ ဝန်ကြီးဌာနအများစုတွင် ကိုယ်ပိုင်စာရင်းအင်းများထားရှိလာပြီး CSOသည် တရားဝင်စာရင်းအင်း အနည်းငယ်ကိုသာ တာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်လာခဲ့သည်။ ဝန်ကြီးဌာနများ၏ စာရင်းအင်းကိစ္စရပ်များတွင် CSO ၏ ပူးပေါင်းဆောင်ရွက်မှုမရှိတော့ပေ။

လက်ရှိမြန်မာနိုင်ငံ၏ အားနည်းချက်မှာ ဝန်ကြီးဌာနများကြား ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနတိုင်းတွင်ရှိသော စာရင်းအင်းဌာနအချင်းချင်း ညှိနှိုင်းမှုမရှိတော့ပေ။ လက်ရှိအခြေအနေအရ ဗဟိုစာရင်းအင်းအဖွဲ့အစည်း (Central Statistical Institution) လိုအပ်နေပြီဖြစ်သည်။ သို့မှသာ နိုင်ငံတကာအဆင့် စာရင်းအင်းစနစ်ကို သေချာစွာကျင့်သုံးနိုင်မည်ဖြစ်သည်။

**မြန်မာ့စာရင်းအင်းစနစ်တိုးတက်စေရန် ဆောင်ရွက်သင့်သောအချက်များ**

မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ် မှန်ကန်ကောင်းမွန်ရန် လုပ်ဆောင်သင့်သောအချက်များအနက် ပထမဆုံး အချက်မှာ အမျိုးသားစာရင်းအင်းဖွံ့ဖြိုးရေးမဟာဗျူဟာ (National Statistical Development Strategy) ရေးဆွဲရန်ဖြစ်သည်။ ဤကဲ့သို့ ရေးဆွဲ ခြင်းသည် စီးပွားရေးဦးတည်ချက် (၄)ရပ် (National Economic Objectives) တွင် ပါဝင်သော စာရင်းအင်းစနစ်တိုးတက်ကောင်းမွန်ရေးဟူသော ဦးတည်ချက်ကို များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့ပြင် ၁၉၅၂ ခုနှစ် ဗဟိုစာရင်း အင်းကြီးကြပ်ရေးအက်ဥပဒေကို ပြန် လည်သုံးသပ်ရန်နှင့် လိုအပ်ပါက အသစ်ပြန်လည်ရေးဆွဲရန်ဖြစ်သည်။

ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းနှင့် အေဂျင်စီများအပြင် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော IMF, World Bank Group,OECD,ADB, UNDP နှင့် ESCAP တို့နှင့် စာရင်းအင်း အချက်အလက်နှင့် သတင်းအချက်အလက် တိုးတက်ရေးပူးပေါင်းဆောင်ရွက်သင့်ပါသည်။ အဆိုပါအဖွဲ့အစည်း များသည် ပညာရေး၊ကျန်းမာရေး၊စိုက်ပျိုးရေး၊ စက်မှု၊ ဘဏ္ဍာရေး၊ လုပ်သား၊ သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍတစ်ခုချင်း၏ စာရင်းအင်းဆိုင်ရာ လိုအပ်ချက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ စွမ်းဆောင်လုပ်ကိုင်နိုင်ကြပါသည်။ ထို့မျှသာမက အဆိုပါအဖွဲ့အစည်းများအပြင် သက်ဆိုင်ရာအလှူရှင်နိုင်ငံ/အဖွဲ့အစည်းများနှင့် နီးကပ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။

နောက်ဆုံးအချက်မှာ စာရင်းအင်း ကျွမ်းကျင်ပညာရှင်များပါဝင်သော လုပ်ငန်းအဖွဲ့ငယ် (Small Independent Task Force) ကို နိုင်ငံတော်သမ္မတရုံးတွင် ထူထောင်ထားရှိရန်ဖြစ်ပါသည်။ ဤအဖွဲ့က မြန်မာနိုင်ငံ လက်ရှိဆောင်ရွက်နေသော စာရင်းအင်းလုပ်ငန်းများကိုလည်းကောင်း၊ အစိုးရနှင့် အလှူရှင် အသိုက်အဝန်းကြားတွင်လည်းကောင်း ပူးပေါင်းပါဝင် ညှိနှိုင်းကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Source: Laying Foundation to Improve Myanmar's Official Statistical System,U Myint, President's Chief Economic Advisor,12-12-2014,National Defence University,NayPyiTaw.**

## ဓာတ်ဆီ/ဒီဇယ်

### ပင်လယ်ရေကြောင်းလမ်းမှ ဓာတ်ဆီ၊ ဒီဇယ် အဝင်လျော့

ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၁၂၃၄၀ တန်ဖိုးရှိ ဓာတ်ဆီ ၈ ဒသမ ၈၀ တန်နဲ့ ကန်ဒေါ်လာ ၅၁၅၇၇၂၃ တန်ဖိုးရှိ ဒီဇယ် ၅၀ ဒသမ ၈၇၆ တန်၊ စုစုပေါင်းတန်ချိန် ၅၉ ဒသမ ၆၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ဓာတ်ဆီအဝင် ၁၈၃ ဒသမ ၄၈၀ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၇၄ ဒသမ ၆၈ တန် အဝင်လျော့ခဲ့ပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်မှာ တန်ချိန် ၄၁၉ ဒသမ ၁၇၈ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၆၈ ဒသမ ၃၀၂ တန် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ဇန်နဝါရီ၂ ရက်အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။

ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီမှာဈေးငြိမ်ပြီး အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၇၈၀ ကျပ်၊ အောက်တိန်း ၇၃၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၈၃၀ ကျပ်နဲ့ရောင်းချတယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဈေးတော်တော်လေး ကျလာတွေ့ရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ဓါတ်ဆီဈေး မှာ ဒီဇင်ဘာလ ၂၉ ရက် ဓာတ်ဆီဝယ်ဈေး တစ်ပီပါ ၁၈၄၀၀၀ ကျပ်၊ ရောင်းဈေး တစ်ပီပါ ၁၈၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇန်နဝါရီ ၂ ရက်နေ့ထိ ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးပြန်မြင့်လာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဒီဇင်ဘာ ၂၉ ရက်မှာ ဝယ်ဈေး၁၄၂၀၀၀ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၃၁ ရက်မှာ ဝယ်ဈေး ၁၄၁၀၀၀ ကျပ်ကို ဈေးကျခဲ့သော်လည်း ရောင်းဈေးမှာ ဈေးငြိမ်နေခဲ့တယ်လို့သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာလည်း ဓာတ်ဆီဈေးက ဝယ်ဈေးတစ်ဂါလန် ၃၇၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၄၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်ဝယ်ပြီး ၃၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓါတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရော အပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ အနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဓာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၆၉ ကျပ်၊ ဒီဇယ် ၇၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ်၈၇၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၂၉ ရက် ဒီဇယ်ဝယ်ဈေးမှာ ၁၅၄၀၀၀ ကျပ်၊ရောင်းဈေး ၁၅၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။၃၁ ရက်မှာ ဝယ်ဈေး ၁၅၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၉၀၀၀ ကျပ်ကို ဈေးပြန်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဒီဇင်ဘာ ၂၉ ရက်နေ့မှာ ဝယ်ဈေး ၁၆၄၀၀၀ ကျပ်၊ရောင်းဈေး ၁၆၇၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေးအနည်းငယ်မြင့်လာခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။ ပြင်ပလက်လီရောင်းချနေတဲ့ ဆိုင်များမှာလည်း ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၈၇၀ ကျပ်၊ အောက်တိန်း ၃၈၅၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၉၀၀ ကျပ်၊အောက်တိန်း ၃၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများငြိမ်နေသလို ပြင်ပလက်လီဆိုင်များရဲ့ဈေးမှာလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၇၀၀ ကျပ်၊ ဒီဇယ် ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## Energy NYMEX 2-1-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.81 | 0.54 | 1.01 |
| Brent Crude Futr (USD/bbl) | 57.42 | 0.09 | 0.16 |
| Gasoline Rbob Fut (Cent/gal) | 148.01 | 0.80 | 0.54 |
| Natural Gas Futr (USD/MMBtu) | 2.88 | -0.01 | -0.48 |
| Heating Oil Futr (Cent/gal) | 184.47 | 1.11 | 0.60 |

## ငွေလဲနှုန်းများ ကျဈေးဖြင့် ငြိမ်သက်လျက်ရှိ

ယခုတစ်ပတ်အတွင်းတွင် ငွေလဲနှုန်းများသည် ကျဈေးဖြင့် ငြိမ်သက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အနည်းငယ်မြင့် တက်ခဲ့သည့်ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ကားဈေးကွက် အေးစက်နေမှုကြောင့်လည်းကောင်း၊ နှစ်သစ်ကူးရုံးပိတ်ရက်များကြောင့်လည်းကောင်း ငွေဈေးများ ကျဆင်းလာရခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒီတစ်ပတ်ထဲမှာ ကားဈေးကွက်အတွင်းက ကားတင်သွင်းမယ့်သူတွေလည်း ငြိမ်နေကြတယ်။ စီအိုင်အက်ဖ်ဈေးနှုန်းကို မသတ်မှတ်သေးတဲ့အတွက် ကားတင်သွင်းမယ့်သူတွေ စောင့်ကြည့်နေကြတုန်းပဲ။ နောက်ပြီး ခုရက်ပိုင်းက နှစ်သစ်ကူးရက်လည်းဖြစ်နေတော့ အလုပ်တွေ သိပ်မလုပ်ကြဘူး။ ဒါကြောင့် အဝယ်ရော အရောင်းပါ အေးကုန်တယ်။ နောက်ရက်တွေမှာလည်း ဒီလိုပဲဖြစ်လာနိုင်တယ်။ ဘာကြောင့်လည်းဆိုတော့ တရုတ်နှစ်သစ်ကူးက နီးလာပြီ။ တရုတ်နှစ်သစ်ကူးကာလဆိုရင်ပိုဆိုးတယ်။ တရုတ်နယ်စပ်မှာဆိုရင် လုံးဝကို အလုပ်မလုပ်တော့တာ။ အဲဒီအချိန်ဆိုရင် ခါတိုင်းတော့ ဈေးကျတတ်တဲ့အချိန်ပဲ"ဟု ငွေလဲဈေးကွက်အတွင်းမှ ကိုဦးက ဆိုသည်။

သိမ်ဖြူငွေလဲဈေးကွက်တွင် ဒီဇင်ဘာ ၂၉ ရက်က ဝယ်ဈေး ၁၀၃၀ ကျပ်၊ ရောင်းဈေး ၁၀၃၅ ကျပ်ရှိခဲ့သော်လည်း ဇန်နဝါရီ လ ၁ရက်နေ့တွင် ဝယ်ဈေး ၁၀၂၈ကျပ်၊ ရောင်းဈေး ၁၀၃၃ကျပ်သို့ အနည်းငယ်ဈေးကျလာ ခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် ဒီဇင်ဘာ ၂၉ရက်က ဝယ်ဈေး ၁၀၃၅ ကျပ်၊ ရောင်းဈေး ၁၀၄၀ ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်တွင် ဝယ်ဈေး ၁၀၃၅ကျပ်၊ ရောင်းဈေး ၁၀၃၉ ကျပ်သို့ ဈေးကျဆင်းခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ဆက်လက်ကျဆင်းသော်လည်း အရောင်းအဝယ်ပါးနေ



ယခုတစ်ပတ်အတွင်းတွင်လည်း မြန်မာ့ရွှေဈေးသည် အနည်းငယ် ဆက်လက် ကျဆင်းလာခဲ့သော်လည်း အရောင်းအဝယ်မှာ ပါးလျက်ရှိနေကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းလာမှုကြောင့် မြန်မာ့ရွှေဈေး ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်သစ်ကူးကာလဖြစ်သည့်အတွက် ဈေးကျဆင်းသည်မှာ ထုံးစံလိုပင်ဖြစ်နေကြောင်း ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

"ကမ္ဘာ့ရွှေဈေးကလည်း ကျလာတယ်။ နှစ်သစ်ကူးကာလကိုလည်း ရောက်နေတယ်။ အဲဒီလိုအချိန်မျိုးဆို ရင် ရွှေဈေးက အကျဘက်ကို ဦးတည်နေတတ်တယ်။ ဒီနှစ်ကူးပြီးရင်လည်း တရုတ်နှစ်သစ်ကူးက လာဦးမယ်။ ဒီ အချိန်ဆိုရင် ရွှေဈေးရော ဒေါ်လာ ဈေးရောကျနေတတ်တဲ့အချိန်ဖြစ် နေတယ်။ အရင်တုန်းက ဒီဘက်က ရွှေဈေးကျလာရင် နယ်စပ်ကနေ အဝယ်လိုက်လာလို့ ဈေးကျလည်း ခဏလောက်ပဲ။ ပြန်တက်လာတာပဲ။ ခုဟာက ဈေးကျတာ တော်တော်လေးကို ကြာနေပြီ။ ကမ္ဘာ့ရွှေဈေးကလည်း ကျလာတော့ မြန်မာ့ရွှေဈေးလည်း လိုက်ပြီးကျလာတာပဲ"ဟု ၎င်းက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၉ရက်က ကျပ် ၆၆၃၅၀၀ ရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်တွင် ကျပ် ၆၆၁၀၀၀ သို့ ကျဆင်းသွားခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၁၉၃ ရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်တွင် ၁၁၈၆ ဒေါ်လာသို့ ကျဆင်းသွားခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

January 2, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.23 |
| BDT | Bangladesh Taka | 78.44 |
| CAD | Canada Dollars | 1.17 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.83 |
| HKD | Hong Kong Dollars | 7.76 |
| INR | India Rupees | 63.35 |
| IDR | Indonesia Rupiahs | 12548.56 |
| JPY | Japan Yen | 120.50 |
| MYR | Malaysia | 3.52 |
| PKR | Pakistan Rupees | 100.75 |
| PHP | Philippines Pesos | 44.79 |
| RUB | Russia Rubles | 60.60 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1104.76 |
| LKR | Sri Lanka Rupe | 131.51 |
| THB | Thailand Baht | 32.99 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21385.79 |

Source : xe.com

## World Gold Price

December , 2014 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1191 | 1193 | 1193 |
| 30 | 1183 | 1184 | 1184 |
| 31 | 1187 | 1198 | 1199 |
| 1 | 1181 | 1181 | 1182 |
| 2 | 1181 | 1183 | 1184 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-12- 2014 | 664.50 | 664.50 |
| 30-12- 2014 | 661.50 | 661.50 |
| 31-12- 2014 | 663.00 | 663.00 |
| 1-1- 2015 | 660.50 | 660.80 |
| 2-1- 2015 | 661.00 | 661.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၄ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6 .22 | 32.84 | 78.02 | 63.65 |
| 30 | 6. 22 | 32.97 | 78.12 | 63.74 |
| 31 | 6 .20 | 32.87 | 77.88 | 63.79 |
| 1 | 6 .21 | 32.89 | 77.90 | 63.32 |
| 2 | 6.22 | 32.99 | 78.44 | 63.35 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29-December | 15.82 | 2203.94 | 1848.67 | 6457.70 | 1214.00 |
| 30-December | 15.85 | 2175.26 | 1845.31 | 6563.42 | 1207.00 |
| 31-December | 15.69 | 2195.42 | 1836.80 | 6692.22 | 1204.00 |
| 1-January | 15.69 | 2190.27 | 1834.11 | 6448.96 | 1204.00 |
| 2-January | 15.82 | 2187.14 | 1832.54 | 6450.98 | 1203.00 |

Source:kitco.com

## ဘိလပ်မြေ



### ဘိလပ်မြေတန်ချိန် လေးသောင်းငါးထောင်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ လေးဆယ့်လေးသိန်းရှစ်သောင်းကျော် တန်ဖိုးရှိ ဘိလပ်မြေ ၄၅၁၂၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၂၉၉၀၀ တန်နဲ့ စင်ကာပူနိုင်ငံမှ ၁၅၂၂၀ တန်တင်သွင်းခဲ့ပါတယ်။ ထိုင်းနိုင်ငံဘက်မှ ဆင်တံဆိပ်ဘိလပ်မြေများသာ ဝင်လာတာတွေ့ရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းရှစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်သောင်းသုံးထောင်ကျော် အဝင်လျော့ခဲ့ပါတယ်။

### ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေဆဲဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

၂၀၁၄ ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းငါးထောင်ကျော်ရှိခဲ့ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန်ငါးသောင်းရှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် တစ်သောင်းသုံးထောင်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သောင်းနှစ်ထောင့်သုံးရာကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် နှစ်သောင်းလေးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်သောင်းနှစ်ထောင့်ငါးရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့သလို နယ်စပ်လမ်းမှလည်းအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေ ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်သွက်ပေမယ့် ဈေးငြိမ်နေကြောင်းသိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၄၉၅၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၄၅၀ ကျပ်၊ စိန် ၄၆၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်သွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ မှာ အပါချီ ၅၁၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၂၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၅၀၀ ကျပ်၊ မြင်းခေါင်း ၅၁၀၀ ကျပ်၊ ဆင်(မြန်မာ)၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ကောင်းပေမယ့် ဈေးအပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၄၈၀၀ ကျပ်၊ မြန်မာ ဆင် ၄၇၀၀ကျပ်၊ ဆင် (ယိုးဒယား) ၆၈၀၀ ကျပ်၊ စိန်(ယိုးဒယား)၆၈၀၀ ကျပ်၊ ဆင်မင်း ၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

## ဓာတ်မြေဩဇာ

### မြေဩဇာအဝင်နည်း

ကန်ဒေါ်လာ ကိုးသိန်းခုနစ်ထောင်ကျော်တန်ဖိုးရှိ မြေဩဇာ ၂၉၆၅ ဒသမ ၉၆၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၅၇၀ ဒသမ ၅၀တန်၊ တရုတ်နိုင်ငံမှ ၃၀၆ တန်၊ အိန္ဒိယနိုင်ငံမှ ၄၀ ဒသမ ၇၇၂ တန်၊ ဩစတြေးလျမှ ၄၈ ဒသမ ၆၉ တန် တင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့နိုင်ငံထဲမှာ စင်ကာပူက အများဆုံးဝင်လာတာ တွေ့ရပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်းမြေဩဇာ အများဆုံးဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ခုနစ်ထောင်ကျော်အထိ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် လေးထောင်ကျော် အဝင်လျော့ခဲ့ပါတယ်။

### ပြောင်းလဲမှုမရှိ ဈေးကွက်အေးနေဆဲ ဓာတ်မြေဩဇာ

ဒီဇင်ဘာလ ၂၁ ရက်မှ ၂၇ ရက်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေဩဇာ တန်ချိန် နှစ်ထောင့်ကိုးရာခြောက်ဆယ်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ခုနစ်ထောင့်နှစ်ရာကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင် နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် လေးထောင့်နှစ်ရာသုံးဆယ်ကျော် အဝင်လျော့ခဲ့ပါ တယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းကိုးထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် နှစ်သောင်းသုံးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်သုံးထောင့်ကိုးရာလေးဆယ်ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရေကြောင်းလမ်း၊ နယ်စပ်လမ်းမှ မြေဩဇာ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊ တောင်ကြီး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာ အရောင်းအေးပေမဲ့ ကွန်ပေါင်းမြေဩဇာက ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ကွန်ပေါင်း ၁၅ ပတ်လည် (အစိမ်း) က တစ် ထောင်ကျပ်ဈေးမြင့်ပြီး (ပန်းရောင်) က ငါးရာကျပ်ဈေးမြင့်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၅၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၇၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်)၁၁၅၀၀ ကျပ်နဲ့အရောင်း အဝယ် ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန် ရှိပေမဲ့ ဒီတစ်ပတ်မှာ ယူရီးယားမြေဩဇာ ဈေးက နည်းနည်းကျလာပြီး တီစူပါက ဈေးနည်းနည်း မြင့်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား(နေရွက်လှေ-တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၉၅၀၀ ကျပ်၊တီစူပါ(သံကွင်း-တရုတ်) ၁၈၆၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၄၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွက်လှေ-တရုတ်) ၁၅း၁၅း၁၅ ၃၀၅၀၀ ကျပ် ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ် အေးတာနဲ့အမျှ ဈေးတွေလည်း ငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၇၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၇၉၀၀ ကျပ်၊ တီစူပါ(**GTSP**၄၆%-တရုတ်) ၁၇၀၀၀ ကျပ်၊တီစူပါ(**GTSP**၄၆%-တရုတ်)၉၃၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%-တရုတ်) ၈၄၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၂၅၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှစုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းအဝယ်အေးတာနဲ့အမျှ ဈေးကလည်းအကျဘက်မှာ ရှိနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ၊ အစိမ်း) ၁၃၅၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၅၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၅၀၀၀ ကျပ်၊ အာမို (၁၅း၁၅း၁၅) ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၆၂၀၀ ကျပ်၊ ပိုတက် ၂၂၈၀၀ ကျပ်၊တောင်သူမ ၁၃၁၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီနှံ့စိမ်း

### အိုကေနှံ့ဆီတစ်မျိုးတည်းသာဝင်

ကန်ဒေါ်လာ ၃၄၂၀၀၀ တန်ဖိုးရှိ နှံ့ဆီ ၂၄၈ ဒသမ ၄၀ တန်ကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အတွင်းသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိုကေနှံ့ဆီတစ်မျိုးတည်းသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် တစ်ရာ့ရှစ်ဆယ်ကျော် အဝင်လျော့ခဲ့ပါတယ်။

ကန်ဒေါ်လာ ၆၉၃၁၉၀ တန်ဖိုးရှိ နှံ့မှုန့် ၁၅၉ ဒသမ ၀၃၀ တန်ကိုလည်း ယခုသီတင်းပတ်မှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၉၈၅၉၇ တန်၊ မလေးရှားနိုင်ငံမှ ၉ ဒသမ ၂၃၃ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၅၁ ဒသမ ၂၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် လေးဆယ်ကျော် အဝင်ပိုခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၂ မှ ၂၆/၁၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၃/၁၂ မှ ၁၉/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၆၉.၅၀ | ၁၀၀၉.၅၀ | (+) | ၆၆၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၄၄၀.၀၀ | ၅၅၀.၀၀ | (-) | ၁၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၀.၀၀ | - | (+) | ၂၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၇၇၃.၅၀ | ၃၆၁၆.၀၀ | (+) | ၁၆၇.၅၀ |
| ၅။ | တာချီလိတ် | ၃၅၆.၀၀ | ၉၀၅၀.၀၀ | (-) | ၈၆၉၄.၀၀ |
| ၆။ | မြဝတီ | ၁၂၇၅.၉၀ | ၁၄၀၅.၄၀ | (-) | ၁၂၉.၅၀ |
| ၇။ | ကော့သောင်း | ၃၇၉၄.၇၅ | ၈၂၇၂.၃၄ | (-) | ၄၄၇၇.၅၉ |
| ၈။ | မြိတ် | ၈၀၀.၀၀ | ၁၀၀၀.၀၀ | (-) | ၂၀၀.၀၀ |
| | စုစုပေါင်း | ၁၂၁၃၉.၆၅ | ၂၄၉၀၃.၂၄ | (-) | ၁၂၅၇၃.၅၉ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၂ မှ ၂၆/၁၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၃/၁၂ မှ ၁၉/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၄၉၂.၆၈ | ၁၆၇၀၅.၀၀ | (-) | ၂၁၂.၃၂ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | ၈၅.၂၅ | ၁၇.၀၀ | (+) | ၆၈.၂၅ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၁၄၇.၄၈ | ၁၇၆.၇၇ | (-) | ၂၉.၂၉ |
| ၆။ | ကော့သောင်း | ၂၃၃၁.၅၀ | ၆၁၀၇.၅၀ | (-) | ၃၇၇၆.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | - | | - |
| | စုစုပေါင်း | ၁၉၀၅၆.၉၁ | ၂၃၀၀၆.၂၇ | (-) | ၃၉၄၉.၃၆ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# နှစ်ကူးချိန်ဈေးပြန်မြင့်လာတဲ့ ပြည်နှမ်းဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်၌ နှမ်းဈေးအနည်းငယ် ပြန်တက်လာတာ တွေ့ရပါတယ်။ ယခုအချိန် ဆောင်းနှမ်းဝင်ရောက်မှုမှာ တစ်နေ့အိတ် ၂၀၀၀ ခန့် ဝင်ရောက်လာပြီး အဝင်လှိုင်သော်လည်း အဝယ်များရှိလို့ နှမ်းဈေးမြင့်လာတာတွေ့ရပါတယ်။ ဒီဇင်ဘာနောက်ဆုံးပတ်တွင် နှမ်းဈေးများ ပြန်မြင့်လာပြီး အရောင်းအဝယ် ဖြစ်လာပါတယ်။ နှမ်းနက်ကို ရန်ကုန်၊ မန္တလေး၊ ဝယ်လက်များက အဝယ်ရှိပြီး နှမ်းနီကို ဆီစက်များက အဝယ်ရှိသဖြင့် နှမ်းဈေးမှာ ဈေးပြန်မြင့်လာပါတယ်။ နှမ်းအဟောင်းလက်ကျန်မရှိလို့ နှမ်းသစ်ကို ဝယ်ယူနေသဖြင့် နှစ်ကူးချိန်တွင် နှမ်းဈေးပြန်မြင့်လာပါတယ်။ နှမ်းကို ပေါင်းတည်၊ မြန်အောင်နှင့် ပေါက်ခေါင်းဘက်မှ နေ့စဉ်ပုံမှန်ဝင်ရောက်ပြီး ဈေးကွက်တွင် နှမ်းအရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ နှမ်းနက်အသစ် တစ်တင်း ၅၀၀၀၀ ကျပ်၊ နှမ်းနီအသစ်တစ်တင်း ၃၆၀၀၀ ကျပ်နဲ့ နှမ်းနက် အဟောင်း တစ်တင်း ၅၆၆၀၀ ကျပ်၊ နှမ်းနီအဟောင်း တစ်တင်း ၃၈၀၀၀ ကျပ်ဈေးဖြင့် ဈေးမြင့်နေတာ တွေ့ရပါတယ်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစပြီး ဒီဇင်ဘာလအထိ ဈေးနှုန်းများကိုပြန်ကြည့်ရင် နှစ်စတွင် နှမ်းနက်ဈေးမှာ တစ်တင်း ၅၅၀၀၀ ကျပ်ဖြင့် မတ်လအထိ ဈေးတန်းနေပြီး ဧပြီလ နွေနှမ်းပေါ်စတွင် တစ်တင်း ၅၄၀၀၀ ကျပ်ဈေးဖြင့် တစ်တင်း ၁၀၀၀ ကျပ်ခန့် စက်တင်ဘာလအထိ ဈေးကျလာတာ တွေ့ရပါတယ်။ မိုးနှမ်းပေါ်စ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ဈေးကျသော်လည်း မိုးနှမ်းလှိုင်ပြီး အောက်တိုဘာလတွင် နှမ်းနက်အဝယ်လိုက်လာသဖြင့် တစ်တင်း ၅၅၀၀၀ ကျပ်ဖြင့် ဈေးပြန်တက်လာပါတယ်။ နိုဝင်ဘာလတွင်လည်း တစ်တင်း ၆၁၀၀၀ ကျပ်ထိ ဈေးမြင့်လာသော်လည်း ဆောင်းနှမ်းပေါ်စ ဒီဇင်ဘာလတွင် နှမ်းနက်အသစ်ဈေး ပြန်ကျလာရခြင်းမှာ ဝယ်လက်များက မိုးနှမ်းနက်သာ အဝယ်ရှိပြီး ဆောင်းနှမ်းနက်မှာ ဝယ်လက်မရှိသဖြင့် ဈေးကျသော်လည်း ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဈေးအနည်းငယ်မြင့်လာတာ တွေ့ရပါတယ်။

နှမ်းနီမှာ နှစ်စတွင် တစ်တင်းကို ၄၃၀၀၀ ကျပ်နဲ့စပြီး နွေနှမ်းပေါ်စ ဧပြီလတွင် နှမ်းဈေးမှာ တစ်တင်း ၄၂၀၀၀ ကျပ်ဖြင့် ဈေးပြန်ကျသွားကာ ဇွန်လတွင် ဆီစက်များက အဝယ်ပြန်ရှိလာ၍ တစ်တင်း ၄၅၀၀၀ ကျပ်ထိ မြင့်လာပါတယ်။ မိုးနှမ်းစိုက်ချိန်တွင် ဈေးကွက်၌ပစ္စည်းရှိ၍ ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ မိုးနှမ်းလှိုင်ချိန် စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ဈေးပြန်မြင့်လာသဖြင့် တစ်တင်းကို ၄၃၀၀၀ ကျပ်ရှိခဲ့ပါတယ်။ ဒီဇင်ဘာလအစတွင် ဆောင်းနှမ်းအသစ်များပေါ်ချိန် အဝယ်သိပ်မရှိသဖြင့် ဈေးမှာ တစ်တင်းကို ၃၃၀၀၀ ကျပ်ထိ ဈေးကျသော်လည်း နှစ်ကူးချိန် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် နှမ်းနီအသစ်ကို ဆီစက်များက အဝယ်ပြန်ရှိလာသဖြင့် တစ်တင်းကို ၃၆၀၀၀ ကျပ်ဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

# နှမ်းရောင်းစုံတင်ပို့မှု လျော့ကျ

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း မြန်မာ- တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၁၃၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၂၅ တန်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းဖိုးရှိ နှမ်းနက် ၂၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၃၆၆ တန်ကျော်နဲ့ မြဝတီမှ တန် ၄၀ ကျော်တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ တရုတ်နယ်စပ်မှ နှမ်းတင်ပို့မှု ၈၁၈ တန်လျော့နည်းသွားသလို ထိုင်းနယ်စပ်မှလည်း ၁၂ တန်ခွဲခန့် လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်ရဲ့ နှမ်းဖြူဈေးမှာ ယခင်သီတင်းပတ်က တစ်တန်ကို ၂၂၆၂၇၉၃ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၃၄၆၄၀၅ ကျပ်ရှိရာမှ နှမ်းဖြူဈေးက ပြောင်းလဲမှုမရှိဘဲ နှမ်းနက်ဈေးမှာ ၂၃၁၂၉၆၀ ကျပ်သို့ ဈေးကျဆင်းသွားခဲ့တယ်။ ပခုက္ကူသီးနှံဈေးကွက်မှာတော့ နှမ်းဝင်ရောက်မှု များပြားပေမယ့် ရန်ကုန်နဲ့ မန္တလေးက ဝယ်ယူမှု နည်းပါးခြင်းကြောင့် နှမ်းဈေးများ ပြန်လည်ကျဆင်းနေပြီး အခြားသီးနှံဈေးတွေက ပုံမှန်အတိုင်းသာ အရောင်းအဝယ်ရှိနေတယ်လို့ သိရပါတယ်။ ယခုသီတင်းပတ်ရဲ့စခန်းအလိုက် တင်ပို့ ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | ၈၄.၀ | ၂၄၈.၅ | - |
| နှမ်းနက် | ၅၁.၅ | ၇၅.၀ | ၂၈ |
| နှမ်းညို | ၅၄.၅ | - | - |
| နှမ်းဖြူ(အခွံချွတ်) | ၃၅.၀ | - | - |

**မော်မော်အောင် MIRT (DCCA)**

## စားအုန်းဆီ

# စားအုန်းဆီဈေးနှုန်းများ ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးနှုန်းက ဒီဇင်ဘာ ၃၁ ရက်မှာ ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ ကမ္ဘာ့စားသုံးဆီတွေရဲ့ ရောင်းလိုအား မြင့်တက်လာမှုကြောင့် ယခုနှစ်အတွင်း ဈေးကွက်မှာ ၁၅ ရာခိုင်နှုန်း ကျဆင်းလာခဲ့ကြောင်း ဈေးနှုန်းစံချိန်တင် ကျဆင်းခဲ့ပေမယ့် မလေးရှားမှာ မုတ်သုံမိုးကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သဖြင့် အထွက်ကျဆင်းကာ ဈေးနှုန်းကျဆင်းမှုကို ထိန်းထားပေးနိုင်ခဲ့ကြောင်း ဘီရီကော်ဒါဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ရေလွှမ်းမိုးမှုကြောင့် မလေးရှား စားအုန်းဆီထုတ်လုပ်မှုက ၁၅ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းနိုင်တယ်လို့ မလေးရှားကုန်စည်ဝန်ကြီး ဒေါက်ကလပ်ယူဂါအမ်ဘတ်စ်က ဒီဇင်ဘာ ၃၁ ရက်က ပြောပါတယ်။ ကုန်ထုတ်လုပ်မှုမှာ ၂၀၁၅ ခုနှစ် ပထမသုံးလထိ ထိခိုက်မှုရှိမယ်လို့ခန့်မှန်းထားတဲ့အတွက် ဈေးကွက်ထဲမှာ ယခုလအတွက် ၄ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ စက်တင်ဘာနောက်ပိုင်း အများဆုံး မြင့်တက်ခဲ့တာဖြစ်ကြောင်း မလေးရှားရှိ နိုင်ငံခြားကုန်စည်အကျိုးဆောင်တစ်ဦးက ပြောပါတယ်။

စားအုန်းဆီရဲ့ မတ်လအတွက် စာချုပ် အနိမ့်ဆုံးဈေးက ဒီဇင်ဘာ ၃၁ ရက် ဈေးပိတ်ချိန်မှာ သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၂၆၇ ရင်းဂစ် (၆၄၉ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

စားအုန်းဆီရောင်းဝယ်မှုပမာဏက ၂၅ တန်အတွဲ ၂၇၄၉၇ တွဲရှိခဲ့ရာမှ ပျမ်းမျှရောင်းချတဲ့ အတွဲ ၃၅၀၀၀ အောက်များစွာ ကျဆင်းလျက်ရှိနေပါတယ်။ ဒီဇင်ဘာစားအုန်းဆီထုတ်လုပ်မှုက ၂၁ ရာခိုင်နှုန်း ကျဆင်းမယ်လို့ မလေးရှားစားအုန်းဆီအသင်းက ခန့်မှန်းထားပါတယ်။

စားအုန်းဆီဈေးက အနိမ့်ဆုံး ၂၂၄၅ ရင်းဂစ်ထိ ကျဆင်းနိုင်တယ်လို့ ရိုက်တာရဲ့ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တာအိုက ခန့်မှန်းထားပါတယ်။

ဟင်းရွက်ဆီ ဈေးကွက်မှာ ဒါလီယံကုန်စည်ဒိုင်ကို မေလအတွက် ပဲပုပ်ဆီစာချုပ်ဈေးက သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဈေးကွက်ရှိ ပဲပုပ်ဆီရဲ့ မတ်လအတွက် စာချုပ်ဈေးက သုညဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂-၁-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၇၇၀၀ | ၇၇၀၀ | □ | ၁၃၃၀ | ၁၃၄၅ | △ |
| မန္တလေး | ၃၂၀၀ | ၃၂၀၀ | □ | ၄၆၀၀ | ၄၃၀၀ | ▽ | ၁၄၂၅ | ၁၄၃၀ | △ |
| ပခုက္ကူ | ၂၇၀၀ | ၂၇၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၃၇၀ | ၁၄၂၀ | △ |
| မကွေး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၇၀၀ | ▽ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၄၇၀ | ၁၄၈၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၂၉-၁၂-၂၀၁၄ မှ ၂-၁-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၉-၁၂-၂၀၁၄ | ၇၂၅ |
| (၂) | ၃၀-၁၂-၂၀၁၄ | ၇၃၀ |
| (၃) | ၃၁-၁၂-၂၀၁၄ | ၇၃၀ |
| (၄) | ၂-၁-၂၀၁၅ | ၇၂၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၁-၂၀၁၅ US$/Ton

| အမျိုးအစား | ဒီဇင်ဘာလ စတုတ္ထပတ် | ဒီဇင်ဘာလ ပဥ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၄.၀၀ | ၆၄၈.၅၀ | △ |
| RBD P.Olein | ၆၃၄.၀၀ | ၆၅၈.၀၀ | △ |
| RBD P.Strarin | ၆၂၅.၅၀ | ၆၂၉.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂ - ၁ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၃၇.၉၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၉ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၁၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၆၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၁.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၁၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၇၇.၀၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂-၁-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၅ ဒေါ်လာ၊ FOB ၇၀၀ ဒေါ်လာနှင့် Earning ဈေး ၁၀၄၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂-၁-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၃၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှအတက်အကျအပြောင်းအလဲရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# Nut Rage မှုခင်းတွင် သတင်းပေါက်ကြားမှုအတွက် အစိုးရ အရာထမ်းတစ်ဦးအား ဖမ်းဆီးခဲ့

ကိုရီးယားလေကြောင်းလိုင်းပိုင်ရှင်၏သမီးဟီသာချို အားစွဲချက်တင်ထားသော Nut Rage မှုခင်းအား စစ်ဆေးနေဆဲကာလအတွင်း သတင်းအချက်အလက်များ ပေါက်ကြားမှုအတွက် ဒီဇင်ဘာလ ၂၄ ရက်က ဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးအား အစိုးရတရားလို ရှေ့နေများက ဖမ်းဆီးစေခဲ့သည်။ Nut Rage မှုခင်းတွင် အစိုးရက ကိုရီးယားလေကြောင်းလိုင်းအား ခိုးကြောင်ခိုးဝှက် ကူညီပေးနေသည်ဟုလည်း သံသယရှိကြောင်း ယင်းအစိုးရရှေ့နေများက ပြောကြားခဲ့သည်။ ဖမ်းဆီးခံရသော အစိုးရ အရာထမ်းမှာ မြေယာ၊ အခြေခံ အဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြစ်ပြီး၊ မျိုးရိုးအမည် ကင်မ်ဖြစ်သည်။ ကင်မ်သည် သတင်း အချက်အလက်များအားကိုရီးယားလေကြောင်းလိုင်း၏ အမှုဆောင်အရာရှိများအား ပေးပို့ခဲ့သည်ကို စစ်ဆေးတွေ့ရှိရသည်။

ယင်းဝန်ကြီးဌာနသည် ကိုရီးယားလေကြောင်းလိုင်းအား ဒီဇင်ဘာလ ၁၇ ရက်နေ့ကတည်းက စာရင်းစစ်ဆေးနေခဲ့ပြီး၊ ဝန်ကြီးဌာနက လေကြောင်းလိုင်း၏ အမှုဆောင် အရာရှိ မျိုးရိုးအမည် Yeo နှင့်သံသယ ဖြစ်ဖွယ်ရှိသော ဆက်နွယ်မှုများရှိကြောင်း သတင်းပေးပို့ပြီး နောက်တစ်နေ့တွင်ကင်မ်အားဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကင်မ်၏ရုံးနှင့် အိမ်အား ဝင်ရောက် စီးနင်း၍ သူ၏လက်ကိုင်ဖုန်း၊ ကွန်ပျူတာဟတ်ဒ်ဒစ်များကို သိမ်းဆည်း၍ ဆက်သွယ်မှုမှတ်တမ်းများကို စစ်ဆေး လျက်ရှိသည်။ ကင်မ်သည် ဒီဇင်ဘာလ ၅ ရက်နေ့ကဖြစ်ပွားခဲ့သော Nut Rage မှုခင်းအတွက် မစ္စချိုနှင့် အခြား အမှုဆောင်အရာရှိများကို စစ်ဆေးနေ ခဲ့သော ဝန်ကြီးဌာနမှ အရာထမ်း ၆ ဦးအနက် တစ်ဦး အပါအဝင်ဖြစ်သည်။

Nut Rage မှုခင်းသည် နယူးယောက်မှ အင်ချွန်းသို့ပျံသန်းလာသည့် Korea Air KE086 လေယာဉ်ပေါ်တွင် မက်ကာဒေးမီးယားအား ခရီးသည်များကို ကျွေးမွေးနေစဉ် လေယာဉ်အရာရှိချုပ် ကိုရီးယားလေကြောင်းလိုင်းပိုင်ရှင်၏သမီးဟီသာချိုက လုပ်ထုံးလုပ်နည်းနှင့် မလျော်ညီစွာ လေယာဉ်ပေါ်မှ ဆင်းခိုင်းခဲ့သည့်အတွက် မစ္စချိုနှင့် cabin crew operation ဌာန၏ဒုတိယဥက္ကဋ္ဌမစ္စတာယိုတို့အား လေယာဉ်သွားလာမှု လုံခြုံရေးဥပဒေအား ဖောက်ဖျက်ခြင်း၊ အတင်းအကျပ်အခွင့်အာဏာအား အသုံးချခြင်း၊ တာဝန်ထမ်းဆောင်ချိန် နှောင့်ယှက်မှုတို့ဖြင့် စွဲချက်တင်ထား သည့်အမှုဖြစ်သည်။ အစိုးရတရားလို ရှေ့နေများက မစ္စချိုနှင့် မစ္စတာယိုတို့အား ဖမ်းဝရမ်းထုတ်ပေးရန် တရား ရုံးသို့လျှောက်ထားခဲ့ရာ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်လျှောက်ထားမှုကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ထိုင်းအသေးစားလုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်ပေးရန် အဆိုပြု

ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအသင်း (Association for Promotion of Thai Small and Medium Entrepreneurs -ATSME) သည် အသေးစားလုပ်ငန်းများအား တရားဝင်အခွန်စနစ်သို့ ဝင်ရောက်လာအောင် ဆွဲဆောင် ရန်ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ၎င်းတို့အတွက် အခွန်ကင်းလွတ်ခွင့် အစီအစဉ် (Tax amnesty scheme) ကို ဝန်ကြီးချုပ်ထံသို့ အဆိုပြုတင်ပြရန်စီစဉ်လျက်ရှိပါသည်။

အဆိုပါ အစီအစဉ်သည် အခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ နောက်ကြောင်းပြန်စုံစမ်းစစ်ဆေးမှုများအပေါ် စိုးရိမ်မှုများကို လွင့်ပျောက်စေနိုင်ကြောင်း ATSME ဥက္ကဋ္ဌ Mrs.Penthip ကပြောကြားခဲ့ပါသည်။ အဆိုပြုချက်ကို ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (BOI) ၏ ဒီဇင်ဘာ ၂၅ ရက်ကပြုလုပ်ခဲ့သည့်အစည်းအဝေး၌ တင်ပြခဲ့သည်။

ATSME တွင် SME လုပ်ငန်း ပေါင်း ၂ ဒသမ ၇၉ သန်း၏ အချက်အလက်များရှိသော်လည်း ၆၀၀,၀၀၀ သာလျှင် အခွန်စနစ်တွင်ပါဝင်လျက်ရှိကြောင်း သိရှိရပါသည်။ လာမည့်နှစ်တွင် စတင်အကျိုးသက်ရောက်မည့် စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသဖြစ်သော SME လုပ်ငန်းရင်းနှီးရန်ပုံငွေ (SME venture capital fund) ဘတ် ၅၀ ဘီလီယံ နှင့်အသေးစားလုပ်ငန်းများအတွက် အခွန်လျှော့ချပေးခြင်းကို မကြာသေးခင်က အတည်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

SME လုပ်ငန်း ရင်းနှီးငွေရန်ပုံငွေသည် SME များအနေဖြင့် ငွေကြေး/ ရင်းနှီးငွေရရှိနိုင်သည့် အခွင့်အလမ်း ပိုမိုလာစေရန် ရည်ရွယ်ခြင်းဖြစ်ရာ အစိုးရအနေဖြင့် အလွန်တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်သင့် ကြောင်း၊ Mrs. Penthip ကသုံးသပ် အကြံပြုခဲ့ပါသည်။ အခွန်လျှော့ချပေးသည့်အစီအစဉ်အရ SME များအနေဖြင့် နှစ်စဉ်ဝင်ငွေဘတ် ၃ သန်းရှိလျှင် လုပ်ငန်းဝင်ငွေခွန် ၁၅ ရာခိုင်နှုန်းနှင့် ဝင်ငွေဘတ် ၃ သန်းအထက်ရှိလျှင် ၂၀ ရာခိုင်နှုန်းသာပေးဆောင်ရမည်ဖြစ်ပါသည်။

ထိုင်းစက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နေဖြင့် ကုမ္ပဏီကြီးများအား SMEလုပ်ငန်းရင်းနှီးရန်ပုံငွေအစီအစဉ်တွင် ပါဝင်လာရန် တောင်းဆို မည်ဖြစ် ကြောင်း၊ သင့်လျော်သောသို့မဟုတ် အရည်အချင်းပြည့်မီသော SME များကို Market for Alternative Investment တွင်စာရင်းသွင်းမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘန်ကောက်မြို့**

# ချူကလီးယားလျှပ်စစ်ဓာတ်အားပေး စက်ရုံအား Hacking မလုပ်ကြောင်း မြောက်ကိုရီးယားက ငြင်းဆို

တောင်ကိုရီးယား ချူကလီးယားဓာတ်အားပေးစက်ရုံ၏ ကွန်ပျူတာစနစ်ကို Hacking လုပ်ရာတွင် မြောက်ကိုရီးယားက လုံးဝပါဝင် ပတ်သက်မှုမရှိကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့က ထပ်မံငြင်းဆိုလိုက်သည်။ ယင်းစွပ်စွဲချက်သည် ကွန်မြူနစ် နိုင်ငံမြောက်ကိုရီးယားကို ဆန့်ကျင်သည့် အကွက်ဆင်မှုတစ်ရပ်သာ ဖြစ်ကြောင်း ပြံယမ်းက ပြောဆိုလိုက်သည်။ တောင်ကိုရီးယားနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်သုံးပုံတစ်ပုံကို ထောက်ပံ့ပေးနေသည့် ချူကလီးယားဓါတ်ပေါင်းဖို ၂၃ ခုအား မောင်းနှင်နေသည့် Korea Hydro & Nuclear Power Co. (KHNP) သည် ဆိုက်ဘာတိုက်ခိုက်မှုများကို လွန်ခဲ့သောအပတ်က ကြုံတွေ့ခဲ့ရသည်။ အမည်မဖော်ပြထားသော ချူကလီးယားဆန့်ကျင်ရေးအုပ်စု တစ်စုသည် တောင်ကိုရီးယား ချူကလီးယား ဓါတ်ပေါင်းဖိုများ၏ operating manuals များ နှင့်အခြား စာရွက်စာတမ်းများကို အင်တာနက်ပေါ်တွင် ဖြန့်ဝေခဲ့သည်။ တောင်ကိုရီးယားအစိုးရသည် ယင်းဆိုက်ဘာတိုက်ခိုက်မှုတွင် မြောက်ကိုရီးယား၏ပါဝင်ပတ်သက်မှုကို ထည့်သွင်းစဉ်းစားထားခဲ့သည်။ တောင်ကိုရီးယားရှိ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အစိုးရအင်တာနက် ဝက်ဘ်ဆိုက်များနှင့် မီဒီယာကုမ္ပဏီများ တွင်ဆိုက်ဘာတိုက် ခိုက်မှုများကိုလည်း ကြုံတွေ့နေရသည်။

တောင်ကိုရီးယားသည် မိမိတို့အပေါ် သက်သေမခိုင်လုံဘဲလုပ်ကြံစွပ်စွဲချက်သာဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်က တောင်ကိုရီးယားစစ်ရေယာဉ် Cheonan နစ်မြုပ်မှုတွင် စွပ်စွဲသကဲ့သို့ အခြေအမြစ်မဲ့စွပ်စွဲမှုသာဖြစ်ကြောင်း မြောက်ကိုရီးယား အစိုးရသတင်းစာက တုံ့ပြန်ပြောဆိုခဲ့သည်။ တောင်ကိုရီးယား အစိုးရရှေ့နေများပါဝင်သော စုံစမ်း စစ်ဆေးရေးအဖွဲ့က KHNP ဆိုက်ဘာ တိုက်ခိုက်မှုနောက်ကွယ်တွင် မည်သည့် အဖွဲ့အစည်းပါဝင် ပတ်သက်သည်ကို စစ်ဆေးဖော်ထုတ် လျက်ရှိသည်။ ယင်းအဖွဲ့က ဆိုက်ဘာတိုက်ခိုက်မှုသည် တရုတ်နိုင်ငံတွင် အခြေပြုသော အင်တာနက် protocol address များကို သုံးစွဲပြုလုပ်ခဲ့သည်ကို တွေ့ရှိကြောင်း ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အင်ဒိုနီးရှားနိုင်ငံရှိကွန်တိန်နာဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်းတွင် စင်ကာပူအခြေစိုက် PSA ကုမ္ပဏီမှ ပါဝင်မည်

စင်ကာပူနိုင်ငံ၌ ဆိပ်ကမ်းလုပ်ငန်းများကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိသော PSA အပြည်ပြည်ဆိုင်ရာပုဂ္ဂလိက လီမိတက်သည် ဂျပန်နိုင်ငံမှ Mitsui နှင့် Nippon Yusen Kabushiki Kaisha(NYK Line)ကုမ္ပဏီ၊အင်ဒိုနီးရှားနိုင်ငံမှအကြီးဆုံးဆိပ်ကမ်းလုပ်ငန်း ကုမ္ပဏီဖြစ်သော PT.Pelabuhan Indonesia တို့နှင့်ပူးပေါင်းလျက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ Tanjung Priok ဆိပ်ကမ်းနေရာတွင် ကွန်တိန်နာ အတင်အချဆိပ်ကမ်းတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၉ ရက်နေ့၌ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းကုမ္ပဏီလေးခုပူးပေါင်း၍ New Priok Container Terminal One အမည်ဖြင့်ဖွဲ့စည်းဆောင်ရွက်မည့် ကုမ္ပဏီအသစ်တွင် Mitsui မှ ငွေကြေး အရင်းအနှီး ထည့်ဝင်မည်ဖြစ်ပြီး၊ PSA ကဆိပ်ကမ်းဒီဇိုင်းပုံရေးဆွဲတည်ဆောက်မှုနှင့် ဆိပ်ကမ်းလုပ်ငန်းလုပ်ဆောင်မှုတို့တွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ NYK Line မှ ၎င်း၏တည်ရှိပြီးသား ကွန်တိန်နာ သယ်ယူပို့ဆောင်သည့် ဝန်ဆောင်မှုကွန်ရက်ကိုတိုးချဲ့ပါဝင်လျက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဆိပ်ကမ်းကို ဆိပ်ခံ တံတား အရှည်အစားအားဖြင့် (၈၅၀ မီတာ×၁၆ မီတာ)အထိ တည်ဆောက်မည်ဖြစ်ပြီး ကွန်တိန်နာတင်ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတည်ဆောက်ပြီးစီးပါက နှစ်စဉ်ပေ ၂၀အရှည်အစားရှိကုန်သေတ္တာအလုံးရေ ၁ ဒသမ ၅ သန်း (1.5 million TEUs) အထိ ကိုင်တွယ် ထိန်းသိမ်းဆောင်ရွက်နိုင်ပြီး အင်ဒိုနီးရှားနိုင်ငံ၏အကြီးမားဆုံးကွန်တိန်နာအတင် အချဆိပ်ကမ်း ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းကြေညာချက်တွင် ဖော်ပြထားပါသည်။ ကမ္ဘာ့ရေကြောင်းပို့ဆောင်ရေး ကောင်စီ၏စာရင်းများအရTanjung Priok ဆိပ်ကမ်းသည် ၂၀၁၃ ခုနှစ်တွင် ကွန်တိန်နာ TEU ယူနစ် ၆ ဒသမ ၅၉ သန်းအထိ ကိုင်တွယ်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတကာဆိပ်ကမ်းများအနက် ၂၂ ခုမြောက်လုပ်ငန်းဆောင်ရွက်မှုအများဆုံးဆိပ်ကမ်းဖြစ်ပါသည်။ ယခုဆိပ်ကမ်း စီမံကိန်းမှာ စင်ကာပူအခြေစိုက် PSA International လီမိတက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ပထမဆုံးအကြိမ်ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ စင်ကာပူမြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြန်မာနိုင်ငံအတွက် စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဝန်းကျင်များ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဂျပန်နိုင်ငံ၏စီးပွားရေး တိုးတက်မှုကို စွမ်းဆောင်စေခဲ့သည့် စီးပွားရေး/လူမှုရေး စနစ်များ၊ နည်းပညာနှင့် အတတ်ပညာများကို ဝေမျှခြင်းဖြင့် နည်းပညာ အထောက်အကူများ ပေးလျက်ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် တိုးတက်လာသည့် အာရှဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများတိုးတက်လာစေရန် ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ပလူသားအရင်းအမြစ်နှင့်စက်မှုဖွံ့ဖြိုးရေးအဖွဲ့အစည်း (HIDA) နှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်းတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပူးပေါင်းသင်တန်းပို့ချပေး ရန် တာဝန်ပေးအပ်ထားကြောင်း သိရပြီး သက်ဆိုင်ရာတစ်နိုင်ငံချင်းစီမှ လိုအပ်သည့် နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာများ သင်တန်းများဆောင်ရွက်ပေးလျက်လည်းရှိပါသည်။ ယခုဘဏ္ဍာနှစ်အတွင်းတွင် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ ပြည်ပလူသားအရင်းအမြစ်နှင့် စက်မှုဖွံ့ဖြိုးရေး အဖွဲ့အစည်း (HIDA)တို့အနေဖြင့် စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားရန် သဘောတူညီထားပြီးဖြစ်သည်နှင့်အညီ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာနိုင်ငံအတွက် စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အစိုးရဌာနဆိုင်ရာများမှ အရာထမ်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ အသိပညာရှင် အတတ်ပညာရှင်များနှင့် တက္ကသိုလ်များမှ ပညာရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် ဒေတာအချက်အလက်စုဆောင်းခြင်း၊ အင်တာနက်မှ အမှန်တကယ်ရရှိလာသည့် ဒေတာများကို အခြေခံ၍ စွမ်းအင်မူဝါဒ ချမှတ်ရန်အတွက် ဒေတာဆန်းစစ်ခြင်းဆိုင်ရာ အုပ်စုဖွဲ့ဆောင်ရွက်ခြင်းနှင့် ကုမ္ပဏီများသို့ သွားရောက်လေ့လာမှုမှ ရရှိလာသည့် သတင်းအချက်အလက်များကို အသုံးပြု၍ မူဝါဒအတွက် လမ်းညွှန်ဆောင်ရွက်ခြင်းဆိုင်ရာများ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

အဆိုပါသင်တန်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပကြောင်းလည်းသိရှိရသည်-

(က) သင်တန်းသားများအနေဖြင့် စွမ်းအင်မူဝါဒများရေးဆွဲရာတွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာရပ်များကို ကွဲကွဲပြားပြားသိရှိနားလည်လာရန်နှင့် ဖြေရှင်းရမည့် အချက်များကို နားလည်သဘောပေါက်စေရန်၊

(ခ) ဂျပန်နိုင်ငံ၏ သန့်ရှင်းသည့် ကျောက်မီးသွေးအသုံးချမှုနည်းပညာ၊ ကာဗွန်လျှော့ချရေးဆိုင်ရာ နည်းပညာများသုံး၍ စမတ်စီးတီးများတည်ဆောက်ခြင်းကဲ့သို့သော ခေတ်မီသော နည်းပညာများကို လေ့လာနိုင်စေရန်၊

(ဂ) မြန်မာနိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာဆွေးနွေးဟောပြောပွဲတွင် စွမ်းအင်မူဝါဒမူကြမ်းကို တင်ပြနိုင်စေရန်တို့ဖြစ်သည်။

ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီနည်းပညာဖြင့် မြန်မာနိုင်ငံ ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝကျောက်မီး သွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားတည်ဆောက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံ မှုလုပ်ငန်းစီမံကိန်းများတွင် ပါဝင် ဆောင်ရွက်ရန်ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်မူဝါဒ မရှိသေးသဖြင့် အထောက်အကူပြုစေရန် အဆိုပါသင်တန်းကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။ ဂျပန် နိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအင်ပင်ရင်း အဖြစ် အပူစွမ်းအင်သုံး (Coal fired and Gas Fired) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုမှာ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းကျော် ရှိကြောင်းလည်း တွေ့ရှိရပြီး အဆင့်မြင့်နည်းပညာဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းဆုံးနှင့် အများပြည်သူများအတွက် ဘေးအန္တရာယ်အကင်းဆုံး ဆောင်ရွက်ပေးနိုင်လျက်ရှိသည်ကို လေ့လာသိရှိရပါသည်။သင်တန်းမှဂျပန်နိုင်ငံ၏ ခေတ်မီနည်းပညာနှင့် မူဝါဒချမှတ်ပုံများကို နမူနာယူ၍ မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒချမှတ်ရေးအတွက် အထောက်အကူကောင်းပေးနိုင်မည်လည်း ဖြစ်ပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ တိုကျိုမြို့**

# ဂျပန်အီယွန်း တစ်ရာခိုင်နှုန်း ကလပ်အသင်း၏ ကျောင်းအလှူငွေ ပေးအပ်ပွဲအခမ်းအနားကျင်းပ




ဂျပန်နိုင်ငံအခြေစိုက် အီယွန်းကုန်တိုက်၏ တစ်ရာခိုင်နှုန်းကလပ် အသင်းမှ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုး ဆဲနိုင်ငံများတွင်ကျောင်းများ ဆောက် လုပ်လှူဒါန်းလျက်ရှိကြောင်း သိရှိရပြီး ပြီးခဲ့သည့် ဒီဇင်ဘာလ ၈ ရက်နေ့က ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ယူနီဆက်ဖ်ရုံးတွင် မြန်မာနိုင်ငံသို့ ကျောင်းများတည် ဆောက်လှူဒါန်းနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအခမ်းအနားသို့ ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့တောင်အာရှရေးရာဌာနမှ ညွှန်ကြားရေးမှူးမစ္စတာအိဝါမိုတို၊ တိုကျိုမြို့ မြန်မာသံရုံးမှသံအမတ်ကြီးကိုယ်စား စီးပွားရေးသံမှူး၊ အီယွန်းတစ်ရာခိုင်နှုန်းကလပ်အသင်းမှ ဥက္ကဋ္ဌ မစ္စတာယိုးကိုဟီရိုရှိဖုကု၊ ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ် မစ္စတာကင်းဟာရာမိနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ သရုပ်ဆောင်နှင့်အဆိုပညာရှင်မစ္စယုကီ ဆာအိုရိနှင့် မစ္စယုဆာဒါစာချီကို၊ အေသင်အိုလံပစ် ရွှေတံဆိပ်ဆုရှင် မစ္စတာဟီစရှိမိဇိုတိုးရိနှင့် လန်ဒန်အိုလံပစ် အားကစားသမားမစ္စတာနကကိုတိုနိုတို့ အပါအဝင် ပြည်တွင်းသတင်းမီဒီယာသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းလည်း သိရှိရသည်။

အဆိုပါအီယွန်း တစ်ရာခိုင်နှုန်း ကလပ်အသင်းကို ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လူမှုဝန်းကျင်ကို အကျိုးပြုသည့်လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်းလည်းသိရသည်။ ၂၀၀၀ခုနှစ် အချိန်မှစတင်၍ ကမ္ဘောဒီးယား၊ လာအို နှင့် နီပေါနိုင်ငံတို့အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကျောင်းပေါင်း၃၄၆ကျောင်းကို တည်ဆောက်လှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်းလည်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံတွင် ကျောင်းတည်ဆောက်လှူဒါန်းမှုကို ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့ပြီး၃နှစ်အတွင်းကျောင်းပေါင်း ၃၀ တည်ဆောက်လှူဒါန်းနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ၂၀၁၃ ခုနှစ် မတ်လနှင့် ၂၀၁၄ ခုနှစ် မတ်လတို့တွင် ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေပြည်သာမြို့နယ်တွင် ကျောင်းဖွင့်ပွဲများကိုကျင်းပနိုင်ခဲ့ကြောင်းလည်း သိရှိရပါသည်။ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ကျောင်းများအနေဖြင့် ကလေးများ၏ပညာရေး၊ ကျန်းမာရေး၊ အတတ်ပညာသင်ကြားရေးစသည့် အရည်အချင်းပြည့်ဝသည့် ပညာရေးအစီအစဉ်ကို မိတ်ဆက်ပေးသွားရန် ရည်ရွယ်ကြောင်းလည်းသိရှိရသည်။

လက်ရှိတွင် ကျောင်းပေါင်း ၁၀ ကျောင်းကိုယူနီဆက်မှတစ်ဆင့်တည် ဆောက်လှူဒါန်းလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ဖြစ်ကြောင်း သိရှိရပြီး ကျောင်းပေါင်း ၃၀ ပြည့်သည် အထိ တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါစည်။ ယခုအခမ်းအနားမှာ အဆိုပါကျောင်းများအတွက် စုစုပေါင်းအလှူငွေ ဂျပန်ယန်း ၇၅ သန်းကို ယူနီဆက်ဖ်ဌာန ကိုယ်စားလှယ်ထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ တက်ရောက်လာသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင် Quality Education ကို ဖြစ်ပေါ်စေရေးနှင့် ကလေးများ၏ ပညာရေးတိုးတက် မြင့်မားလာရေးအတွက် အစွမ်းကုန် ကူညီဆောင်ရွက်ပေးကြရန်လည်းကတိ ပြုပြောကြားခဲ့ကြောင်းလည်းသိရှိရပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊တိုကျိုမြို့။**

## ၂၀၁၅ ခုနှစ်တွင် တောင်ကိုရီးယား၌ အစိုးရဝန်ထမ်း အသစ်များ ခန့်အပ်မည်ဖြစ်

၂၀၁၅ ခုနှစ်အတွင်း တောင်ကိုရီးယား အစိုးရကော်ပိုရေးရှင်းများက အစိုးရဝန်ထမ်းသစ် ၁၇,၁၈၇ ဦးခန့်အပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအရေအတွက်သည် ယခုနှစ်အတွင်း ခန့်အပ်ခဲ့သည့် အရေအတွက်ထက် ၂ ဒသမ ၉ ရာခိုင်နှုန်းပိုများကြောင်း၊ ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အရေးပါသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို ရည်ရွယ်ကြောင်း ကိုရီးယားအစိုးရက ဒီဇင်ဘာလ ၂၆ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားအစိုးရပိုင်လုပ်ငန်းပေါင်း ၃၀၂ ခုနှင့် အစိုးရ/ ပုဂ္ဂလိကဖက်စပ်အေဂျင်စီများက ယင်းဝန်ထမ်းများအား ခန့်အပ်သွားမည်ဖြစ်သည်။ အစိုးရပိုင်လုပ်ငန်းများနှင့် ဖက်စပ်အေဂျင်စီများသည် ၂၀၁၁ ခုနှစ်ပြီးကတည်းက ပိုမိုတိုးတက်ဖွံ့ဖြိုးလာ ကြခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## စင်ကာပူလက်လီဈေးကွက်၌ လတ်ဆတ်သီးနှံနှင့်ဟင်းသီးဟင်းရွက် ဈေးနှုန်းများ မြင့်တက်လျက်ရှိ

အရှေ့မြောက်မုတ်သုံလေတိုက် ခတ်သည့်ရာသီကာလ အတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းမှထုတ်လုပ်မှုလျော့ကျခြင်းကြောင့် ပြည်တွင်းစားသုံးမှုကို ထိခိုက်မှုမရှိစေရန် ငါးအမျိုးမျိုးအား ပြည်ပတင်ပို့မှုကို မလေးရှားနိုင်ငံမှ ရပ်ဆိုင်းခဲ့ပြီးနောက် စင်ကာပူလက်လီဈေးကွက်၌ တစ်ကီလိုဂရမ်လျှင် ပျမ်းမျှ ၄ စင်ကာပူဒေါ်လာမှ ၇စင်ကာပူ ဒေါ်လာအထိ ငါးဈေးနှုန်း မြင့်တက်လာခဲ့ပါသည်။

မလေးရှားနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှု များ ဖြစ်ပေါ်နေခြင်းကလည်း စင်ကာပူ၏ လတ်ဆတ်သီးနှံနှင့်ဟင်းသီးဟင်းရွက် ဈေးကွက်ကိုတိုက်ရိုက်အကျိုးသက်ရောက် လျက်ရှိပါသည်။သီးနှံစိုက်ခင်းများထိခိုက်ပျက်စီးမှုကြောင့် မလေးရှားနိုင်ငံမှ စင်ကာပူသို့လတ်ဆတ်သီးနှံနှင့်ဟင်းသီး ဟင်းရွက်တင်ပို့မှုမှာ ပုံမှန်တင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းအထိလျော့နည်းခဲ့ပြီးလက်လီ ဈေးနှုန်းများမှာလည်းတစ်ကီလိုဂရမ်လျှင် စင်ကာပူဒေါ်လာငွေ ၂၀ဆင့်ခန့် မြင့်တက်လာကြောင်း၊ မလေးရှားဒေသခံများအနေဖြင့် ဈေးကွက်အင်အားပိုမိုမြင့်မားသည့် ကွာလာလမ်ပူဈေးကွက်သို့ အဓိကတင် ပို့သည့်အတွက် စင်ကာပူသို့ ကုန်စည် ဝင်ရောက်မှုနည်းပါးကြောင်း စင်ကာပူနိုင်ငံရှိ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် တင်သွင်းသူများအသင်းမှပြောဆိုပါသည်။

စင်ကာပူနိုင်ငံသားများအနေဖြင့် နှစ်သစ်ကူးကာလ အတွင်း ပြည်ပခရီး သွားရောက်မှုများပြားလျက်ရှိသဖြင့် သားငါးနှင့် ဟင်းသီးဟင်းရွက်ဝယ်လိုအားမှာ နည်းပါးလျက်ရှိသော်လည်း တင်သွင်းသူ ကုန်သည်များအနေဖြင့် ဈေးကွက်၌ ကုန်စည်ပြတ်လပ်မှုမရှိစေရန်အတွက် တရုတ်နိုင်ငံတောင်ပိုင်း၊ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ) တို့မှ မှာယူတင်သွင်းလျက်ရှိကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**

# ပန်းရောင်းသူများ



မျိုးသူ - မန္တလေး

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရဲ့ တာဝန်တွေကိုကြည့်ရင် စိုက်ပျိုးထုတ်လုပ်တဲ့ လယ်ယာကဏ္ဍ၊ သတ္တုကဏ္ဍ၊ သစ်တောကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုကဏ္ဍစတဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍများက ပစ္စည်းအားလုံးနဲ့ ဆိုင်တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဒီကဏ္ဍတွေမှာ Special Duty နဲ့ ဆောင်ရွက်နေတဲ့ အစိုးရကဏ္ဍတွေရှိကြပါ တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမဟာဗျူဟာအရဆောင်ရွက်မယ့် ကဏ္ဍကြီးတွေဖြစ်တဲ့ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရော်ဘာ၊ သားငါးကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍတွေထဲက ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံတို့ကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်နေတာပါ။ နောက်ထပ် လယ်ယာကဏ္ဍနဲ့ ဆက်စပ်တဲ့ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံများကိုလည်း ဆောင်ရွက်ပါတယ်။ ဒီလိုမျိုးကဏ္ဍကြီးတွေအပြင် ဆက်စပ်နေတဲ့ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့ကို အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ကူညီခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီထဲမှာ သမဝါယမကဏ္ဍနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုများ အများအပြားရှိပါတယ်။ အခုကျွန်တော်ပြောပြနေတာကတော့ ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုမြှင့်တင်ရေးရည်မှန်းချက်တွေဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်တို့လုပ်ငန်းတွေမှာ လုပ်ငန်းပုံစံတွေတူညီ သလိုလိုနဲ့ မတူ ညီမှုတွေရှိတယ်ဆိုတာ သတိထားကြည့်ဖို့ ပြောပြချင်တာပါ။ ကြော်ငြာလုပ်ငန်း(Advertising)၊ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ( Marketing ) စတဲ့ လုပ်ငန်းများနဲ့ ပေါင်းစပ်တာရှိသလို၊ တူတာရှိသလို မတူညီတာတွေလည်း အများကြီးရှိပါတယ်။ အဓိက မတူညီ တာကတော့ ရည်ရွယ်ချက်တွေပဲထင်ပါတယ်။ ကြော်ငြာလုပ်ငန်းများမှာ Product တစ်ခုထဲကို လုပ်တာဖြစ်ပြီး၊ တချို့နေရာတွေမှာ ပုံကြီးချဲ့တာတွေပါ ပါဝင်တတ်ပါတယ်။ ကျွန်တော်တို့ ကုန်သွယ်မှုမြှင့်တင်ရေးမှာလည်း လုပ်ငန်းတစ်ခုချင်း၊ ကုန်စည်တစ်ခုချင်းကို ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်တတ်သော်လည်း မမှန်တာကို ကြော်ငြာပေးလို့မရနိုင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ပြည်သူ၊ နိုင်ငံတော် လုပ်ငန်းတို့ရဲ့ ရေရှည်ကိုပဲကြည့်ပြီး အဓိက ဆောင်ရွက်ရတာဖြစ်ပါတယ်။

ကျွန်တော့်ခေါင်းထဲမှာပေါ်လာတဲ့ ပန်းရောင်းသူများနဲ့ ဥပမာပေးချင်ပါတယ်။ တစ်ထပ်တည်းတော့ တူမယ်မထင်ပါဘူး။ ကျွန်တော်တို့မန္တလေးမှာ မီးပွိုင့်နေရာတွေ၊ လက်ဘက်ရည်ဆိုင်တွေ၊ နောက်

**သူတို့တွေ ကျွန်တော်ကြောင့်**
**နည်းနည်းဖြစ်ဖြစ် ရောင်းအား**
**တက်သွားစေချင်တာပါ။ သူတို့တွေ**
**ရောင်းအားတက်သွားမှ ဝင်ငွေတိုးမယ်၊**
**အကျိုးအမြတ် များလာမယ်။**
**လူနေမှုအဆင့်မြင့်လာမယ်။ ဒါဆို**
**သူတို့ရဲ့ဝယ်နိုင်အား မြင့်လာမယ်။**

တိုးဂိတ်တွေမှာ စပယ်ပန်း၊ ဇွန်ပန်းစတဲ့ ပန်းလေးတွေကိုရောင်းနေတဲ့ ကလေးတွေကို တွေ့ရတတ်ပါတယ်။ တစ်ချို့ကလေးတွေက ကျောင်းပိတ် ရက်တွေမှာ ရောင်းကြတာဖြစ်ပေမယ့် တချို့ကလေးတွေက ကျောင်းမနေနိုင်ဘဲ ဝမ်းစာအတွက် ရှာနေကြရတာဆိုတာ တွေ့ရပါတယ်။ ဒီပန်းရောင်းတဲ့ကလေးတွေထဲမှာ မိန်းကလေးတွေလည်းပါနေတာတွေ့ရပါတယ်။ တချို့ ၁၅-၁၆ အရွယ်လေးတွေပါ ပါနေတာ တွေ့ကြမှာပါ။ သူတို့ပန်းရောင်းနေတာကို တော်တော်များများက မဝယ်ကြပါဘူး။ ကျွန်တော်က တကယ်လို့များ သူတို့တွေရဲ့ ပန်းကလေးတွေမရောင်းရတဲ့ ရက်တွေရှည်လာရင် သူတို့တွေ ဘယ်လိုဝင်ငွေရမှာလဲ၊ ဝင်ငွေအတွက် ပူပန်လာရရင် ဘယ်လိုမျိုးဝင်ငွေရတဲ့ လုပ်ငန်းမျိုးကို ပြောင်းလဲသွားနိုင်သလဲ။ လွယ်လွယ်ငွေရတဲ့ လမ်းကိုပြောင်းသွားကြမလား၊ မကောင်းတဲ့အရောင်းအဝယ်တွေဆီ ရောက်သွားရင် သူ့မိသားစုမှာလည်း ဆုံးရှုံး၊ နိုင်ငံမှာလည်း ဆုံးရှုံးပဲဆိုတဲ့ အတွေးတွေ ဝင်လာရင်း၊ ကျွန်တော့်အတွက် မလိုအပ်လှပေမယ့် ရောင်းချတဲ့ ပန်းကလေးတွေကိုဝယ်ဖြစ်ပါတယ်။ တစ်ယောက်ထဲလာရောင်းရင်များများဝယ်လိုက်သလို နှစ်ယောက် သုံးယောက်လာရောင်းနေရင်လည်း မျှပြီးဝယ်လိုက်ပါတယ်။ သူတို့ တွေမရောင်းလိုက်ရဘူးဖြစ်သွားမှာ စိုးရိမ်မိပါတယ်။ သူတို့တွေ ကျွန်တော်ကြောင့် နည်းနည်းဖြစ်ဖြစ် ရောင်းအားတက်သွားစေချင်တာပါ။ သူတို့တွေ ရောင်းအားတက်သွားမှ ဝင်ငွေတိုးမယ်၊ အကျိုးအမြတ် များလာမယ်။ လူနေမှုအဆင့်မြင့်လာမယ်။ဒါဆို သူတို့ရဲ့ဝယ်နိုင်အား မြင့်လာမယ်။ တစ်ဖက်ကလည်း ပန်းထုတ်လုပ်မှု မြင့်လာမယ်ဆိုတဲ့ Value Chain လည်ပတ်မှုကောင်းလာမယ်လို့ မျှော်လင့်ပြီး သေးသေးလေးတစ်ခု လုပ်ကြည့်မိတာပါ။သူတို့ရဲ့အဓိကရည်ရွယ်ချက်က စားဝတ်နေရေး ပြေလည်ဖို့ပါပဲ။

ငယ်ဘဝက စင်တင်တေးဂီတဆိုင်တစ်ခုကို ရောက်ဖူးပါတယ်။ဘီယာ၊အရက်မျိုးစုံရောင်းတဲ့ စားသောက် ဆိုင်တစ်ခုပါ။ အလယ်မှာ Stage တစ်ခုရှိပြီး မိန်းကလေးများက စင်ပေါ်မှာဆိုနေကြတာကို အောက်က ယောကျ်ားလေးများက အားပေးကြည့်ရှုကြတာပေါ့ဗျာ။ ကြည့်နေရင်းနဲ့ ကိုယ်သိတဲ့ မိန်းကလေး၊ ဒါမှမဟုတ် ကိုယ်သဘောကျတဲ့ မိန်းကလေးဆိုရင် ပန်းကုံးတွေ၊ ပန်းတွေဝယ်ပြီးဆုပေးကြပါတယ်။ ကိုယ်တိုင်တက်ပြီးပေးကြပါတယ်။ ပန်းကတော့ အစစ်မဟုတ်တာများပါတယ်။ ပန်းကုံးများက ဆိုင်ရဲ့ကောင်တာမှာ ချိတ်ရောင်းချတာဖြစ်ပါတယ်။ ဒီပန်းတွေပေးရင် ချီးမြှင့်ရင် အဆိုရှင်မိန်းကလေးက ဆိုင်ကိုပြန်သွင်း၊ ဆိုင်ရှင်ပေးတဲ့ ပန်းကုံးတန်ဖိုးရဲ့ သုံးပုံတစ်ပုံလောက်တော့ ငွေပြန်ရတယ်လို့ပြောကြပါတယ်။ ဒါကြောင့် ချီးမြှင့်တဲ့ စေတနာထက်သန်တဲ့ အမျိုးကောင်းသားများက ပန်းကုံးအစား၊ ငွေစက္ကူတွေကို ပန်းကုံးလိုသီပြီး ဆုချကြတာလဲတွေ့ရပါတယ်။ စင်တင်မှာ သီဆိုဖြေဖျော်သူမိန်းကလေးတွေက ကျေးဇူးတင်တဲ့အထိမ်းအမှတ်နဲ့ သူတို့ရဲ့ဖောက်သည်ကြီးများနဲ့အတူ လာထိုင်သောက်စား မှာကြားပေးကြတာတွေလည်း တွေ့ရပါတယ်။ ဒီကနေ့ ပန်းကလေးရောင်းဝယ်မှုဟာ အဆင့်တက်သွားတာတွေလဲရှိတယ်။ Marketing နဲ့ Advertising အရပဲဖြစ်ဖြစ်၊ Product ရဲ့ Quality အရပဲဖြစ်ဖြစ် အရောင်းအဝယ်အဆင့်တွေ မြင့်တက်သွားတာ၊ အကျိုးရှိသွားတာ၊ အကျိုးမဲ့သွားတာတွေလည်းရှိတယ်ဆိုတဲ့ စင်တင်တေးဂီတ ဟု ပြောသော ပန်းဈေးခင်းပုံစံတစ်ခုအကြောင်းကို ကြားရပါတယ်။ သူတို့တွေလည်း စားဝတ်နေရေးအတွက်ကော၊ ဘဝကို တိုးတက်မြင့်မားချင်သူများအတွက်ကော၊ ရည်ရွယ်ချက်တွေနဲ့ ဝင်ရောက်ကြတဲ့ ဈေးကွက်တစ်ခုလို့ ထင်ပါတယ်။

ကျွန်တော်တို့ မန္တလေးကျုံးကြီးရဲ့ အရှေ့တောင်ထောင့် ၆၆ လမ်းနဲ့ ၂၆လမ်းဆုံရာမီးပွိုင့်၊ တစ်နည်းပြောရရင် ဆီဒိုးနားဟိုတယ်ရှေ့က မီးပွိုင့်မှာ အဝတ်အစားကောင်းကောင်းမွန်မွန်နဲ့ လူငယ်လေးတွေ၊ စပယ်ပန်း၊ ဇွန်ပန်းတွေကို ကားတွေအသီးသီးလိုက်ရောင်းနေတာတွေ့ဖူးလိုက်ပါတယ်။ ထူးခြားနေလို့ ကျွန်တော်လည်း သူတို့ရဲ့ ပန်းရောင်းရခြင်း ရည်ရွယ်ချက်ကို မေးကြည့်တဲ့အခါ စာမသင်နိုင်တဲ့ ကလေးငယ်တွေကို လမ်းဘေးစာသင်ဝိုင်းတွေ လုပ်ပေးဖို့ အရင်းအနှီး၊ စာအုပ်ဖိုးရှာနေတာလို့သိရတဲ့အတွက် တစ်ရာနှစ်ရာတန်တဲ့ ပန်းကုံးလေးကို တစ်ထောင်ပေးပြီး ယူလိုက်မိပါတယ်။ ဒါကလည်း ရည်ရွယ်ချက် တစ်မျိုးပါ။ မနက်ပိုင်း ပြင်ဦးလွင်က ဆင်းလာရင် နံနက် ၉၊ ၁၀၊ ၁၁ နာရီ ပတ်ဝန်းကျင်မှာ လက်ကောင်းရွာကိုကျော်ရင် ပန်းဈေးတန်းတစ်ခုကို ရောင်စုံမြင်ရပါလိမ့်မယ်။ခြံအသီးသီးက ဆိုင်ကယ်တွေနဲ့ တင်လာပြီး ဒီဈေးလေးမှာ ရောင်းချနေတာ ရောင်စုံပန်းခင်းကြီးဖြစ်နေပါတယ်။ သူတို့တွေရဲ့ ရည်ရွယ်ချက်ကလည်း စားဝတ်နေရေးနဲ့ ကြီးပွားတိုးတက်ဖို့ပါ။ ဒါပေမယ့် သူတို့တွေ့ရဲ့ ရောင်းဝယ်မှုနောက်မှာ ကြီးမားတဲ့ဈေးကွက်၊ ဖွံ့ဖြိုးတိုးတက်မှုတွေ မြင်ရမှာပါ။

အထက်က ပြောခဲ့တဲ့ ပန်းရောင်းသူလေးမျိုးမှာ ဘယ်ပန်းရောင်းသူဖြစ်ချင်ပါသလဲ။ ကျွန်တော်တို့ကရော ဘယ်ပန်းရောင်းချရေးအတွက် ကုန်သွယ်မှုကိုမြှင့်ရမှာလဲ။ ဘာတွေပဲဖြစ်ဖြစ် ပွင့်သောပန်းတိုင်း လန်းဖို့လိုသလို ပန်းရောင်းသူများအနေနဲ့လည်း ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက် တစ်ခုထဲမကြည့်ဘဲ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်မိသားစု ဂုဏ်သိက္ခာ၊ ရောင်းချမှုအပေါ် ထားရမယ့် သစ္စာတရား၊ တိုင်းပြည်နဲ့လူမျိုးအပေါ် ထားရှိရမယ့် သစ္စာတရားတွေကိုလည်း လေးစားပြီး ရောင်းဝယ်ကြဖို့လိုမယ်လို့ ထင်ပါကြောင်း တင်ပြအပ်ပါတယ်။

**(သမီးလေးရဲ့မွေးနေ့အမှတ်တရ)**

## ဟောင်ကောင်တွင် ပြသမည့် Hong Kong International Diamond, Gem & Pearl Show ပြပွဲ

Hong Kong International Diamond, Gem & Pearl Show ပြပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဟောင်ကောင်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါ ပြပွဲသို့ နီနိုပုလဲမွေးမြူရေးကုမ္ပဏီ လီမိတက် (Niino Pearl Culturing Co., Ltd) မှ မြန်မာ့ပုလဲများအား သွားရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (IT)

## တတိယမြောက်နယ်စပ်ဈေးကို အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ဇန်နဝါရီလ ၁၃ ရက်နေ့၌ ဖွင့်လှစ်မည်

အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရဲ့ တတိယမြောက်နဲ့တြိပူရအတွက် ပထမဆုံးနယ်စပ်ဈေး ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်မှာ ပြုလုပ်မယ်လို့ သတင်းရရှိပါတယ်။

တြိပူရအတွက်ပထမဆုံးနယ်စပ်ဈေးဖြစ်ပြီး ယခင်ဖွင့်ပြီး နယ်စပ်ဈေးတွေကတော့ ၂၀၁၂ ခုနှစ်က ဖွင့်ခဲ့တဲ့ အိန္ဒိယဖက် Meghalaya's Kalaichar၊ ဘင်္ဂလားဒေ့ရှ်ဖက် Baliamari၊ အိန္ဒိယဖက် Balat နဲ့ ဘင်္ဂလားဒေ့ရှ်ဖက် Dalora မှာ ဖွင့်တဲ့ဈေးများဖြစ်ပါတယ်။

နယ်စပ်ဈေးများမှာ လယ်ယာထွက်ကုန်နဲ့ ဥယျာဉ်ခြံမြေထွက် သစ်သီးဝလံဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်၊ ကျွန်းသစ်မှအပ သစ်တောထွက်ကုန်ပစ္စည်းများ၊ နို့နဲ့ နို့ထွက်ပစ္စည်း၊ ကြက်/ဘဲ ထွက်ပစ္စည်း၊ ငါးခြောက်နဲ့ ငါး(အစို)များ၊ အိမ်တွင်းလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ သစ်သားနဲ့ ပြုလုပ်ထားသော ပရိဘောဂများ၊ အိမ်အလှဆင်လက်မှု အနုပညာပစ္စည်းများရောင်းချခွင့် ပြုထားတာဖြစ်ပါတယ်။

တြိပူရမှာ ဖွင့်မယ့်နယ်စပ်ဈေးအတွက်အခြေခံ အဆောက်အအုံများမှာ လွန်ခဲ့တဲ့ နှစ်လခန့်ကပင် ပြီးစီးခဲ့ပြီဖြစ်ရာ မကြာမီရက်ပိုင်းတွင်း ဖွင့်လှစ်တော့မှာဖြစ်တယ်လို့ စက်မှုနဲ့ကူးသန်းရောင်းဝယ်ရေးဌာနမှ အတွင်းဝန်ဖြစ်သူ Pravin L-Agrawal ကပြောကြားခဲ့တာဖြစ်ပါတယ်။ ယခုဖွင့်ပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Nirmala Sitharaman နဲ့ ဘင်္ဂလားဒေ့ရှ်မှ ဝန်ကြီးတစ်ဦး တက်ရောက်မယ်လို့ သိရပါတယ်။ ဖွင့်ပွဲအခမ်းအနားကို Srinagar တွင်ကျင်းပမှာဖြစ်ပြီး အဲဒီ Srinagar မြို့ဟာ Agartala မှ ၁၄၀ ကီလိုမီတာအကွာမှာ ရှိပါတယ်။ ဒါ့အပြင် တြိပူရရှိ Kamalasagon မှာလည်း နောက်ထပ်နယ်စပ်ဈေးတစ်ဈေးဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိတယ်လို့ ဆိုပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ဘင်္ဂလားဒေ့ရှ် အိန္ဒိယ နယ်စပ်တစ်လျှောက်မှာ နယ်စပ်ဈေး ၇၀ ထိ ဖွင့်လှစ်သွားရန် ရည်ရွယ်ထားတယ်လို့ သိရပါတယ်။

အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရတို့ဟာ ပြည်နယ် ၅ ခုမှာ နယ်စပ်ဈေး ၇၀ ကို ဖွင့်လှစ်သွားဖို့ ရည်ရွယ်ထားသလို အိန္ဒိယ-မြန်မာနယ်စပ်မှာလည်း တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုတိုးတက်စေရေးအတွက် နယ်စပ်ဈေး ၁၅ ခု ဖွင့်လှစ်သွားရန် အဆိုပြုထားတယ်လို့ သတင်းဖော်ပြချက်အရ သိရပါတယ်။

မိဇိုရမ်နယ်စပ်နဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ နယ်စပ်ဈေးဖွင့်လှစ်ရန် နေရာလေးနေရာရွေးချယ် ထားပြီး ဖြစ်တယ်လို့သိရပါတယ်။ ပြည်နယ်အလိုက် ဖွင့်လှစ်သွားမယ့် ဈေးအရေအတွက်တွေကတော့ အနောက်ဘင်္ဂလားမှာ နယ်စပ်ဈေး ၃၅ ခု၊ Meghalaya နယ်စပ်မှာ ၂၂ ခုနဲ့ အာသံပြည်နယ် တြိပူရမှာ ၅ ခုဖြစ်ပါတယ်။ နယ်စပ်လုံခြုံရေးတပ်ဖွဲ့ဟာ အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်လျှောက်နယ်စပ်ဈေး ဖွင့်လှစ်မယ့်နေရာ ရွေးချယ်ရေးအဖွဲ့မှာ ပါဝင်လုပ်ဆောင်လျက်ရှိပါတယ်။

အိန္ဒိယ-မြန်မာ နယ်စပ်တစ်လျှောက် အရှေ့နာချာ့ဂလန်ဒ်ရှိ မဏိပူရ၊ နာဂလင်းနဲ့ မိဇိုရမ်ထိ ကီလိုမီတာ ၁၆၄၃ ကီလိုမီတာ တစ်လျှောက်မှာ နယ်စပ်ဈေးများဖွင့်လှစ်နိုင်ခြင်းဖြင့် အိန္ဒိယအနောက်မြောက်ဒေသဖွံ့ဖြိုးရေးအတွက် အလွန်အထောက်အကူပြုနိုင်မှာဖြစ်တယ်လို့ မဏိပူရအစိုးရက ပြောကြားပါတယ်။

CMK

## (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်တွင် ပြခန်းပေါင်း ၄၀ နီးပါး ပါဝင်ပြသမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရမှကြီးမှူး၍ ပြပွဲစီစဉ်သူအဖြစ် မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီမှတာဝန်ယူကျင်းပမည့် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သော (၆၇) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်နှင့် ကုန်စည်ပြပွဲအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှ ၁၁ ရက်နေ့အထိ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ ကချင်ရိုးရာမနောကွင်းတွင် နံနက် ၉ နာရီမှ ည ၉ နာရီထိ ခုနစ်ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယခုပြပွဲသည် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်နှင့်အတူ ကုန်စည်ပြပွဲပူးတွဲကျင်းပခြင်း ဖြစ်ပြီး ရိုးရာအကပဒေသာ၊ မနောမယ်/မနောမောင်ပြိုင်ပွဲ၊ တေးသီချင်းအဆိုပြိုင်ပွဲ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်၊ ဘောလုံး၊ မာရသွန်၊ အားကစားပြိုင်ပွဲအမျိုးမျိုးနှင့် နိုင်ငံကျော်အဆိုတော်များပါဝင်သော စင်တင်တေးဂီတများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့ပြင် ကချင်တိုင်းရင်းသားတို့၏ နှစ်စဉ်ကျင်းပသည့် မနောပွဲတော်လေ့ထုံးတမ်းများကို လေ့လာခွင့်ရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုတိုးမြှင့်ရေး နှင့် ကချင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်း ရှင်များအတွက်လည်း အရေးပါတဲ့ အခမ်းအနားဖြစ်ပါကြောင်း သတင်းရရှိပါသည်။

အဆိုပါပြပွဲတွင် နှစ်နိုင်ငံမှ ဒေသထွက်ကုန်ပစ္စည်းများအား ခင်းကျင်းပြသမည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များအတွက်ပြခန်း ၂၃ ခန်းခန့်၊ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များအတွက် ပြခန်း ၁၅ ခန်းခန့်ဖြင့် ပြသသွားရန်စီစဉ်ထားပါသည်။ မြန်မာနိုင်ငံဘက်မှ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာအနုပညာလက်မှုထည်များ၊ တိုင်းရင်းဆေးဝါးများ၊ လက်ဖက်၊ ငှက်သိုက် ထွက်ကုန်များ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ စားသောက်ကုန်၊ သစ်သီး၊ ဆေးဝါး၊ လက်ဖက်၊ သယ်ဆောင်ရလွယ်ကူသော နေရောင်ခြည်သုံးအားသွင်းကိရိယာများအား ခင်းကျင်းပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (IT)

## မကွေးမြို့နယ်၊ မြို့မဈေးကြီးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်ကျောင်းများ၊ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲများကိုအပတ်စဉ် ကျင်းပလျက်ရှိရာ ဒီဇင်ဘာလ ၁၇ ရက်နေ့က မကွေးမြို့ မြို့မဈေးကြီးတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများ၊ ဈေးကော်မတီဝင် ၂၀ ဦး ဈေးသူဈေးသား ၅၀ ဦးနှင့် စားသုံးသူရေးရာဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာအသိပညာပေးစာစောင်များ၊ ပိုစတာများဖြန့်ဝေပေးခဲ့ပါသည်။

အဆိုပါစားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က မကွေးတိုင်းဒေသကြီးတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဖွင့်လှစ်ခဲ့သည်မှာ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တစ်နှစ်တိတိပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း စားသုံးသူ အသိပညာအမြန်ပြန့်ပွားရေးမှာ ကျောင်းများ၊ ဈေးများမှ စတင်ပြီးဆောင်ရွက်မှ သာအောင်မြင်မှာ ဖြစ်ပါကြောင်း ပြောကြားကာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ အကြောင်းကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်များတွင် အသုံးပြုသော ပိုးသတ်ဆေးများ၏ အန္တရာယ်ရှိပုံ၊ သစ်သီးဝလံများတွင် အသုံးပြုနေသော မှည့်ဆေးများ၊ ကြာရှည်ခံဆေးများ၏ အန္တရာယ်ရှိပုံ၊ ဈေးအတွင်းကျယ်ပြန့်စွာနေရာယူလျက်ရှိသော အချိုရည်ဗူးများတွင် (FDA) ၏ ထောက်ခံချက်ပါမှသာ ရောင်းချကြပါရန်နှင့် ငါးပိ၊ ငါးခြောက်များတွင် စားသုံးသူအကြိုက် အမြင်လှပအောင် အရောင်ဆိုး၍ ရောင်းချခြင်း မပြုကြရန်လည်းကောင်း၊ ယင်မနားဆေးများ အသုံးမပြုကြဘဲ အဖုံးအုပ်၍သာ ရောင်းချကြရန် လည်းကောင်းစသည်ဖြင့် ပြောကြားပြီး စားသုံးသူပြည်သူများ အန္တရာယ်မဖြစ်စေရန်နှင့် စေတနာထားလုပ်ဆောင်ပေးကြရန် ဈေးသူ၊ ဈေးသား၊ ဈေးတာဝန်ရှိသူများကိုဆွေးနွေးဟောပြောခဲ့ပါသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဦးစီးမှူးနှင့်ဝန်ထမ်းများ ဈေးတာဝန်ရှိသူများသည် မကွေးမြို့ မြို့မဈေးအတွင်း ရှိမုန့်ဆိုင်များ၊ ငါးပိ၊ ငါးခြောက်ဆိုင်များနှင့် ဟင်းသီးဟင်းရွက်ဆိုင်များသို့ လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသော၊ လတ်ဆတ်သော၊ ပြည်သူလူထု ဘေးအန္တရာယ်ကင်းသော စားသောက်ဖွယ်ရာများကိုသာ စေတနာရှေ့ထားရောင်းချပေးကြပါရန် ညွှန်ကြားကာ လက်ကမ်းစာစောင်များ၊ ပိုစတာများဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဝင်းထွန်း(စားသုံးသူ၊ မကွေး)

## အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် 7th Agricultural Summit "AGRI @ 8% - Challenges and Way out"

7th Agricultural Summit "AGRI @ 8% - Challenges and Way out" ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ လ ၁၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ Shangri-La Hotel တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အကျိုးသက်ရောက်မှု ရှိစေမည့် အကြောင်းအရာများနှင့် ပတ်သက်၍ အဓိကထားဆွေးနွေးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ အကြား အသိပညာ၊ နည်းပညာများ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သုတေသနပညာရှင်များ၊ အစားအစာသုတေသနပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များမှလည်း ၎င်းတို့၏ အတွေ့အကြုံများ ဝေမျှနိုင်ရန် တက်ရောက်မည်ဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (ကုန်စည်ပြပွဲဌာနစိတ်)၊ သမဝါယမ ဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်း ရရှိပါသည်။

ဥမ္မာကြူ (IT)

Commodity Exchange News
Vol: 15, No.1 Monday Jan 5 2015

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ရောင်းဈေးမြင့်လာ၊ ပဲစင်းငုံနီအိန္ဒိယ အဆွဲပြန်လိုက်လာလို့ ဈေးမြင့်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယ ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကို ၈၈၂၀၀၀ ခန့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲပစ္စည်း (အဟောင်း)ကလည်း လက်ကျန်လျော့လာသလို နယ်ဈေးကွက်အသီးသီးမှာလည်း မတ်ပဲ(သစ်)တွေ စတင်ဝင်ရောက်နေကြောင်းသိရပါတယ်။ ပဲစင်းငုံနီ (RC)ကို ဒီတစ်ပတ်မှာ အိန္ဒိယဘက်မှ အဆွဲပြန်လိုက်လာတာကြောင့် ဈေးမြင့်လာပြီး တစ်တန်ကို ၇၇၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးစွာ၊ ပဲတီစိမ်းပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်) ပုံမှန်ဝင်နေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားကောင်းတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၁၅ ကျပ် (တစ်တန်ကို ၇၄၄၀၅၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကိုတော့ ရန်ကုန်-မန္တလေး ဝယ်လက်က တစ်ပိဿာကို ၁၈၄၂ ကျပ် (တစ်တန်ကို ၁၁၂၈၀၂၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်လှိုင်၍ ဈေးငြိမ်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းသစ်တွေ အဝင်လှိုင်လာသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးအပေါ်မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးအပြောင်းအလဲမရှိဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၃ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတန့်

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းတန်ချိန် ၃ သောင်းကျော် ဝင်ရောက်ခဲ့သလို တရုတ်ဘက်ကလည်း ပုံမှန်အဆွဲရှိနေပေမယ့် ပြောင်းအဝင်လှိုင်တာကြောင့် ဈေးကောင်းမရဘဲ ဈေးတန့်နေကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၈ ယွမ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်ဈေးပေးအဝယ်ရှိ၊ သိပ္ပံနှမ်း ဈေးငြိမ်၊ ပဲတီစိမ်းအရောင်းအဝယ်သွက်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက် ဝယ်လိုအားများသလို ရောင်းသူဘက်ကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၁၅ ကျပ် (တစ်တန်ကို ၇၄၄၀၅၃ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၃၃၅ ကျပ်ဈေးဖြင့်ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပဲတီစိမ်းကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၉၂၅ ကျပ် (တစ်တန်ကို ၁၁၇၈၈၅၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၅-၁-၂၀၁၅)

ခင်မောင်မောင်အုန်း



## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီ ဈေးမာ၊ စိမ်းကြီး ဈေးကျ၊ မတ်ပဲ(သစ်) ဝင်ရောက်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ဈေးကွက်ထဲ ဝင်ရောက်လာတဲ့ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ဈေးပေးအဝယ်ရှိလို့ ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၀၈ ကျပ် (တစ်တန်ကို ၇၃၉၇၆၇ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲတီစိမ်းကြီး(သစ်)ကိုတရုတ်ဝယ်လက်အပြင်လှောင်လက်တွေပါ ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၈၄ကျပ်(တစ်တန်ကို ၁၁၅၃၇၄၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)တွေ မတ္တရာ၊ ရွှေဘိုနှင့် မိုးညှင်းဘက်မှဆက်တိုက်ဝင်ရောက်မှုရှိနေပြီး တစ်ပိဿာကို ၁၃၈၀ ကျပ် (တစ်တန်ကို ၈၄၅၀၉၈ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ရှမ်းပြောင်းနှင့် စီပီပြောင်းကို တရုတ်အဆွဲပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ရှမ်းပြောင်း တစ်ပိဿာ ၃၆၁ကျပ်၊ စီပီပြောင်းတစ်ပိဿာ ၃၃၈ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန်ပြတ်၊ ပဲလွန်းဖြူနှင့် ပဲလွန်းနီ(သစ်) ဈေးကောင်းရ

ဟင်္သာတဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန် မရှိသလောက်ဖြစ်နေပြီး မတ်ပဲ(သစ်)က ဇန်နဝါရီ ဒုတိယပတ်မှာ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဈေးကွက်သို့ ပဲလွန်းဖြူ (သစ်) ဆက်တိုက်ဝင်ရောက်မှုရှိနေပြီး ဒီတစ်ပတ်မှာတော့ ရန်ကုန်ဝယ်လက်က ဈေးကောင်းပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၉၈၀ ကျပ် (တစ်တန်ကို ၆၀၀၁၄၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ဈေးကွက်ထဲ ပုံမှန်ဝင်ရောက်နေတဲ့ ပဲလွန်းနီကိုလည်း ဝယ်လက်တွေက အရည်အသွေးအပေါ် မူတည်ပြီး ဈေးကောင်းပေးအဝယ်ရှိခဲ့တယ် လို့ဆိုပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ပုံမှန်ဖြစ်၊ ပန်းနှမ်း(သစ်) ဝင်ရောက်

တောင်ကြီးဈေးကွက်မှာ ပြောင်း ပုံမှန်ဝင်ရောက်လျက်ရှိသလို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များကလည်း တစ်ပိဿာကို ၃၅၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒေသထွက်ပန်းနှမ်း (သစ်)များဝင်ရောက်လာပြီး တစ်ပိဿာကို ၁၀၀၀ ကျပ်ဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းနယ်စုံမှပုံမှန်အဝင်ရှိ၊ မတ်ပဲလက်ကျန်နည်း

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းသစ်တွေနယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း အရည်အသွေးအပေါ်မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၂၅ကျပ်(တစ်တန်ကို ၁၀၅၆၃၇၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရသည်။ မတ်ပဲသီးနှံမှာ နယ်စုံမှ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်)ဈေး ဖြင့်နေ့စဉ်အိတ် ၃၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ မတ်ပဲ(သစ်)စတင်ဝင်ရောက်လာ၊ ပြောင်းသီးနှံပုံမှန် အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၃၅၆ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲ(သစ်) ဝင်ရောက်၊ ပဲတီစိမ်း အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ မတ်ပဲ(သစ်)တွေ ပုံမှန်ဝင်ရောက်ခဲ့သလို ရန်ကုန်ဝယ်လက်၊ ပဲခွဲစက်နှင့်လှောင်လက်တချို့ အဆွဲမျှနေပြီး တစ်ပိဿာကို ၁၃၅၀ ကျပ်(တစ်တန်ကို ၈၂၆၇၂၆ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ မှ ၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း အနေဖြင့် နယ်ပုံမှန်ရှိနေပြီး မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၇၅၀ ကျပ် (တစ်တန်ကို ၁၀၇၁၆၈ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံ ပုံမှန်ရောင်းဝယ် ပဲစင်းငုံနီကို ရန်ကုန်အဆွဲများ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းဆီစက်တွေ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီ တစ်ပိဿာ ၂၄၄၅ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၆၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၃၀၄၅ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၄၀၀၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံ တစ်ပတ်အတွင်း အိတ် ၂၀၀၀ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)အနေဖြင့် ဈေးကွက်သို့ ပုံမှန်ဝင်ရောက်ခဲ့သလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားများတာကြောင့် ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၂၁၀ ကျပ် (တစ်တန်ကို ၇၄၀၉၉၁ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ မှ ၈၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# ITC ကတ်နဲ့ ကုန်သွယ်မှုပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၆ ရက်ထိ ကျပ်သန်း ၆၃၃၀ ကျော်ရှိ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး၊ စားသုံးသူအကာအကွယ်ပေးနိုင်ရေး၊ ရသင့်ရထိုက်သော အခွန်အခများရရှိရေး၊ တရားဝင်လမ်းကြောင်းတွင် ကုန်သွယ်သူများအား အကာအကွယ်ပေးနိုင်ရေး၊ နယ်စပ်ဒေသနေ အသေးစား၊ အလတ်စားကုန်သည်ငယ်များ တရားဝင်လမ်းကြောင်းပေါ်မှ ကုန်သွယ်မှုပြုနိုင်ရေးအတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Individual Trading Card -ITC ) ထုတ်ပေးပြီး ဆောင်ရွက်ခွင့်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့တာဖြစ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ထိ နယ်စပ်ကုန်သွယ် ရေးစခန်းများမှ ITC ကတ် ၃၀၁ စောင်ထုတ်ပေးထားပြီး ပို့ကုန်ကျပ် ၂၂၂၀ သန်း ကျော်နဲ့ သွင်းကုန်ကျပ် ၄၁၀၉ သန်းဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှုပမာဏ ကျပ် သန်း ၆၃၃၀ ကျော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နယ်စပ်စခန်းအလိုက် ITC ကတ်နဲ့ ၂၀၁၂ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့တာတွေကတော့ တမူး၊ မူဆယ် (၁၀၅) မိုင်၊ မြဝတီကုန်သွယ်ရေးဇုန်၊ ၂၀၁၃ ခုနှစ်အတွင်းမှာ တာချီလိတ်၊လွယ်ဂျယ်နဲ့ စစ်တွေ၊ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်၊ ရိဒ်၊ မြိတ်၊ ကော့သောင်း၊ ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်း၊ မောတောင်၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် အတွင်းမှာ မန္တလေးတိုင်းဦးစီးမှူးရုံး၊ ကျိုင်းတုံရုံးခွဲ၊ မြစ်ကြီးနားစခန်းများတွင်လည်းကောင်း အသီးသီးထုတ် ပေးခဲ့ပြီးဖြစ်ပါတယ်။ နှစ်အလိုက် ITC ကတ်ထုတ်ပေးမှုနဲ့ ကုန်သွယ်မှုပမာဏများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

**တန်ဖိုး-ကျပ်သန်း**

| ကာလ | ITC အရေအတွက် | ITC ကတ်နဲ့ ဆောင်ရွက်မှု | | |
|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
| **၂၀၁၂-၂၀၁၃** ၂၁-၁၁-၂၀၁၂ မှ ၃၁-၃-၂၀၁၃ ထိ | ၂၉၂ | ၅၉. ၅၄၀ | ၆၇၈. ၀၄၂ | ၇၃၇. ၅၈၁ |
| **၂၀၁၃-၂၀၁၄** | ၂၆၁ | ၈၄၃. ၁၉၄ | ၅၈၁၃. ၃၂၄ | ၆၆၅၆. ၅၁၈ |
| **၂၀၁၄-၂၀၁၅** ၁-၄-၂၀၁၄ မှ ၂၆-၁၂-၂၀၁၄ ထိ | ၃၀၁ | ၂၂၂၀. ၀၅၂ | ၄၁၀၉. ၄၂၀ | ၆၃၃၀. ၄၇၂ |
| **စုစုပေါင်း** | ၈၅၄ | ၃၁၂၃. ၇၈၆ | ၁၀၆၀၀. ၇၈၆ | ၁၃၇၂၄. ၅၇၁ |

**MIRT (DCCA)**

# ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလကုန်သွယ်မှုပမာဏလျာထားချက်ကို တတိယပတ်အတွင်းမှာပင် ပြည့်မီကျော်လွန်အောင်ဆောင်ရွက်နိုင်

ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက်မှာ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးကို ကူးသန်းရောင်းဝယ်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနမှ စခန်းတာဝန်ခံ၊ နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူတစ်ဦး၊ OSS အဖွဲ့ဝင်ဌာနများနဲ့ ကုန်သည်များ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေးမှာ စခန်းတာဝန်ခံ ဦးဇော်ဝမ်း (လက်ထောက်ညွှန်ကြားရေးမှူး)က ကန်ပိုက်တီး စခန်းအနေဖြင့် ယခု ဒီဇင်ဘာလတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအား ယခင်လများထက်သာလွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်များအပေါ်တွင်လည်း ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူထက်ရော အနီးစပ်ဆုံးကာလထက်ပါ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်ရှိနေသေးတဲ့ ရက်များကိုလည်း လျာထားချက်ကျော်လွန်နေပြီလို့ သဘောမထားဘဲ ရနိုင်သရွေ့ ကုန်သွယ်မှုတိုးတက်အောင် ဆက်လက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဆောင်ရွက်နိုင်မှုအခြေအနေများကတော့-

**ကုန်သွယ်မှုပမာဏဆောင်ရွက်နိုင်မှု**

တန်ဖိုး-ကန်ဒေါ်လာသန်း

| | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|
| ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ထိ | ၁. ၄၂၀ | ၆. ၄၆၁ | ၇. ၈၈၁ |
| ယမန်နှစ်ကာလတူဒီဇင်ဘာလ ၂၅ ရက်နေ့ထိ | ၀. ၅၃၁ | ၁. ၉၃၃ | ၂. ၄၆၄ |
| အနီးစပ်ဆုံးနိုဝင်ဘာလ ၂၅ ရက်နေ့ထိ | ၀. ၃၀၅ | ၃. ၄၉၀ | ၃. ၇၉၅ |

| ဒီဇင်ဘာလ ၂၅ ရက်နေ့ထိ | လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု ဒေါ်လာသန်း | ရာခိုင်နှုန်း |
|---|---|---|
| ပို့ကုန် | ၀. ၇၃၉ | ၁၉၂. ၁၅ |
| သွင်းကုန် | ၄. ၄၅၃ | ၁၄၅. ၀၉ |
| ကုန်သွယ်မှုပမာဏ | ၅. ၁၉၂ | ၁၅၁. ၇၉ |

စခန်းတာဝန်ခံက ဆက်လက်၍ကုန်သွယ်မှုတိုးတက်လာခြင်းအားသုံးသပ်ရပါက ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ တက်လာပြီး နိုင်ငံတော်အား အခွန်အခပေးဆောင်၍ သွားလိုမှုရှိလာခြင်း၊ ဌာနဆိုင်ရာများမှလည်း လုပ်ငန်းရှင်များရဲ့ ကုန်သွယ်မှုအခက်အခဲများအား မိမိတို့ဌာနများရဲ့ လုပ်ထုံးလုပ်နည်း မူဘောင်အတွင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊ ပို့ကုန်သွင်း ကုန်လိုင်စင်များကိုလည်း မြစ်ကြီးနားရုံးခွဲမှ လွယ်ကူလျှင်မြန်အောင် ဆောင်ရွက်ပေးနေခြင်း၊ ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျောများအား တရုတ်ကုန်သည်များ နှင့် ချိတ်ဆက်၍ ထွက်သမျှတင်ပို့နိုင်ခဲ့ခြင်း၊ သွင်းကုန်ပိုင်းတွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် လုပ်ငန်းသုံးယာဉ် ယန္တရားများရဲ့ ဆောက်လုပ်ရေးသုံးပစ္စည်းများ ပိုမိုတင်သွင်းလာခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။

ထို့ပြင် လက်ရှိကချင်ပြည်နယ်အတွင်း ဒေသမငြိမ်မသက်မှုများကြောင့် အချို့ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုပြုရာမှာ စိုးရိမ်စိတ်များရှိနေတာကို သိရှိရကြောင်း၊ လုံခြုံရေးတာဝန်ယူ ရသော မြန်မာနိုင်ငံရဲ တပ်ဖွဲ့အနေနဲ့ လည်း လုံခြုံရေးသတိရှိစွာဖြင့် မိမိစခန်းအတွင်းအဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်းတို့ မရှိစေရေး သတိရှိရှိရှာဖွေစစ်ဆေးရန်လိုကြောင်း၊ သောင်းကျန်းသူများမှ မိမိတို့စခန်းအား နိုင်ငံရေးအမြတ်ထုတ်လိုမှုဖြင့် အဖျက်အမှောက်တစ်ခုခု လုပ်ဆောင်သွားပါက နိုင်ငံရေးသိက္ခာကျဆုံးရမည့်အပြင် ကုန်သွယ်မှုအပေါ်တွင်လည်း ထိခိုက်လာနိုင်ကြောင်း၊ နယ်မြေအေးချမ်းတည်ငြိမ်ပြီး ကုန်သည်လုပ်ငန်းရှင်များက ယုံကြည်မှုရှိမှသာ ကုန်သွယ်မှုဘက်တွင် ယုံယုံကြည်ကြည်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးကို အထူးဂရုပြုရန်နဲ့ နယ်မြေခံများထံမှလည်း သတင်းလက်ဦးမှုရရှိရေး ဆောင်ရွက်ထားစေလိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှလည်း တရားမဝင် လူဝင်/လူထွက်မရှိစေရေး စနစ်တကျစိစစ်ဝင်ထွက်ခွင့်ပြုရန်လိုကြောင်း ထပ်မံပြောကြားခဲ့ပါတယ်။

အစည်းအဝေးတက်ရောက်သူများရဲ့ ဆွေးနွေးတင်ပြချက်များကို စခန်းတာဝန်ခံက ပြန်လည်ပြောကြားရာတွင် ဆောင်းပြောင်းများတင်ပို့သည့်အခါ အရည်အသွေးကောင်းမွန်မှုရှိစေရေး ဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ ဈေးကောင်းရပြီး ဝယ်လက်များမှ လိုချင်လာမည်ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံမှ သွင်းကုန်များ နဲ့အတူ တရားမဝင်ကုန်နဲ့ သတ်ကုန်များမပါရှိရေး၊ ပို့ကုန်ပစ္စည်းများတွင်လည်း သစ်နဲ့ ကျောက်မျက်ရတနာများမပါရှိရေး စိစစ်ဆောင်ရွက်သွားရန်၊ ကျန်ရှိသည့်ရက်များတွင်လည်း ကုန်သွယ်မှု လျာထားချက်ပြည့်မီနေသည်ကို အားရကျေနပ်မနေဘဲ ဆက်လက်၍ တတ်နိုင်သမျှ အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း၊ နောင်လာမယ့်လများမှာလည်း ယခုကဲ့သို့ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

# တရုတ်နှစ်သစ်ကူးပွဲတော်နီးကပ်လာသဖြင့် ဗီယက်နမ်နိုင်ငံမြို့ကြီးများတွင် အစားအစာများကို စစ်ဆေးစောင့်ကြည့်လျက်ရှိ

ဗီယက်နမ်နိုင်ငံတောင်ပိုင်း၏ အဓိကမြို့တော်ဖြစ်သည့် ဟိုချီမင်းမြို့တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျရောက်မည့်တရုတ်နှစ်သစ် ကူးပွဲတော်နီးကပ်လာပြီဖြစ်သဖြင့် ပြည်သူ့ကျန်းမာရေးကို လုံလောက်စွာ အကာအကွယ်ပေးနိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၀၁၅ ခုနှစ်မတ်လ ၁၀ ရက်နေ့အထိ တင်သွင်း/ထုတ်လုပ်လာမည့် အစားအစာများ၏ အရည်အသွေးကို စောင့်ကြည့်စစ်ဆေးမည့် လှုပ်ရှားဆောင်ရွက်မှုတစ်ခုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဟိုချီမင်းမြို့တော် အစားအသောက်သန့်ရှင်းမှုနှင့်လုံခြုံ စိတ်ချရမှုဌာနခွဲ၏ ပြောကြားချက်အရ ဟိုချီမင်းမြို့တော် Interdisciplinary Inspection Teams မှ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တော်အတွင်းရှိ ခရိုင် ၂၄ ခုတို့အတွင်း အစားအသောက်လုံခြုံ စိတ်ချရမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်သည့် အစားအသောက် တင်သွင်းသူများ၊ ထုတ်လုပ်သူများနှင့် ကုန်သည်များအားထိရောက်သည့် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

စုံစမ်းစစ်ဆေးမည့်သူများသည် အသား၊ ငါး၊ ဥ၊ ကိတ်မုန့်၊ သကြားလုံး၊ ယိုစုံ၊ အရက်၊ ဘီယာ၊ အချိုရည်၊ ဟင်းသီးဟင်းရွက်နှပ်များနှင့် ဆီပါသော သီးနှံများကို အဓိကထား၍စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စားသုံးသူများအနေဖြင့် မိမိကိုယ်မိမိအကာအကွယ်ပေးနိုင်ရန်အတွက် အစားအသောက်များဝယ်ယူရာတွင် ပင်ရင်းထုတ်လုပ်သည့်နေရာဒေသပါဝင်ခြင်းမရှိသော သို့မဟုတ် ပင်ရင်း ထုတ်လုပ်သည့်ဒေသထင်ရှားစွာ ဖော်ပြထားခြင်းမရှိသော သို့မဟုတ် အရည်အသွေးအသိအမှတ်ပြုလက်မှတ်မပါရှိသော အစားအသောက်များကို ဝယ်ယူခြင်းမပြုရန်၊ အစားအသောက်များဝယ်ယူရာတွင် အထုပ်အပိုးပေါ်ရှိ ထုတ်လုပ်သူအမည်၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲတို့ကို သေချာစွာကြည့်ရှု၍ ဝယ်ယူကြရန်တို့ကိုလည်း ဟိုချီမင်းမြို့တော် အစားအသောက်သန့်ရှင်းမှုနှင့်လုံခြုံစိတ်ချရမှုဌာနခွဲမှ တာဝန်ရှိသူများက အကြံပေးပြောကြားခဲ့ပါသည်။

စားသုံးသူများအနေဖြင့် အစားအသောက်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်သည့်ချိုးဖောက်မှုများကို တွေ့ရှိရပါက ဒေသခံအာဏာပိုင်များအား ချက်ချင်းသတင်းပေးပို့ရန်နှင့် သို့မှသာ ချိုးဖောက်မှုများကို လျင်မြန် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းလည်း သက်ဆိုင်ရာတာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။ လက်ရှိ ကာလတွင် အစားအသောက်လုံခြုံစိတ်ချရမှုဆိုင်ရာဗဟိုထိန်းသိမ်းကြီးကြပ်ရေးကော်မတီသည် ပြည်နယ်နှင့်မြို့ တော် ၁၂ ခုတွင် အစားအသောက်လုံခြုံစိတ်ချရမှု စစ်ဆေးရန် စစ်ဆေးသည့်အဖွဲ့အစည်းခြောက်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ပြီး အဓိကစစ်ဆေးဆောင်ရွက်သွားမည့်သူများနှင့်နေရာများမှာ အစားအသောက်တင်သွင်းသူများ၊ ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သူများနှင့် ကုန်သည်များ၊ ဈေးဆိုင်များ၊ ဈေးများ၊ စူပါမတ်ကတ်များနှင့် ကုန်သွယ်မှုဌာနများ ဖြစ်ကြပါသည်။ အစားအသောက်လုံခြုံစိတ်ချရမှုဆိုင်ရာ ဗဟိုထိန်းသိမ်းကြီးကြပ်ရေးကော်မတီသည် ဗီယက်နမ်နိုင်ငံအတွင်းရှိ နေရာဒေသ ၁၂ ခုအတွင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှစတင်ကာ နှစ်သစ်ကူးပွဲတော်တွင် စားသုံးမည့်စားသုံးသူကုန်စည်များဖြစ်သည့် အသား၊ ငါး၊ အရက်၊ ဘီယာနှင့် မုန့်များ၏နမူနာများကိုယူဆောင်၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**

## မူဆယ်မှ ဆီးသီး၊ သခွား စုံလင်စွာ တင်ပို့

မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ အများဆုံးတင်ပို့တဲ့ သစ်သီးဝလံများမှာ ဖရဲ၊ သခွား၊ သရက်နဲ့ အခြားသစ်သီးဝလံများဖြစ်ပြီး မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဒီဇင်ဘာလ ၂၀ ရက် မှ ၂၆ ရက်အတွင်း ကန်ဒေါ်လာ ၃၉၀၁၁ တန်ဖိုးရှိ ဆီးသီး ၂၈၆ တန်ခွဲ၊ ကန်ဒေါ်လာ ၃ ဒသမ ၉၈၁ သန်း တန်ဖိုးရှိ ဖရဲသီး ၃၁၃၅၀ တန်နဲ့ကန်ဒေါ်လာ သုည ဒသမ ၉၈၃ သန်းတန်ဖိုးရှိ သခွားမွေး ၄၈၂၀ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ဖရဲသီး ၄၆ တန်ကိုလည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ဆီးသီးတင်ပို့မှုမရှိခဲ့ဘဲ ဖရဲသီးနဲ့ သခွားမွေးသာတင်ပို့မှုရှိခဲ့ပါတယ်။ မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်သို့ နေ့စဉ် ဖရဲကားအစီး ၂၅၀-၃၀၀ ခန့်၊ သခွားမွေးကားအစီး ၇၀-၁၀၀ ခန့်၊ ဆီးသီးကား ၃-၁၅ စီးကြား နေ့စဉ် ပုံမှန်အဝင်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ငါးမှုန့် တန်ချိန်ပေါင်း ၁၄၇၀ တန်ကျော်တင်ပို့

မြန်မာ- ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၉၃ သန်းတန်ဖိုးရှိ ငါးမှုန့် ၁၄၈၀ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာတော့ တန်ချိန် ၁၄၃၈၆ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ ၈ ဒသမ ၂၆၈ သန်း တင်ပို့နိုင်ခဲ့ပြီး ဩဂုတ်လအတွင်းမှာတော့ အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ လအလိုက်တင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

တန်ဖိုး-ဒေါ်လာသန်း

| စဉ် | လအမည် | တန်ချိန် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဧပြီ | ၆၂၀. ၆၀ | ၀. ၃၄၁ |
| ၂။ | မေ | ၁၅၃၀. ၀၀ | ၀. ၈၄၂ |
| ၃။ | ဇွန် | ၁၄၀၀. ၀၀ | ၀. ၇၇၀ |
| ၄။ | ဇူလိုင် | ၁၃၄၅. ၀၀ | ၀. ၇၅၂ |
| ၅။ | ဩဂုတ် | ၃၁၄၀. ၀၀ | ၁. ၇၆၉ |
| ၆။ | စက်တင်ဘာ | ၁၄၇၅. ၀၀ | ၀. ၈၃၀ |
| ၇။ | အောက်တိုဘာ | ၁၃၆၀. ၉၀ | ၀. ၇၇၁ |
| ၈။ | နိုဝင်ဘာ | ၂၀၃၅. ၀၀ | ၁. ၂၀၀ |
| ၉။ | ဒီဇင်ဘာ | ၁၄၈၀. ၀၀ | ၀. ၉၉၃ |

ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ရက်အတွင်းမှာတော့ တန်ချိန် ၂၀၀၊ တန်ဖိုး ကန်ဒေါ်လာသုည ဒသမ၁၁၀ သန်းတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကျင်းပ

တမူးနယ်စပ်ကုန်သွယ်ရေး စခန်းရဲ့ ဒီဇင်ဘာလအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို တမူးနယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမတွင် ဒီဇင်ဘာလ ၃၀ ရက်က ကျင်းပခဲ့ပါတယ်။ အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ OSS ဌာနတာဝန်ခံများ၊ FDA ရုံးခွဲ၊ အပင်နှင့် ပိုးမွှားကာကွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကလေး-တမူး-ကလေးဝနယ်စပ်ကုန်သွယ်ရေး ကုန်သည် အသင်းဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ITC လုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်လိုင်း ဂိတ်တာဝန်ခံများ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အစည်းအဝေးတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမဲ့အချက်များအဖြစ် ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလရဲ့ ကုန်သွယ်မှုလျာထားချက်မှာ ၄ ဒသမ ၁၁၈ ဒေါ်လာသန်းပေါင်းဖြစ်ပြီး ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၅ ရက်နေ့ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ၃ ဒသမ ၇၈၇ ဒေါ်လာသန်းပေါင်းဖြစ်၍ လျာထားချက်အပေါ် ၉၁ ဒသမ ၉၆ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်သေးတဲ့အတွက် လျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းများတင်သွင်းရာ၌ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနတွင် ထောက်ခံချက် လက်မှတ်လျှောက်ထားရယူ စစ်ဆေးမှုခံယူပြီးမှ တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်၊ တစ်ဖက်နိုင်ငံ မဏ္ဍပ်ပူရပြည်နယ်အတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပေါ်နေကြောင်း၊ တမူးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ သတင်းရရှိထားသဖြင့် ကြက်ဥ၊ ကြက်သားပေါက်များအား တရားမဝင် တင်သွင်းခြင်းမပြုလုပ်ရန်၊ ပြည်ပမှ ကြက်ဥ၊ ကြက်သားများ တင်သွင်းပါက မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာန၌ စစ်ဆေးမှုခံယူရန် လျှောက်ထားရမည်ဖြစ်ပြီး ထောက်ခံချက်လက်မှတ်ရရှိပြီးမှသာ တင်သွင်းနိုင်ရေး သက်ဆိုင်ရာဌာနများတွင် ဆက်လက်ဆောင်ရွက်ရန်၊ တစ်ဖက် အိန္ဒိယနိုင်ငံထွက် စားသောက်ကုန်များ ဖြစ်တဲ့ (ပါပလာ၊ ချိုချဉ်၊ ဘီစကစ်မျိုးစုံ) အစရှိတဲ့ ပစ္စည်းတွေ မိုရေးနဲ့ အင်ဖာမြို့ လက်လီဈေးကွက်အတွင်းမှ မှာယူနေကြရသဖြင့် တစ်ဖက်နိုင်ငံ FDA ထောက်ခံချက်ရရှိရန် ခက်ခဲသောကြောင့် FDA ရုံးချုပ်သို့ အစားအသောက်နမူနာပေးပို့အစစ်ဆေးခံပြီး စားသုံးရန်သင့်တော်ပါက FDA ထောက်ခံချက်ထုတ်ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးအပင်နဲ့ အပင်ထွက်ပစ္စည်းများ တင်သွင်းရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားတဲ့ လုပ်ထုံးလုပ်နည်းအတိုင်း တင်သွင်းဆောင်ရွက်ရန်နဲ့ ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် တရားဝင်လမ်းကြောင်းမှသာ ကုန်သွယ်မှုဆောင်ရွက်ကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA)**

## ဒီဇင်ဘာလ ၁၉ရက်အတွင်း ပင်လယ်ငါးရှဉ့် ၁၀ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလ ၁၉ ရက်တာကာလ အတွင်းကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိ ပင်လယ်ငါးရှဉ့် ၁၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်တွင်းမှာလည်း တန်ချိန် ၃ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်းဖိုးတင်ပို့ နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်ထက် ၁ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရှိရပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မူဆယ်နယ်စပ်မှ ဖရဲ၊ သခွားမွေးနှင့်အုန်းသီးများတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀ ရက်အတွင်း ကန် ဒေါ်လာ ၅ ဒသမ ၇၁၃ သန်းတန်ဖိုးရှိ ဖရဲသီး ၄၃၄၂၆ တန်ခွဲနဲ့ ကန် ကန်ဒေါ်လာ ၂ ဒသမ ၄၅၆ သန်း တန်ဖိုးရှိ သခွားမွေး ၁၂၀၃၉ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ လွယ်ဂျယ်စခန်းကတော့ ကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်းဖိုးရှိ ဖရဲသီး တန် ၂၇၀ ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဖရဲ၊ သခွားအပြင် မူဆယ်မှ တစ်ဆင့် တရုတ်ပြည်ကို ကန်ဒေါ်လာ ၁၄၅၅ တန်ဖိုးရှိ အုန်း သီး ၉ တန်ခွဲနှင့် ကန်ဒေါ်လာ ၄၀၈ တန်ဖိုးရှိဆီးသီး ၃ တန် ကိုလည်း တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ဖရဲသီးကို တရုတ်နိုင်ငံက တစ်နှစ်ထက်တစ်နှစ် ပိုပြီးအဝယ်လိုက်လာရာက တောင်သူတွေကလည်း ဖရဲကို ပိုစိုက်လာကြကြောင်း၊ မြန်မာနိုင်ငံက စိုက်တဲ့ ဖရဲများကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံကို အဓိက တင်ပို့ကြောင်း၊ ထိုသို့ တင်ပို့ရန် အနည်းဆုံး အရှည် တစ်ပေနဲ့ လုံးပတ်နှစ်ပေ အရွယ်ရှိတဲ့ ဖရဲသီးများကိုသာ ဝယ်ယူလေ့ရှိကြောင်း၊ သခွားမွေးဈေးကွက်အခြေအနေကတော့ စိုက်ခင်းထဲမှ အသီးများကို လူငှားနဲ့ဆွတ်ပြီး အညှာဖြတ်ကာ သတင်းစာစက္ကူနဲ့ထုတ်ပြီး ဆယ်ဘီးကားများနဲ့ မူဆယ်အရောက်ပွဲစားတွေကိုချိတ်ပြီး တရုတ်ကုန်သည်နဲ့ရောင်းချရကြောင်း၊ နိုင်ငံခြားဈေးကွက်မီရန် အလုံးလှရန်နဲ့ သတ်မှတ်ထားတဲ့ အရည်အသွေးရောက်အောင် ဂရုတစိုက် စိုက်ပျိုးနိုင်မှသာ ဈေးကွက်ကောင်းရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်MIRT (DCCA)**

## မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန် တန် ၁၇၀၀ ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများက ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၉၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၈၄၈ တန်ကျော်တင်ပို့ နိုင်ခဲ့ပါတယ်။

နယ်စပ်စခန်းအလိုက် ဆောင်ရွက်နိုင်မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၁၇၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၉၄ တန်ကျော်၊ ကဏန်း ၁၆ တန်ကျော်၊ ပုစွန် ၃ တန်ကျော်တင်ပို့နိုင်ခဲ့သလို ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ သုည ဒသမ ၄၄၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၃၈၉ တန်နီးပါး၊ ကင်းမွန် ၄၉ တန်ကျော်၊ ပုစွန် ၁ တန်ကျော်။ ပင်လယ်ငါးရှဉ့် ၁ တန်ကျော်၊ ကဏန်းနဲ့ ရေဘဝဲ အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။ မြိတ်စခန်းကလည်း ကန်ဒေါ်လာ သုည ဒသမ ၂၇၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၀၇၃ တန်ကျော်၊ ရေချိုပုစွန် ၁၆ တန်ကျော်၊ ကင်းမွန် ၁ တန်ကျော်၊ ငါးမှုန့် တန် ၂၀၀နဲ့ သဲကဏန်း အနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ နိုဝင်ဘာလကထက် ရေထွက်ကုန်များပိုမိုတင်ပို့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၆ ရက်နေ့ထိ ကာလအတွင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၆၀၆ သန်းဖိုးရှိ ရေထွက်ကုန် ၆၂၉ တန်တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလတစ်လုံးအတွင်းမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၅၄၄ သန်းဖိုးရှိရေထွက်ကုန် ၃၇၃ တန်ခန့်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ဒီဇင်ဘာလ တတိယပတ် အထိမှာ ၂၅၆ တန်ကျော် ပိုမိုတင်ပို့ထားနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုလိုပိုမိုရခြင်းမှာ စစ်တွေစခန်းမှ ရေချိုငါးနဲ့ မောင်တော စခန်းမှ ငါးခြောက်မျိုးစုံ ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

စစ်တွေစခန်းက ရေချိုငါး တင်ပို့မှုကို ကြည့်ပါက ကန်ဒေါ်လာ သုည ဒသမ ၃၁၂ သန်းဖိုးရှိ ရေချိုငါးများဖြစ်တဲ့ ငါးမြစ်ချင်း ၂၆၇ တန်နဲ့ ငါးခေါင်းပွ ၂၈ တန်တင်ပို့ထားပါတယ်။ မောင်တောစခန်းကတော့ ကန်ဒေါ်လာ သုည ဒသမ ၂၉၄ သန်းဖိုးရှိတဲ့ ငါးနီတူခြောက် ၆၅တန်၊ ငါးစုံလေးခြောက် ၂၁၅ တန်ကျော်၊ ငါးကုန်းညိုခြောက် ၃၅ တန်နဲ့ ရေခ်ပုစွန် ၁၈ တန်တင်ပို့နိုင်ခဲ့ပါတယ်။ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာ့ရေထွက်ကုန်များကို ဝယ်ယူပြီး ပြန်လည်ပြုပြင်ကာ အနောက်ဥရောပနိုင်ငံများသို့ ဆက်လက်တင်ပို့ကြောင်းလည်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**




မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရှေ့ရှုပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး စီမံချက်များကို ကဏ္ဍကြီး ၈ ရပ် ဖွဲ့စည်းပြီးဆောင်ရွက်လျက်ရှိရာမှာ ကျေးလက်ဒေသ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဟာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်နေပြီး အသေးစား စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းသာမက လယ်ယာကုန်ထုတ်လုပ်ငန်းတွေပါ ဖွံ့ဖြိုးတိုးတက်စေဖို့ ဖေးကူညွှန်ပြ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အနေနဲ့ မိမိဌာနရဲ့ လုပ်ငန်းတာဝန် ၁၁ ရပ်အပြင် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ခရိုင်လေးခုမှာ နည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ ဒေသထွက်ကုန်ပြပွဲများ ပါဝင်ပြသခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်တဲ့ အရင်းအနှီးရရှိစေဖို့ အဖွဲ့အစည်းအသီးသီးနဲ့ ချိတ်ဆက်ပြီး အတိုးနှုန်းသက်သာတဲ့ ပံ့ပိုးချေးငွေရရှိရေး ကူညီချိတ်ဆက်ပေးခြင်း၊ အသင်းအဖွဲ့များ စုစည်းဖွဲ့စည်းပေးခြင်းနဲ့ လုပ်ငန်းလိုအပ်ချက်အရ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုပါလုပ်ငန်းစဉ်တွေထဲက အရေးပါတဲ့ လုပ်ငန်းတစ်ခု အဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က အရာတော်မြို့နယ် သီရိရတနာခန်းမမှာ "သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သနပ်ခါး မူပိုင်ခွင့် ရရှိရေး အလုပ်ရုံဆွေးနွေးပွဲ" ကို ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပါတယ်။ အရာတော်မြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှု အမြင့်မားဆုံးဒေသဖြစ်ပြီး စုစုပေါင်း စိုက်ဧက ၃၀၀၀၀ ကျော်ရှိတယ်လို့ လုပ်ငန်းရှင်တွေက ပြောပါတယ်။ ရှေးယခင်ကတည်းက အရာတော်နယ်မှာ သနပ်ခါးကို အလေ့ကျပေါက်ပင်အဖြစ် ပေါက်ခဲ့ရာမှ ဈေးကွက်တစ်စထက်တစ်စ ကျယ်ပြန့်လာခဲ့ရာ ဉာဏ်မြော်မြင်မှုရှိတဲ့ သနပ်ခါးတောင်သူ 'ဦးစိန်မင်း' ရဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ခန့်ကစပြီး မျိုးကောင်းမျိုးသန့် ရွေးချယ်ထုတ်လုပ် ဖြန့်ဖြူးရာမှစကာ ယခုအခါ အရည်အသွေးကောင်း၊ ဝင်ငွေကောင်းတဲ့ စိုက်ပျိုးရေးထုတ်ကုန်တစ်ရပ်အဖြစ် ကျယ်ပြန့်စွာ နေရာယူလာနိုင်ခဲ့ပါတယ်။

ဒေသတွင်းကျေးလက်နေပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ၊ တစ်ဦးချင်း ဝင်ငွေများ တိုးပွားအောင် ဆောင်ရွက်ပေးနိုင်တဲ့ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချခြင်းလုပ်ငန်းရဲ့ လက်ရှိအခြေအနေ၊ အခက်အခဲများနဲ့ အနာဂတ် သနပ်ခါး မူပိုင်ခွင့် ရရှိရေးတို့ကို ကျယ်ပြန့်စွာ ဆွေးနွေးဆုံးဖြတ်နိုင်ဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ထောက်ပံ့အားပေးမှုကိုခံယူကာ အခုလို အလုပ်ရုံဆွေးနွေးပွဲကြီး တစ်ခုအဖြစ် ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

အဆိုပါ သနပ်ခါးအလုပ်ရုံဆွေးနွေးပွဲကြီးသို့ စာတမ်းရှင် ၈ ဦး၊ အရာတော်မြို့နယ်ရှိ ကျေးရွာများမှ သနပ်ခါးတောင်သူ ၁၃၂ ဦး၊ ဌာနဆိုင်ရာများမှ ၂၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းနဲ့ ခရိုင်၊ မြို့နယ် ဝန်ထမ်း ၂၄ ဦး စုစုပေါင်း ၁၉၆ ဦး တက်ရောက်ခဲ့ကြပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မုံရွာစီးပွားရေး တက္ကသိုလ်မှ ကထိက ဦးသာဌေးနဲ့ မြန်မာနိုင်ငံ ကုန်သည်နဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲ အစီအစဉ်အရ သဘာပတိအဖွဲ့ဝင်ဖြစ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားရာမှာ မြန်မာနိုင်ငံတွင် သနပ်ခါးကို အထက်အညာ တိုင်းဒေသကြီးသုံးခုမှာသာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သနပ်ခါးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများ၊ ရောင်းဝယ်ဖောက်ကားသူလုပ်ငန်းရှင်များနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းရှင်များ အချင်းချင်းပူးပေါင်းပြီး နည်းပညာဖလှယ်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးနဲ့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေး၊ မြန်မာ့သနပ်ခါးမူပိုင်ခွင့် ရရှိရေးတို့အတွက် အခုလိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါးကို ဂျပန်နိုင်ငံက မူပိုင်ခွင့် ပြုလုပ်ခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်သနပ်ခါးကို ထိုင်းနိုင်ငံက မူပိုင်ခွင့် ပြုလုပ်ကြောင်း ကြားသိရတဲ့အတွက် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စများ၊ တွေ့ကြုံရတဲ့ အခက်အခဲများ ဖော်ထုတ်ရှင်းလင်းနိုင်ရန်နဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ယခုလို အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ နိုင်ငံစီးပွားရေးရဲ့ အဓိကမောင်းနှင်အားဟာ ပုဂ္ဂလိက ကဏ္ဍဖြစ်လို့ နိုင်ငံတော်အစိုးရအနေနဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင်တက်ရောက်ပြီးဆွေးနွေးကြမယ့် ဝန်ကြီးဌာနအသီးသီးက ပညာရှင်များ၊ အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ၊ ဥပဒေပညာရှင်များ ခြံရှင်တောင်သူလုပ်ငန်းရှင်များအနေနဲ့ စာတမ်းအသီးသီးကို အပြန်အလှန်ဆွေးနွေးပြီး တွေ့ကြုံရတဲ့ အခက်အခဲ၊ ပြဿနာများရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မယ့် နည်းလမ်းများ ဝိုင်းဝန်းရှာဖွေသွားကြပြီး မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် ကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

> သနပ်ခါးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများ၊ ရောင်းဝယ်
> ဖောက်ကားသူလုပ်ငန်းရှင်များနဲ့
> တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းရှင်များ အချင်းချင်း
> ပူးပေါင်းပြီး နည်းပညာဖလှယ်ရေး၊
> ကုန်သွယ်မှု တိုးမြှင့်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ
> တိုးတက်ထုတ်လုပ်ရေးနဲ့ အသေးစား
> ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

ဆက်လက်ပြီး ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ဌာန၊ အဖွဲ့အစည်းအသီးသီးမှ လုပ်ငန်းရှင် ပညာရှင်များဖြစ်ကြတဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ **'သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး'** စာတမ်း၊ လူသုံးကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်သူများအသင်း (မန္တလေး) မှ **'သနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နည်းစနစ်များနှင့် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး'** စာတမ်း၊ ရွှေဘိုမင်းသမီးသနပ်ခါး (ရန်ကုန်)မှ သနပ်ခါးနှင့် နိုင်ငံတကာဈေးကွက်အခြေအနေစာတမ်း၊ အရာတော်မြို့နယ်သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ **'သနပ်ခါး စိုက်ပျိုးမှု၊ ဈေးကွက်၊ နည်းပညာနဲ့ သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေအနေများ၊ အခက်အခဲကျော်လွှားနိုင်ရေး'** အကြံပြုစာတမ်း၊ ဥပဒေပညာရှင်ရဲ့ **'မြန်မာ့သနပ်ခါးမူပိုင်ခွင့်ရရှိရေး'** အကြံပြုစာတမ်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာနမှ **'မြန်မာ့သနပ်ခါးဆိုင်ရာနှင့် မူပိုင်ခွင့်ရရှိရေး'** အကြံပြုစာတမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ **'မြန်မာ့သနပ်ခါး မူပိုင်ခွင့်နှင့်ပတ်သက်၍ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်အဆင့်ဆင့်'** အကြံပြုစာတမ်းနဲ့ မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံအသင်း အတွင်းရေးမှူးမှ မြန်မာ့စိန်တစ်လုံးသရက် မူရင်းဒေသရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ် နမူနာများကို ရင်းနှီးပွင့်လင်းစွာ ဖတ်ကြားရှင်းလင်းခဲ့ကြသလို စာတမ်းဖတ်ကြားပြီးစာတမ်းတစ်ခုချင်းအပေါ် တက်ရောက်လာကြတဲ့သနပ်ခါးတောင်သူများက တစ်ကြိမ်လျှင် သုံးဦးနှုန်း မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများနှင့် သဘာပတိများက အကြံပြုဆွေးနွေးခဲ့ကြပြီး အောက်ပါအချက် ရှစ်ချက်ကို ဆုံးဖြတ်ခဲ့ကြကာ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။

- မူပိုင်ခွင့် ဥပဒေအသစ်မထွက်မီ ပထဝီဆိုင်ရာ အညွှန်းနှင့်ဆိုင်သော ကုန်ပစ္စည်းစာရင်းများ ပြုစုထားရန်၊
- မြန်မာ့သနပ်ခါး မူပိုင်ခွင့်ရရှိရေး ဆောင်ရွက်ရန် လုပ်ငန်းစဉ်တွင် ပါဝင်သည့်အတိတ်ရာဇဝင်သမိုင်းကြောင်း အထောက်အထားများ လေ့လာ၍ စာတမ်းပြုစုရန်၊
- သနပ်ခါး အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နည်း ပညာပေးသင်တန်းပို့ချနိုင်ရေး ဆောင်ရွက်ရန် ၊
- သနပ်ခါးစိုက်ပျိုးထွက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကို မြို့နယ်ခရိုင် တိုင်းဒေသကြီးအသင်းများ ဖွဲ့စည်းရန်၊
- အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း IPPAM အသင်းဖွဲ့စည်းပြီးဖြစ်သည့်အတွက် နိုင်ငံအနှံ့ ဆောင်ရွက်နိုင်ရန် အသင်းခွဲများ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန်၊

# ...လုပ်ရုံဆွေးနွေးပွဲမှသည်
# ...ါးမူပိုင်ခွင့်ဆီသို့

ထွန်းလှိုင်(မုံရွာ)







- သနပ်ခါးသည် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းစာရင်းတွင်ပါဝင်သဖြင့် သတ်မှတ်ထားသော အခွန်ပေးဆောင်ရမှုသည် လုပ်ငန်းရှင်များအတွက် အခက်အခဲဖြစ်နေ၍ သက်သာစေရန်၊
- သနပ်ခါး အလုံးလိုက် အလေးချိန် ပိဿာတွက်ချက်မှုအစား အခေါက်၏ အလေးချိန်သာ တွက်ချက်သည့် နည်းလမ်းဖြင့် ဖြေလျှော့ပေးနိုင်ရေးနှင့် မျှောရရှိရေးကိစ္စရပ်များ ဆောင်ရွက်ရန်၊
- ကြေးတိုင်နှင့်မြေစာရင်းရုံးတွင် မိမိတို့၏ သနပ်ခါးကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းဖြင့် အကာအကွယ်ယူထားရန်၊
- သနပ်ခါးမူပိုင်ခွင့်ရရှိရေးကို ဉာဏပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းက တာဝန်ယူဆောင်ရွက်သွားရန်၊

မြန်မာ့သနပ်ခါးကဏ္ဍဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစီမံချက်ရဲ့ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် တစ်စတစ်စ အရေးပါလာသလို အရာတော်မြို့နယ်သနပ်ခါးအလုပ်ရုံဆွေးနွေးပွဲမှအစပြုပြီး မြန်မာနိုင်ငံကိုယ်စားပြု သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကြီးအထိ တိုးချဲ့ဖွဲ့စည်းပေးနိုင်မယ်ဆိုရင် မိမိတို့ရဲ့ ဘိုးဘွားအမွေ မြန်မာ့သနပ်ခါးကို မိမိမူပိုင်ခွင့်ရရှိနိုင်သလို သနပ်ခါးနဲ့ဆက်စပ်နေကြတဲ့ ထုတ်လုပ်သူ သုံးစွဲသူတွေရဲ့ အနာဂတ်ဟာလည်း လူမှုစီးပွား ဘဝများစွာ မွေးပျံ့သာယာလှပစေမှာ မလွဲလို့ ---၊

# အိမ်ခြံမြေဈေးကွက်နှင့်
# စတော့ရှယ်ယာဈေးကွက်
## ဘယ်သူက အမြတ်ပိုရနိုင်သလဲ




၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် စတော့ဈေးကွက်တစ်ခု ပေါ်ထွန်းလာတော့မည် ဖြစ်သည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွင့်အလမ်းများကို အိမ်ခြံမြေဈေးကွက် အလားအလာနှင့် စတော့ဈေးကွက်တို့၏ အလားအလာတို့ကို နှိုင်းယှဉ်သုံးသပ်နိုင်ရန် လိုအပ်နေပြီ ဖြစ်ပါသည်။

စတော့ဈေးကွက်ကို ထူထောင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ်မှ စတင်လုပ်ဆောင်ခဲ့သော်လည်း စစ်အုပ်ချုပ်ရေးကာလဖြစ်သည့်အတွက် အနောက်နိုင်ငံများနှင့်ဥရောပနိုင်ငံများ၏စီးပွားရေးပိတ်ဆို့မှုဒဏ်ကိုခံခဲ့ ရပေသည်။ ထို့ကြောင့် ဈေးကွက် ပေါ်ထွန်းမှုများစွာ နောက်ကျခဲ့ရသည်။ နိုင်ငံရေးပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့် ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် စတော့ဈေးကွက်ဖွင့်လှစ်နိုင်ရန် အစိုးရမှ ပြန်လည်လုပ်ဆောင်ခဲ့သည်။

၂၀၁၂ ခုနှစ် မေလ တွင် Daiwa Securities ၊ Tokyo Stock Exchange တို့နှင့်အတူ စတော့အိတ် ချိန်းများ ပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံဗဟိုဘဏ်မှ လက်မှတ်ရေး ထိုးနိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စတော့ဈေးကွက်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင် ဖွင့်လှစ် နိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစနစ်များကြောင့် ၎င်းကာလတွင် ဖွင့်လှစ်ရန် မလွယ်ကူကြောင်း လေ့လာဆန်းစစ်သူ များမှ ဝေဖန်ထားကြသည်။

စတော့ဈေးကွက် ဖွင့်လှစ်သည့်အခါတွင် အိမ်ခြံမြေဈေးကွက်အတွင်း အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်သော်လည်း ကြီးမားသော အကျိုးသက်ရောက်မှုများ နည်းပါးမည်ဖြစ်သည်။

ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဈေးကွက်ကြီးနှစ်ခုရှိပြီး အိမ်ခြံမြေဈေးကွက်နှင့် စတော့ရှယ်ယာ ဈေးကွက်တို့ဖြစ်သည်။ နိုင်ငံတကာ တွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ရန်အတွက် စတော့ဈေးကွက်ကို ရွေးချယ်ကြပြီး အိမ်ခြံမြေလုပ်ငန်းတွင် စီးပွားရေးလုပ်ငန်းကြီးများမှသာ အများစု ပြုလုပ်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ စတော့ဈေးကွက် ပေါ်ထွန်းမှု မရှိသေးသဖြင့် အိမ်ခြံမြေဈေးကွက်အတွင်းသာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြခြင်းဖြစ်သည်။

ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများကို ပြောင်းလဲလုပ်ကိုင်ခြင်းအားဖြင့် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းမှု ဖြစ်ပေါ်နိုင်သော်လည်း ထွန်းသစ်စ ဈေးကွက်တစ်ခုဖြစ်သော မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှုနှင့် ဈေးကွက်လိုအပ်ချက်များပြားမှုကြောင့် ဈေးကွက်ဖွံ့ ဖြိုးမှု ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ် သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ ထုတ်ပြန်ချက်အရ အိမ်ခြံမြေကဏ္ဍအတွင်း မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုသည် ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၂၅၆ သန်းရှိပြီး ဩဂုတ်လအတွင်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၂၀၀ ကျော် ရှိသည်ဟုဆိုသည်။ စတော့ဈေးကွက် အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏကို ခန့်မှန်း၍မရနိုင်သေးဘဲ နိုင်ငံတကာရင်းနှီး မြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံခွင့်ရှိမရှိကိုလည်း မသိရသေးပေ။ အိမ်ခြံ မြေကဏ္ဍမှလွဲ၍ အခြားသော ရွေးချယ်စရာ အခွင့်အလမ်းများ နည်းပါးသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် စတော့ဈေးကွက် ပေါ်ထွန်းလာရေးကို ကြိုဆိုလျက်ရှိကြသည်။

ပုံမှန်အားဖြင့် အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် တည်ငြိမ် သော ဝင်ငွေကို ရရှိနိုင်ပြီး စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပိုမိုများပြားသော အမြတ်အစွန်းကို ရရှိနိုင်သည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးဖြစ်သည့် Russell အဖွဲ့မှ ၂၀၁၄ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံခြင်းမှာ ၁၀ နှစ်မှ အနှစ် ၂၀ အတွင်းတွင် စတော့ရှယ်ယာများထက်ပိုမိုအကျိုးအမြတ်ရရှိကြောင်း ပါဝင်ခဲ့သည်။

တူညီသော အတိုးနှုန်းထား တစ်ရပ်တွင် အိမ်ခြံမြေကဏ္ဍသည် ၉ ဒသမ ၉ ရာခိုင်နှုန်းရရှိခဲ့ပြီး ရှယ်ယာဈေးမှ ၈ ဒသမ သုညရာခိုင်နှုန်းသာ ရရှိခဲ့သည်။

သို့ရာတွင် မတူညီသော လုပ်ငန်း သဘာဝနှင့်စိတ်ပါဝင်စားမှုများအပေါ်တွင် မူတည်ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကွဲပြားစွာ ရွေးချယ်ကြခြင်းဖြစ် သည်။ စတော့ဈေးကွက်နှင့် နှိုင်းယှဉ် လျှင် အိမ်ခြံမြေဈေးကွက်သည် ငွေဖြစ်လွယ်မှုမရှိဘဲ ငွေပြန်ပေါ်ရန်အတွက်လည်း အချိန်ကြာမြင့်ပေသည်။ အချို့သော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို လျင်မြန်စွာ ပြောင်းလဲလိုကြပြီး အိမ်ခြံမြေဈေးကွက်ကဲ့သို့သော ငွေဖြစ်လွယ်မှု ကြာမြင့်သည့် ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံလိုမှု မရှိကြပေ။

"မြန်မာနိုင်ငံမှာ စတော့ဈေးကွက် ဖြစ်ပေါ်လာခဲ့ရင်တောင်မှ အိမ်ခြံမြေ ဈေးကွက်အပေါ် သက်ရောက်မှု သိပ်မရှိနိုင်ပါဘူး။ ပေါ်ထွန်းစဈေးကွက်တစ်ခုအနေနဲ့ ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်ကြဦးမှာပါ" ဟု House.com.mm မှ Country Manager ဖြစ်သူ Jan Sommerfeld မှ မှတ်ချက်ပေးခဲ့သည်။

**မယ်သီတာ**

## ပြောင်း



### ပြောင်းတန်ချိန် သုံးသောင်းခွဲနီးပါးမျှသာ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နယ်စပ်စခန်းများမှ ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်အတွင်း ကန်ဒေါ်လာ ၉ ဒသမ ၇၅၁ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၄၈၀၆ တန်ကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေကတော့ မူဆယ်မှ ၃၀၀၁၅ တန်၊ ချင်းရွှေဟော်မှ ၄၂၉၆ တန်နဲ့ လွယ်ဂျယ်မှ ၄၉၅ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး စခန်းစုံကနေ ပြောင်းဖူးစေ့ ၃၈၂၃၁ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုရက်သတ္တပတ်မှာ ၃၄၂၅ တန်ခန့် တင်ပို့မှုတွေလျော့နည်း သွားခဲ့ပါတယ်။ ကန်ပိုက်တီးစခန်းက ဒီတစ်ပတ်မှာ ပြောင်းတင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်ရက်သတ္တပတ်ကပြောင်းတစ်တန်ကို မိမိဘက်ဈေး ၂၈၆၂၀၄ ကျပ်ရှိခဲ့ပြီး ယခုရက်သတ္တပတ်မှာ ၂၇၆၁၇၁ ကျပ်သို့ ဈေးထပ်မံကျဆင်းခဲ့တာတွေ့ရပါတယ်။ တရုတ်ဝယ်လက်ပုံမှန်ရှိပေမယ့် ဈေးကောင်းမရဘဲ အောက်ဈေးနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခမှာ ယခင်ရက်သတ္တပတ်က ပြောင်း တစ်ပိဿာကို ၈၇-၈၄ ကျပ်ရှိပြီး ယခုရက်သတ္တပတ်မှာ ၉၃-၈၇ ကျပ်သို့ သယ်ပို့ကားခများအနည်းငယ်မြင့်တက်သွားကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင် MIRT (DCCA)**

### တရုတ်နိုင်ငံကို တင်ပို့တဲ့ ပြောင်းကြိတ်ဖတ်မှုန့်

တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုတဲ့ ပြောင်းကြိတ်ဖတ်မှုန့်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၅ ရက်အတွင်း ကန်ဒေါ်လာ ၂၁၃၆၇ ဖိုး တင်ပို့ခဲ့ပါတယ်။ တန်ချိန်အားဖြင့်တော့ ၂၁၇ တန်ခွဲ ဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းမှာတော့ ၃၄ တန်ခွဲသာ တင်ပို့ခဲ့ပြီး ၂၀၁၃ ခုနှစ် တစ်နှစ်လုံး တင်ပို့ခဲ့တာတော့ တန်ချိန် ၄၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင် MIRT (DCCA)**

## ပရဆေး

### ပရဆေးကုန်ကြမ်း တန်ချိန် ၈၀၀ကျော်တင်ပို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၀၄ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း ၈၄၆ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းအမယ်တွေကတော့ ချဉ်ပေါင်းဖာလာ (အခွံပါ/မပါ)၊ ဝဥခြောက်၊ ဆီးဆံ၊ ဆီးသီးခြောက်၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ကြက်ဆူစေ့၊ ကြောင်လျှာစေ့၊ နေလဲစေ့၊ သီဟိုစေ့ (အခွံမပါ)၊ နနွင်းတက်၊ ရွှေရွက်၊ တောဂျင်း၊ တောဂျုံးမြစ်နဲ့ ဆေးမြင်းခွာတို့ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ၇၂၂ တန်ကျော်သာ တင်ပို့ခဲ့တာတွေ့ရပါတယ်။ ဒီပရဆေး ကုန်ကြမ်းတွေထဲက ကြက်ဆူစေ့ကိုတော့ တရုတ်နိုင်ငံမှာ စက်သုံးဆီ (အင်ဂျင်ဝိုင်) နဲ့ သဘာဝဓါတ်မြေသြဇာ ထုတ်လုပ်ရန်အတွက် သုံးကြတယ်လို့ သိရပါတယ်။ ပရဆေးတင်ပို့မှု ပိုမိုပေမယ့် ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ကွမ်းစားဂမုန်း၊ ကွမ်းသီးခွံနဲ့ ဒန့်ကွဲစေ့တို့ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။

**မော်မော်အောင် MIRT (DCCA)**

### ဝါဂွမ်းနဲ့အတူ ပိုးချည်မျှင်ပါတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းတစ်ပတ်အတွင်း ကန်ဒေါ်လာ ၆၈၈၀၀ တန်ဖိုးရှိ ပိုးချည်မျှင် ၁၇ တန်ခွဲ ကိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ပိုးချည်မျှင်နဲ့အတူ ပုံမှန်တင်ပို့နေကျ ငွေချည် ၆ ချည်မျှင်ရှည်ဝါ ၈၀၆ တန်ကိုလည်း ကန်ဒေါ်လာ ၁ဒသမ ၇၇၃သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဝါဂွမ်း ၇၇၄ တန်သာ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ ၆၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ငွေချည် ၆ ဝါမှာ ဝါအထွက်နှုန်းကောင်းခြင်း၊ မြေသြဇာ တုံ့ပြန်မှုရှိခြင်းတို့ကြောင့် တောင်သူတွေအတွက် စီးပွားရေးတွက်ခြေကိုက်လျက်ရှိကြောင်း မကွေးမြို့မှ ဝါစိုက်တောင်သူတွေထံက သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ရော်ဘာ

### မလေးရှားနဲ့ စင်ကာပူနိုင်ငံသို့ ရော်ဘာ တန် ၄၀၀ ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ၅၀၉ သန်းဖိုးရှိ ရော်ဘာ ၄၁၄ တန်ကို မလေးရှားနဲ့ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှု မှာ မလေးရှားနိုင်ငံကို RSS 3 ၂၁၈တန်နဲ့ စင်ကာပူနိုင်ငံကို RSS 3 ၁၉၆ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ၅၅၈ တန်တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာ ၁၄၄ တန်လျော့နည်းခဲ့ပါတယ်။

ယခုသီတင်းပတ်အတွင်းမှာ နိုင်ငံတကာရော်ဘာပေါက်ဈေးများ အပြောင်းအလဲသိပ်မရှိကြောင်းနဲ့ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးများလည်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ အသင်းက ထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |

**ယဉ်ယဉ်အေး MIRT (DCCA)**

### ရော်ဘာတင်ပို့မှုကျဆင်းသော်လည်း ဈေးအပြောင်းအလဲမရှိ



ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများက ကန်ဒေါ်လာ ၁ ဒသမ ၁၆၃ သန်းတန်ဖိုးရှိ ရော်ဘာ ၁၅၇၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် တန် ၂၃၀၀ ခန့် လျော့နည်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်စခန်းမှ ၂၇၂၆ တန် တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ RSS-3 ၄၄၅ တန်သာ တင်ပိုနိုင်ခဲ့တဲ့အတွက် ၂၂၈၁ တန် လျော့နည်းခဲ့ပါတယ်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်က RSS-3 ၈၂၃ တန်ကျော်နဲ့ MSR 20 ၁၇၂ တန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၂၃၅တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၁၀၀ နဲ့ MSR 20 တန် ၃၀ တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်က တင်ပို့နိုင်ခြင်း မရှိခဲ့ပါဘူး။

ယခုသီတင်းပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှာ ဖြစ်ပေါ်နေတဲ့ ရော်ဘာဈေးဟာ ယခင်သီတင်းပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ RSS-3 တစ်တန်လျှင် ၁၄၉၆၉၀၆ ကျပ် ဈေးပေါက်ကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

### ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်)မှ အထွက်တိုးကြံမျိုးများ တိုးချဲ့စိုက်ပျိုး

အသင်းကြီးမှ အသင်းသားများအတွက် ထွန်စက်များကို အရစ်ကျစနစ်ဖြင့် နှစ်စဉ်ဝယ်ယူလျက်ရှိပြီး စက်မှုလယ်ယာသို့ ဦးတည်နေသလို အထွက်တိုးကြံမျိုးများကိုလည်း စိုက်ပျိုးမျိုးပွားပြီး ဖြန့်ချိလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကစပြီး မိရိုးဖလာမျိုးတွေအစား အထွက်တန် ၆၀ ရှိတဲ့ K 95/ 84 (နဝဒေး -၄) မျိုးတွေကို စမ်းသပ်စိုက်ပျိုးခဲ့ကာ ၂၀၁၄-၂၀၁၅ မှာလည်း တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ကြောင်း သိရပါတယ်။

အတွင်းရေးမှူး ဦးလှစောက “ပြီးခဲ့တဲ့ လတုန်းက ကျွန်တော်တို့ကြံစိုက်တောင်သူတွေအတွက် ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် တန်ဖိုးမြင့်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပေးသင်တန်း ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီမှာ ပညာရှင်တွေက အထွက်တိုးကြံမျိုး စိုက်ပုံစိုက်နည်းတွေကို လက်တွေ့ကွင်းဆင်းပြသခဲ့လို့ ရလိုက်တဲ့ ပညာတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ပုံမှန်စိုက်နေကျမျိုးနဲ့ နဝဒေး(၄)တို့ကို တစ်ဧကစီ စံပြကွက်အနေနဲ့ မနှစ်ကစိုက်ကြည့်ခဲ့တယ်။ ရိုးရိုးကတန် ၂၀ ပဲထွက်တယ်။ နဝဒေးက တန် ၆၀ လောက်ထွက်တယ်။

“အထွက် ၃ ဆလောက်ကွာနေတာ တွေ့ရပါတယ်။ သိပ္ပံနည်းကျစိုက်ရတော့ စိုက်ပျိုးစရိတ် နည်းနည်းပိုလာပေမယ့်လည်း ကြံတောင်သူတော်တော်များများ သဘောကျပါတယ်။ ပြီးခဲ့တဲ့ နှစ်တုန်းက ဧကတချို့တစ်ဝက်လောက်ပဲ ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့တယ်။ ဒီနှစ်မှ မျိုးအတွက် ၁၈၄၂ တန် ရှိနေပါပြီ။ အဲဒါသင်တန်းကရလိုက်တဲ့အသိတွေနဲ့ လက်တွေ့သိထားရတာတွေပေါင်းစပ်ပြီး နဝဒေး (၄) မျိုးကို တွင်ကျယ်စွာစိုက်ပျိုးသွားဖို့ လုပ်ဆောင်နေပါတယ်။ ဒီနှစ် ကြံခုတ်ရာသီကို ရောက်နေပါပြီ။ နှစ်စဉ်တော့ ပွက်ရည်ပိဿာ ၅၁ သိန်းကျော်၊ မန္တလေးဈေးကွက်ကို တင်ပို့နိုင်ပါတယ်။ ခုဟာက ရာသီအစဆိုတော့ သိပ်ပြီးမတင်ပို့နိုင် သေးပါဘူး၊ တစ်ရက်မှ ၄-၅ ပိုင်းလောက်ရှိဦးမယ်၊ လက်ရှိ သကာရည်ပေါက်ဈေးက တစ်ပိဿာ ၄၆၀ ကျပ်ပါ”လို့ ပြောပြခဲ့ပါတယ်။ **စွမ်းရည်-ကသာ**

# စီးပွားရေးလောကတွင် စတင်ခြေချလာသော
# တရုတ်ကလေးဝင်းဗိုလ်ကတော့
# ကံ၊ဉာဏ်၊ဝီရိယ သုံးမျိုးပေါင်းမှ
# ခရီးပေါက်မည်၊ ကံမပါဉာဏ်ပါတိုင်းမွဲဟု ပြောလာသောအခါ

ဦးကျော်မြင့်

ရှေးခေတ်ကာလလူကြီးသူမများက ကံတရားနှင့် ပတ်သက်၍ "ကံကိုယုံ၍ ဆူးပုံမနင်းရ"။ "ကံသည် အလုပ်သာဖြစ်သည်"ဟုလည်း ပြောဆိုကြပြန်ပါသည်။ "ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ"ဟုပြောသူရှိသကဲ့သို့ ဒုက္ခတစ်စုံတရာမှ လွတ်မြောက်သွားသူများကလည်း ဟာသဉာဏ်ဖြင့် "ကံကောင်းလို့မသေ၊ သံချောင်းတို့ အဖေ"ဟု ပြောဆိုကြပြန်ပါသည်။

ကျွန်တော်သည်ငယ်ရွယ်စဉ်အခါက လုပ်လျှင်ဖြစ်မည်၊ မဖြစ်သေးသည်မှာ မလုပ်သေးသောကြောင့်သာဖြစ်သည်ဟု ယူဆတတ်ပါသည်။ အသက်အရွယ် ရလာသောအခါ လုပ်တိုင်းလည်းမဖြစ် ဆိုသောအတွေ့အကြုံထပ်မံရရှိလာပါတော့သည်။ တစ်ဆက်တည်းမှာပင် "လူကိုသာပြိုင်လို့ရမည်၊ ကံကိုတော့ပြိုင်လို့မရ" ဆိုသောစကားကိုကြားရပါများလာသောအခါ "လူမစွမ်းနတ်မဆိုသော" စကားသည် မှန်လေသလားဟု ထင်မြင်လာတတ်ပါသည်။

ကျွန်တော့်ဇာတိပုသိမ်မြို့တွင် အောင်ဘာလေထီကိုကားဖြင့် လှည့်လည် ရောင်းချသောသူသည် လုံ့ထမ်းလာတာမြင်ရတယ်။ ကံထမ်းလာတာမမြင်ရပါဘူး။ ငွေနှစ်ကျပ်နဲ့ သိန်းဆုရှင်၊ သောင်းဆုရှင်များကိုဖိတ်ခေါ်လိုက်ပါတယ်ဟု ထီလက်မှတ်ရောင်းချသည်ကို ပြန်လည်သတိရမိပါသည် (ကျွန်တော်တို့ ငယ်ရွယ်စဉ်က အောင်ဘာလေထီလက်မှတ်တစ်စောင်ကို ငွေနှစ်ကျပ်ဖြင့်ထီဆိုင်မှ ရောင်းချပါသည်။ ငွေတစ်သိန်းဆုသည် အများဆုံးသော ဆုကြီးဖြစ်ခဲ့ပါသည်)၊ ကံထမ်းလာတာ မမြင်ရပါဘူးဆိုသော အညွှန်းသည် ထီပေါက်မည်ဆိုတာ မမြင်ရပါဘူးဆိုသော အချက်ပင်ဖြစ်ပါသည်။ ဈေးရောင်းဈေးဝယ်၊ တောအရပ်က ဈေးဝယ်လာသော သူများသည် ငွေနှစ်ကျပ်နဲ့ ထီပေါက်ရန် ထီထိုးပါတော့သည်။ ငွေနှစ်ကျပ်တန်ဖိုးသည် ခေါက်ဆွဲကြော်နှစ်ထုပ် တရုတ်ဆိုင်မှ ဝယ်စား၍ရသော ခေတ်ကာလ ဖြစ်ခဲ့ပါသည်။

ကျွန်တော်သည် ၁၉၆၇ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲ (ကိုးတန်း အစိုးရစစ်) ဖြေဆိုရမည့်နှစ်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတွက် မေးခွန်းတစ်ခု တည်းဖြစ်ပါသည်။ ကျွန်တော်ထက် စာကြိုးစားသော၊ စာတော်သောကျွန်တော်နှင့် ကိုးတန်းအခန်းတစ်ခန်းတည်းနေ ဝင်းဗိုလ်ထံ မသိနားမလည်သော ဘာသာရပ်များကို သွားရောက်မေးမြန်းရပါသည်။ ကျွန်တော်တို့ ခေတ်ကာလပုသိမ်တွင် ကျူရှင်မရှိပါ။ မည်သည့်အထက်တန်းကျောင်းများမှ ဆရာများက ကျူရှင်မပေး ကြပါ။ ကျွန်တော်သူငယ်ချင်းတရုတ်ကလေး ဝင်းဗိုလ်ထံ သွားရပါသည်။ ဝင်းဗိုလ်ဆိုသော အမည်သည် ရွှေမန်းတင်မောင်၏သားများဖြစ်သော ရုပ်ရှင်မင်းသား ညွှန့်ဝင်း၊ ဇာတ်မင်းသား ရုပ်ရှင်မင်းသားဝင်းဗိုလ်တို့သည် နာမည်ကျော်ကြားသောကာလ ဖြစ်ခဲ့ပြီး ကျွန်တော်သူငယ်ချင်း တရုတ်ကလေးဖြစ်သော ဝင်းဗိုလ်ကို ဇာတ်မင်းသားလား၊ ရုပ်ရှင်မင်းသားလားဟု နောက်ပြောင်ကြပြီး၊ အချို့က တရုတ်ဝင်းဗိုလ်ဟုလည်းကောင်း၊ ဝ,ဝင်းဘိုဟုလည်းကောင်း လှောင်ပြောင်ကြပါသည်။

ဝင်းဗိုလ်သည် သူတို့အိမ်ရှေ့တရုတ်ဘုရားကျောင်း (ဘုံကျောင်း)သို့ စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉နာရီတွင်လာပါသည်။ နေ့လယ် ၁၂ နာရီတွင်အိမ်သို့ ပြန်ပြီး ထမင်းစားပါသည်။ နေ့လယ်တစ်နာရီတွင် ဘုံကျောင်းသို့ပြန်လာပါသည်။ ကျွန်တော်သည်လည်း ဝင်းဗိုလ်ထံသွားရပါသည်။ စာဖတ်ရာတွင်လည်းဝင်းဗိုလ်က ဦးဆောင်ပြီး မသိနားမလည်သော သင်ခန်းစာများကို ရှင်းလင်းပြသပေးပါသည်။ကျွန်တော်သည် နိုဝင်ဘာလမှ ဖေဖော်ဝါရီလကုန်ထိ ဝင်းဗိုလ်နှင့်အတူ စာဖတ်ရင်း မတ်လတွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ကျွန်တော့်သူငယ်ချင်းလည်းဖြစ်သော၊ ကျွန်တော်စာဖတ်ရာတွင် လမ်းညွှန်ပေးသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်ခဲ့သော ဝင်းဗိုလ်ကို ကျေးဇူးတင်စွာဖြင့် ကျွန်တော်သည် ၁၉၆၉ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲ (ကိုးတန်း အစိုးရစစ်) အောင်မြင်ခဲ့ပါသည်။ ဝင်းဗိုလ်သည် ကျွန်တော်အား ပြောလေ့ရှိပါသည်။ "ကျော်မြင့်မင်းကိုတစ်ခါပြောရုံနှင့် အစအဆုံးနားလည်တယ်။ မင်းကြိုးစားရင် လူတော်ဖြစ်နိုင်တယ်"ဟု ပြောလေ့ရှိရာ ကျွန်တော်က ငါလူတော်မဖြစ်ချင်ပါဘူး၊ ယခုဖြေဆိုမယ့် တန်းမြင့်ကျောင်းထွက်စာမေးပွဲ (ကိုးတန်းအစိုးရစစ်) သာ အောင်ချင်ပါတယ်ကွာဟု ပြန်ပြောလေ့ရှိရာ ဝင်းဗိုလ်က "မင်းအောင်မှာသေချာပါတယ်"ဟုမှတ်ချက်ပြုပါတော့သည်။ တန်းမြင့်ကျောင်းထွက်စာမေးပွဲ (ကိုးတန်းအစိုးရစစ်) သာအောင်ပါက အစိုးရဌာနများတွင် အလုပ်ရရှိရန် လွယ်ကူသော ခေတ်ကာလ ဖြစ်ခဲ့ပါသည်။ ရဲဌာနတွင် ဝင်ရောက်လုပ်ကိုင်ပါက ဒုရဲအုပ်သင်တန်းတက်ရောက် ခွင့်ရှိ၍ ကျောင်းဆရာလုပ်မည်ဆိုပါက ဆရာဖြစ်သင် သင်တန်းတက်ရောက်ခွင့်ရှိပြီး၊ ရုံးဌာနများတွင် ဝင်ရောက်လုပ်ကိုင်ပါက အောက်တန်းစာရေးရရှိနိုင်သည့် ခေတ်ကာလဖြစ်ခဲ့ပါသည်။

> ကံထမ်းလာတာ
> မမြင်ရပါဘူးဆိုသော
> အညွှန်းသည်
> ထီပေါက်မည်ဆိုတာ
> မမြင်ရပါဘူးဆိုသော
> အချက်ပင်ဖြစ်ပါသည်။

၁၉၆၇ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲ (ကိုးတန်းအစိုးရစစ်) အောင်မြင်ပြီးသောအခါ တက္ကသိုလ်ဝင်စာမေးပွဲ (၁၀ တန်း) အောင်မြင်ရန် ၁၉၆၈ ခုနှစ်တွင် အထက်တန်းကျောင်းတွင် ကျောင်းတက်ရပါသည်။ ဝင်းဗိုလ်သည် တန်းမြင့်ကျောင်းထွက်စာမေးပွဲဖြေရမည့်ကာလတွင် ကျွန်တော်နှင့် အတန်းတစ်တန်းတည်းဖြစ်ခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းတွင် ဝင်းဗိုလ်သည် (A) ခန်း၊ ကျွန်တော်သည် နောက်ဆုံးအဆင့်ဖြစ်သော (D) ခန်းတွင် တက်ရပါတော့သည်။ ကျွန်တော်နှင့် အတန်းတစ်တန်းတည်း မဟုတ်သောကြောင့် ဝင်းဗိုလ်နှင့် မတွဲဖြစ်သော်လည်း အပြင်မှဆရာများ ရေးသားထုတ်ဝေသော စာအုပ်များကို ဝယ်ဖတ်ရန် အကြံဉာဏ်ကောင်းများပေးခြင်း၊ စာအုပ်များငှားရမ်းဖတ်ရှုစေခြင်းများဖြင့် အားပေးခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင်ကျွန်တော်သည် တက္ကသိုလ်ဝင်စာမေးပွဲ (၁၀ တန်း)ကို (ခ) စာရင်းတွင်သာပါလာသဖြင့် တက္ကသိုလ်တက်ရောက်ခွင့်မရရှိခဲ့ပါ။ ကျွန်တော့် သူငယ်ချင်းဝင်းဗိုလ်လည်း မြင်းကောင်းခွာလိပ်ဖြစ်သွားခဲ့ပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲ (၁၀ တန်း)ကို (က) စာရင်း၊ (ခ) စာရင်းနှစ်မျိုးလုံးတွင် ကျွန်တော့်သူငယ်ချင်းဝင်းဗိုလ်မပါဝင်ခဲ့ပါ။ ပုံမှန်အားဖြင့် အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ကို နှစ်ကြိမ်တိုင် ဖြေဆိုနိုင်ပြီး မအောင်မြင်ပါက လူငယ်ရေးရာ ညကျောင်းတွင်သာ ကျောင်း တက်ခွင့်ရရှိသည့်ခေတ် ကာလဖြစ်ခဲ့ပါသည်။

၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို (က) စာရင်းဖြင့် အောင်မြင်ရန် အထက်တန်းကျောင်းတွင် ကျောင်းပြန်တက်ရပါသည်။ ဝင်းဗိုလ်သည် အထက်တန်းကျောင်းတွင် ကျောင်းဆက်တက်နေခဲ့သော်လည်း ကျွန်တော်သည်နေ့ပိုင်းတွင် ကုန်သွယ်ရေးမှ စပါးဒိုင်တွင် အလုပ်လုပ်ပြီး ညပိုင်းတွင် လူငယ်ရေးရာညကျောင်းတွင် ကျောင်းတက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရန်ရည်ရွယ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည်အထက်တန်းကျောင်းတွင် ကျောင်းတက်ပြီး တစ်ပတ်အကြာတွင် ကျောင်းထွက်၍ လူငယ်ရေးရာညကျောင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။ လူငယ်ရေးရာ ညကျောင်းသည်ညနေ ၆ နာရီမှ ၉ နာရီထိ ကျောင်းတက်ရပါသည်။ ကုန်သွယ်ရေး မှ စပါးဒိုင်တွင် အလုပ်လုပ်ရန် မြို့နှင့်အလှမ်းကွာဝေးသဖြင့် အလုပ်မလုပ်ဖြစ်ခဲ့တော့ပါ။ လူငယ်ရေးရာညကျောင်းတွင် ကျောင်းဆက်တက်ပြီး တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုခဲ့ပါသည်။

ဝင်းဗိုလ်သည် အထက်တန်းကျောင်းတွင် ကျောင်းဆက်တက်သဖြင့် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲထိကျောင်းတက်ရပြီး၊ ကျွန်တော်တက်သည့် လူငယ်ရေးရာ ညကျောင်းသည် ညနေ ၆ နာရီမှ ၉ နာရီထိ ကျောင်းတက်ရပါသည်။ ဝင်းဗိုလ်နှင့် ကျွန်တော်မတွေ့ဖြစ်တော့ပါ။ ၁၉၆၉ ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခဲ့ရာ ကျွန်တော်သိထားသော၊ ကျက်ထားသောအဖြေများ၊ အကြောင်းအရာများနှင့် မေးသည့်မေးခွန်းများမှာ တိုက်ဆိုင်နေသဖြင့် ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။

ကျွန်တော်သည် ၁၉၆၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို (က) စာရင်းဖြင့် အောင်မြင်ခဲ့သော်လည်း ကျွန်တော့်သူငယ်ချင်း ဝင်းဗိုလ်သည် (ခ) စာရင်းတွင်ပါ လာသဖြင့် တက္ကသိုလ်တက်ရန်အတွက်(က) စာရင်းဖြင့် အောင်မြင်ရန် တက္ကသိုလ် ဝင် စာမေးပွဲကိုတတိယနှစ်အဖြစ် လူငယ်ရေးရာညကျောင်းတက်ပြီး ဆက်လက်ဖြေ ဆိုရမည့် အခြေအနေဖြစ်လာပါတော့သည်။ ဝင်းဗိုလ်သည် ကျွန်တော့်ကိုတွေ့တိုင်း၊ "ကျော်မြင့်မင်းဉာဏ်ကောင်းတယ်၊ ကံကောင်းတယ်"ဟု ပြောလေ့ရှိပြီး ကျွန်တော်ကလည်း "ဝင်းဗိုလ်မင်းကြောင့် တန်းမြင့်ကျောင်းထွက်စာမေးပွဲ (ကိုးတန်းအစိုးရစစ်) အောင်ခဲ့တာပါ၊ မင်းဒီနှစ်တက္ကသိုလ်ဝင်စာမေးပွဲပြန်ဖြေရင် သေချာပေါက် အောင်မှာပါ"ဟု ပြန်ပြောလေ့ရှိပါသည်။

ကျွန်တော်သည် ၁၉၆၉ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်တက် ရောက်ခွင့်ရသဖြင့် မန္တလေးမြို့သို့သွားရောက်ခဲ့ရပါသည်။ ပထမနှစ်ဝက်ကျောင်း ပိတ်ချိန်တွင်ပုသိမ်သို့ ပြန်လာရာ ဝင်းဗိုလ်သည် သူ့မိဘများရှိရာ လပွတ္တာမြို့သို့ ပြန်သွားကြောင်း သူ့ဦးလေးတော်စပ်သူပြောမှ ပုသိမ်မှသူနေသောအိမ်သည် သူ့ဦးလေးတော်သူအိမ်တွင်နေကြောင်း သိရှိရခဲ့ပါသည်။

ကျွန်တော်သည် ၁၉၇၂ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်တွင် တတိယနှစ်တက်ရောက်သည့်ကာလ ဖြစ်ခဲ့ပါသည်။ ပထမနှစ်ဝက်ကျောင်းပိတ်ချိန်တွင် ပုသိမ်သို့ပြန်လာခဲ့ပြီး မန္တလေးသို့ပြန်သွားရန် ပုသိမ်မှ ရန်ကုန်သို့ သင်္ဘောစီးရပြီး ရန်ကုန်တွင် တစ်ရက်နားပြီး အမြန်ရထားဖြင့် ရန်ကုန်မှ မန္တလေးသို့ သွားရောက်ရပါသည်။ ရန်ကုန်တွင် သမ္မတရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ရန်သွားစဉ် မမျှော်လင့်ဘဲ ဝင်းဗိုလ်နှင့် ဗိုလ်ချုပ်ဈေးရှေ့တွင် တွေ့မိပါတော့သည်။ ကျွန်တော်ရော၊ ဝင်းဗိုလ်ပါ ဝမ်းသာသွားကြပါသည်။ နံနက်စာတရုတ်ထမင်းစားရန် လေဟာပြင်ဈေးသို့ထွက်လာကြပါသည်။ နံနက်စာရသည့် တရုတ်ထမင်းဆိုင်ရောက်မှ ဝင်းဗိုလ်အကြောင်း သိရပါတော့သည်။ ပုသိမ်တွင် နှစ်နှစ်တိုင် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် သားအကြီးဆုံး ဖြစ်သူ ဝင်းဗိုလ်ကို လပွတ္တာမြို့ရှိမိဘများ၏ ရေထွက်ပစ္စည်းအရောင်းအဝယ် လုပ်ငန်းတွင်လုပ်ကိုင်စေပြီး၊ ဝင်းဗိုလ်၏ညီဖြစ်သူ ဝင်းကိုအား တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် ပုသိမ်မှ သူဦးလေးတော်စပ်သူထံ ပို့ထားကြောင်း၊ ရန်ကုန်သို့ ရေထွက်ပစ္စည်းများ လစဉ်လာပို့ကြောင်း၊ ဝင်းဗိုလ်သည် သူ့မိဘများရှိရာ လပွတ္တာမြို့တွင် မိဘများစီစဉ်ပေးသူနှင့် အိမ်ထောင်ကျနေပြီဖြစ်ကြောင်း၊ ရန်ကုန်သို့ ရေထွက်ပစ္စည်း အရောင်းအဝယ်လုပ်ရန် ရွှေ့လာမည့် အစီအစဉ်ရှိသည်ဟု ပြောဆိုပါသည်။ကျွန်တော်သည် ၁၉၇၂ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေး တက္ကသိုလ်တွင် တတိယနှစ် တက်ရောက်ဆဲဖြစ်ပြီး၊ ၁၉၇၄ ခုနှစ်တွင် ဘွဲ့ရမည်ဖြစ်၍ အစိုးရဝန်ထမ်းမှအပ ဆက်လုပ်စရာမရှိကြောင်း ဝင်းဗိုလ်အား ပြောခဲ့ပါသည်။

ကျွန်တော်သည် ထမင်းစားသောက်စရိတ်ကို ဆိုင်ရှင်အားပေးရန် ပြုလုပ်နေစဉ် ဝင်းဗိုလ်သည် သူကျွေးမည်ဟုပြောပြီး တရုတ်လိုပြောလိုက်ပါသည်။ ဆိုင်ရှင်သည် ကျွန်တော်ပေးသော ငွေကိုမယူတော့ပါ။ "ကျော်မြင့် မင်းကမိဘစရိတ်နဲ့ ကျောင်းတက်နေသူပါ၊" သူက စီးပွားရေးလောကထဲမှာဆိုတော့ သူပေးမည်ဟု ဇွတ်ပြောပါတော့သည်။ ဝင်းဗိုလ်နှင့် ကျွန်တော်သည် သံပုရာရည် ဆက်သောက်ကြပါသည်။ ဝင်းဗိုလ်ကပြောပါတော့သည်။ သူတက္ကသိုလ်တက်ရန် နှစ်နှစ်တိုင်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ဝီရိယစိုက်ထုတ်ခဲ့သော်လည်း ကံမကောင်းခဲ့ပါ။ ယခု သူစီးပွားရေးလောကထဲဝင်ရောက်လာသည်အခါ ကံ၊ ဉာဏ်၊ ဝီရိယသုံးမျိုးပေါင်းမှ ခရီးပေါက်မှာ သေချာသည်။ သို့မဟုတ်ပါက "ကံမပါ ဉာဏ်ပါတိုင်းမွဲ"ဖြစ်မှာကိုတော့ စိုးရိမ်သည်ဟု ကျွန်တော်သူငယ်ချင်း တရုတ်ကလေး ဝင်းဗိုလ်က သူ့ဘဝအတွေ့အကြုံကိုပြောပြပါတော့သည်။ စီးပွားရေးလောကတွင် စတင်ခြေချလာသော ဝင်းဗိုလ်ပြောသော စကားများသည် လက်တွေ့ကျသည်ဟု ထင်မြင်ပါသဖြင့် စီးပွားရေးလောကတွင် ပါဝင်ပတ်သက်နေသောသူများအား အမှတ်တရအဖြစ် ထပ်မံဆင့်ပွားလိုက်ရပါတော့သည်။

# ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးဆောင်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ စည်ပင်သာယာမြို့မဈေးကြီးနှင့် ပုသိမ်ကြီးမြို့နယ်၊ အုန်းချော (ရန်ကင်း) ဈေးတို့၌လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ ဈေးသူ/ဈေးသား ၂၅၀ ခန့်အား စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံး၊ ဦးဇော်မင်း ဦးစီးမှူး မှ စားသုံးအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များအား ရှင်းလင်းခြင်း၊ အစားအစာများတွင်ပါဝင်သော ဆိုးဆေးအန္တရာယ်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ITC ကတ်ထုတ်ပေးနေမှုအကြောင်းများကို စီးပွားရေးလုပ်ငန်းရှင်များ၊ ဈေးသူ/ဈေးသားများအား ဟောပြောဆွေးနွေးခဲ့ပါသည်။

၎င်းနောက် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ မြို့မဈေးနှင့် အုန်းချော(ရန်ကင်း) ဈေးများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော စားသောက်ကုန်ပစ္စည်း ၁၀ မျိုး ရောင်းချခြင်းရှိ/မရှိ လှည့်လည်ကြည့်ရှု၍ ဈေးသူ/ဈေးသားများအား ကျန်းမာရေးအတွက် အထောက်အကူပြုပြီး အာဟာရဖြစ်စေသော အစားအသောက်များကို ရွေးချယ်ရောင်းချရန်၊ ဓာတုဆိုးဆေးမပါဝင်သော အစားအသောက်နှင့် မုန့်များကို စိစစ်ရောင်းချရေးပညာပေး ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အစားအသောက်များ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် စားသောက်ကုန်နမူနာ ပစ္စည်းများဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။

**တင်ချစ်ကောင်း**
**(စားသုံးသူ၊ မန္တလေး)**

■

# လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ



စားသုံးသူများအနေဖြင့် ပေးလိုက်သည့်တန်ဖိုးနှင့် ရရှိလာမည့် တန်ဖိုးကို ချင့်ချိန်ရွေးချယ်တတ်စေရန် စားသုံးသူအကာအကွယ် ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူဆိုသည့် အဓိပ္ပာယ်၊ စားသုံးသူ၏ အခွင့်အရေးများ၊စားသုံးသူရပိုင်ခွင့်၊တာဝန်နှင့် စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာများ အဆက်မပြတ်ရရှိစေရေး ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေး နှင့်စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာန၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး အသင်းတို့နှင့်ပူးပေါင်း၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနကိုယ်စား လှည်းကူးမြို့နယ်၊ ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဦးတင်ဦးက ဈေးများတွင်ရောင်းချလျက်ရှိသည့် သား၊ ငါး၊ အသီးအနှံ၊မှျစ်တို့တွင် ဓာတုဆိုးဆေးများ အသုံးပြု၍ ရောင်းချမှုများရှိကြောင်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတို့တွင် Label များပြုပြင်ပြီး နှစ်သစ်ကူးအရောင်းမြှင့်တင်ခြင်းများပြုလုပ်၍ ရောင်းချမှုများရှိလာသဖြင့် စားသုံးသူများမှ တန်ရာတန်ဖိုး ပေးဝယ်ယူခြင်းဖြစ်၍ ဘေးဥပဒ် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသုံးရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ လက် ထောက် ညွှန်ကြားရေးမှူး၊ ဦးမင်းသိန်းက နိုင်ငံတော်မှ ၂၀၁၄ ခုနှစ်၊မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ဌာနအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များကို ပြည်သူများ သိရှိအောင် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စားသုံးသူများ၏ နစ်နာမှုကို ဖြေရှင်းပေးရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့ကို အထောက်အကူပြုနိုင်ရန် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ၊စားသုံးသူများမှပေးလိုက်သည့်တန်ဖိုးနှင့် ရရှိလာမည့် တန်ဖိုးအညီအမျှရရှိရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူအခွင့်အရေး ၊ရပိုင်ခွင့်များ၊ တာဝန်များကို သိထားရန်ဖြစ်ကြောင်း၊ စားသုံးသူကို အန္တရာယ်ဖြစ်စေသော အစားအစာ၊ လူသုံးကုန်ပစ္စည်း၊ ဝန်ဆောင်မှု နှင့်ပတ်သက်၍ မက်လုံးပေးကြော်ငြာခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တားမြစ်ချက်များအကြောင်း၊ စားသုံးသူပြည်သူများသိရှိလိုက်နာဆောင်ရွက်သင့်သည့် အချက်များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ အတွင်းရေးမှူးဒေါ်ခင်စန္ဒာက ထုတ်လုပ်သူများအနေဖြင့် စီးပွား ရေးတစ်ခုတည်းကိုသာကြည့်ပြီး လုပ်ကိုင်လာ၍ စားသုံးသူ ပြည်သူများ ဘေးဥပဒ်အန္တရာယ်ဖြစ်မှုများ ရှိခဲ့ကြောင်း၊ အစားအစာများကို ပလတ်စတစ်အိတ်ဖြင့်ထည့်၍ အသုံးပြုခြင်း၊ချက်ပြုတ်ရာတွင် ပြန်ကြော်ဆီများ အသုံးပြုခြင်းကြောင့် ကင်ဆာရောဂါများ တိုးပွားလာခြင်းဖြစ်ကြောင်း၊ စားသုံးသူပြည်သူများမှ အကြောင်းအရာ အမျိုးအစားအလိုက် စားသုံးရာတွင် ရွေးချယ်တတ်စေရန် အသင်းမှအသိပညာပေးမှုများ လှည့်လည်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊အမှုထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူ၊မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူးနှင့် နှစ်ဦး၊မြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၁၁ ဦး တက်ရောက်ခဲ့ ကြောင်းသတင်းရရှိပါသည်။

**မိုးမိုးကြည်(စားသုံးသူ)ရန်ကုန်**




# ကလေးခရိုင်၊ မင်းကင်းမြို့ ပသေးကျေးရွာ စာသင်ကျောင်းတွင် စားသုံးသူအကာကွယ်ပေးရေး ပညာပေးဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စားသုံးသူပြည်သူများကို စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အကာအကွယ်ပေးရန် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဌာနမှ ဝန်ထမ်းများဟာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင် မင်းကင်းမြို့၊ ပသေးကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဟောပြောပွဲ အခမ်းအနားကို ကလေးခရိုင် မင်းကင်းမြို့၊ ပသေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်း ဈေးသည်များ စုစုပေါင်း ၁၇၀ ဦး တက်ရောက်ခဲ့ပါတယ်။ အဆိုပါ ဟောပြောပွဲအခမ်းအနားမှာ စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသောင်းကြိုင် က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ သိကောင်းစရာများ အကြောင်း၊ စားသုံးသူများရဲ့ အခွင့်အရေးနဲ့ တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခွင့်အရေးနဲ့ တာဝန်များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပြီး ဒု-ဦးစီးမှူး ဦးသန်းထွန်းက အန္တရာယ်ရှိစားသောက်ကုန်များကြောင့် စားသုံးသူများ ဒုက္ခ ရောက်ကြရပုံများကို ရှင်းလင်းပြောကြားသွားပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒု-ဦးစီးမှူး ဒေါ်နှင်းနှင်းခိုင် က အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာများရဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အကြီးတန်းစာရေး ဒေါ်ကေသီအောင်ကလည်း အသင့်စားအစားအစာနဲ့ မုန့်မျိုးစုံတို့ရဲ့ အန္တရာယ်များအကြောင်း၊ ဟင်းချိုမှုန့် စားသုံးခြင်းကြောင့် ကျန်းမာရေးထိခိုက်ခဲ့ပုံများကို ပညာပေးဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူများကို စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်သည့် ပိုစတာများ၊ လက်ကမ်းစာစောင်များ ပေးဝေခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ကေသီအောင် (စစ်ကိုင်း)**

# ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းနှင့် ပူးပေါင်း၍ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ရန်ကုန်တိုင်း ဒေသကြီး၊ ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေး ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။



ဟောပြောဆွေးနွေးပွဲတွင် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက မြန်မာနိုင်ငံမှာ ယခင်ကစားသုံးသူအကာအကွယ်ပေးရေးဥပဒေ မရှိသော်လည်း ယခုနိုင်ငံတော်မှချမှတ်လိုက်သော စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြည်သူများသိရှိအောင် ချပြဆွေးနွေးပညာပေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ် စားသောက်ကုန်များတွင် ဆိုးဆေးများ၊ လူကိုအန္တရာယ်ဖြစ်စေသော အစားအစာများပါဝင်နေသည်ကို ကြားသိနေရပါကြောင်း၊ ယခုလို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးခြင်းဖြင့် ပြည်သူများသိရှိပြီး ကျန်းမာရေးနှင့်ပြည့်စုံ၍ အာဟာရပြည့်ဝပြီးစံမှီအစားအစာများ ရွေးချယ်စားသုံးတတ်လာမှာဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲမှ ရရှိသော ဗဟုသုတများကို ပြန်လည်မျှဝေပေးစေချင်ကြောင်း အမှာစကားပြောကြားပါသည်။ ဆက်လက်၍ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နိုင်ငံတော်မှ ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ရန် ဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ၊ ဥပဒေပါစားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်၊ တားမြစ်ချက်များ၊ ထုတ်လုပ်သူနှင့် စားသုံးသူပြည်သူများအကြား တွေ့ကြုံနိုင်သည့် အခြေအနေများ၊ ကုန်စည်ထုတ်လုပ်သူစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဥပဒေပါတားမြစ်ချက်များ လိုက်နာရန်တာဝန်ရှိမှုများကို ဖောက်ဖျက်ကျူးလွန်ပါက ရရှိမည့်ပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

တိုင်းကျန်းမာရေး ဦးစီးဌာနကိုယ်စား မြို့နယ်ကျန်းမာရေးဆရာဝန် ဒေါက်တာဆန်းသူရအောင်သိန်းက ကျန်းမာရေးဌာန၏အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်နေသော စားသောက်ကုန်များ လုံခြုံစိတ်ချရမှုရှိအောင် စစ်ဆေးဆောင်ရွက်နေမှုများအကြောင်းနှင့် အစားအစာများ စားသုံးရာတွင် လတ်ဆတ်သန့်ရှင်းသော အစားအစာများကို ရွေးချယ်စားသုံးရန် ကျန်းမာရေး သတိရှိဖို့လိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်စန္ဒာက မိမိတို့အသင်းအနေဖြင့် ပွင့်လင်းမြင်သာလာသော အခြေအနေတွင် စားသုံးသူပြည်သူများကို တစ်ဖက်တစ်လမ်းမှ တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးရန် ဖွဲ့စည်းထားသော ပရဟိတအဖွဲ့ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် အစားအသောက်များ၊ ကုန်စည်များ၊ အလှကုန်များ၊ ဝန်ဆောင်မှုများ၏ ဆိုးကျိုးများကို ရှင်းလင်းပြောကြား ခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း/အမှုထမ်းများ၊ မြို့နယ်ကျန်းမာရေး ဆရာဝန်၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းအတွင်းရေးမှူးနှင့်တစ်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ ကမာကဆစ်ဈေး၊ဒလဈေး၊ အောင်ဇေယျဈေးတို့မှ ဈေးတာဝန်ခံများ စုစုပေါင်း ၁၀၀ ဦးတက်ရောက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အပတ်စဉ်၊ လစဉ်စီမံချက်များချမှတ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၃၁ ရက်နေ့အထိ မြို့နယ်၃၂မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၁ကျောင်း၊ စားသောက်ကုန် ပစ္စည်းများရောင်းချဖြန့်ဖြူးသည့်ဈေးနှစ်ဈေး၊ ကုန်ပစ္စည်းထုတ်လုပ်သည့်စက်မှုဇုန်လေးခု၊ မြို့နယ်များအတွင်းရှိ စားသုံးသူ ပြည်သူများအတွက် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ၁၄ ခုတို့တွင် ကျင်းပခဲ့ပြီး ယနေ့အထိ စုစုပေါင်း ၄၁ နေရာ ကျင်းပပြီးစီးကြောင်း သတင်းရရှိပါသည်။

**ချောဥမ္မာနိုင်(စားသုံးသူ)ရန်ကုန်**

## မကွေးမြို့ရန်ပါယ်ဈေးကြီးတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောင်းများ၊ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲများကို အပတ်စဉ်ကျင်းပလျက်ရှိရာ ယခုအပတ်တွင် မကွေးမြို့နယ်ရှိ ရန်ပါယ်ဈေးကြီးတွင် ဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ မကွေးမြို့နယ် ရန်ပါယ်ဈေး ဈေးရုံးခန်း၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပခဲ့ရာ မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်နှင့် ဈေးသူဈေးသားများ၊ စားသုံးသူရေးရာဌာနမှ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါစားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူတို့၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ မကွေးတိုင်းဒေသကြီးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ၎င်းအဖွဲ့၏ လုပ်ငန်းတာဝန်များအကြောင်း၊ ထို့နောက် ဓါတုဆိုးဆေးများ၏ အန္တရာယ်ကြီးမားပုံ၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံများတွင် အသုံးပြုနေ သော ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများ၏ အကျိုးကျေးဇူးနှင့် အဆိုးအပြစ်များအကြောင်း၊ အချိုရည်ဘူးနှင့် စားသောက်ကုန်များတွင် (FDA) ၏ ထောက်ခံချက်ပါမှသာ စားသုံးကြရန်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူပြည်သားများ နိုင်ငံတစ်ဝန်းရှိ စားသုံးသူ မိဘပြည်သူများ အသက်ရှည်စွာနေထိုင်ဖို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေထိုင်နိုင်ရေးအတွက် ထုတ်လုပ်သူ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ယနေ့ဆွေးနွေးတင်ပြခဲ့သည့် ပြည်သူများအန္တရာယ်ရှိသည့် စားသုံးပစ္စည်းများကို မိမိအသိနှင့် မိမိဘာသာ ရောင်းချသင့်၊ မသင့် စဉ်းစားဆုံးဖြတ်ပြီး ရောင်းချခြင်းမပြုကြပါရန် တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ရန်ပါယ်ဈေးအတွင်း ဆိုင်ခန်းပေါင်း ၇၀၂ ခန်းသို့ လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟင်းသီးဟင်းရွက်တန်းနှင့် ငါးခြောက်တန်းတွင် ပိုးသတ်ဆေး၊ ယင်သတ်ဆေးများ၏ အန္တရာယ်ကြီးမားပုံကိုရှင်းပြပြီး မုန့်ဆိုင်တန်းတွင်လည်း ဆိုးဆေးများ၊ မှိုသတ်ဆေးများ၏ အန္တရာယ်ကြီးမားပုံတို့ကို ရှင်းပြကာ လက်ကမ်းစာစောင်များ၊ ပိုစတာများ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ သစ်လှကျင်းအုပ်စု ရွာငါးရွာမှ တောင်သူ ၃၅၀ ဦးအား သစ်လှကျင်းရွာအရှေ့ကျောင်းဓမ္မာရုံ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာများ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အချိုမှုန့်စသည်တို့၏ အန္တရာယ်ရှိပုံများအကြောင်းကို မကွေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများက ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းထွန်း(စားသုံးသူ)၊ မကွေး**

## အိန္ဒိယနိုင်ငံတွင် အွန်လိုင်းမှ ဈေးဝယ်သူများအတွက် လိမ်လည်ခံရမှုမှ အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအား ပြင်ဆင်

အိန္ဒိယနိုင်ငံ အစိုးရသည် e-Commerce လုပ်ငန်း၌ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသည့် စားသုံးသူများအား အွန်လိုင်းလိမ်လည်မှုများမှ အကာအကွယ်ပေးအပ်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအား ပြန်လည်ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုများ တိုးတက်လာသည့်အလျောက် အစိုးရသည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၁၉၈၆ တွင် e-Commerce ကဏ္ဍအတွက် သင့်လျော်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းပြင်ဆင်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး Jayant Sinha မှ ပြောကြားခဲ့ပါသည်။



အိန္ဒိယနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း e-Commerce ကုမ္ပဏီများမှ တိုင်တန်းမှု ကိုးခုအား လက်ခံရရှိခဲ့ပြီး အစိုးရမှလည်း အရေးယူဆောင်ရွက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် e-Commerce လုပ်ငန်း လိမ်လည်မှုများနှင့် သက်ဆိုင်သည့် လိုအပ်သည့် သတင်းအချက်အလက်များ ရရှိစေရန် Directorate of Enforcement မှ စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**

## Inle Princess Resort တွင် မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း ဟိုတယ်အား ပုံမှန်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

ညောင်ရွှေမြို့နယ်၊ အင်းလေးကန်၊ မန်ကျည်းစင်ကျေးရွာတွင် ဖွင့်လှစ်ထားရှိသော Inle Princess Resort တွင် ဒီဇင်ဘာ ၂၉ ရက်ည ၉နာရီ ၁၅ မိနစ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် ဟိုတယ်၏ ဘန်ဂလိုများ မီးလောင်ကျွမ်းခံရသော်လည်း အဆိုပါ Inle Princess Resort ကို ပုံမှန်အတိုင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းရသည့် အကြောင်းရင်းအသေးစိတ်ကို မသိရှိရသေးဘဲ ဟိုတယ်၏ ဘန်ဂလိုအမှတ် ၃၀၇မှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဟိုတယ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဘန်ဂလိုအမှတ် ၃၀၇မှ စတင်လောင်ကျွမ်းခဲ့သည့် မီးသည် အနီးအနားရှိ ဘန်ဂလိုများကိုပါ ကူးစက်လောင်ကျွမ်းခဲ့ရာ ဟိုတယ်ရှိ ဘန်ဂလို ၄၆ လုံး အနက် ၁၈ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပျက်စီးဆုံးရှုံးခဲ့သည့် ဘန်ဂလို ၁၈ လုံးအနက် Lake View ဘန်ဂလို ငါးလုံးနှင့် Mountain View ဘန်ဂလို ငါးလုံးလည်း ပါဝင်ခဲ့ကြောင်း သိရသည်။ အခြားဘန်ဂလို လေးလုံးကိုအချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သော်လည်း မီးသတ်ရာတွင် အသုံးပြုသည့်ရေအားကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း ဟိုတယ်၏သတင်းပေးပို့ချက်တွင် ဖော်ပြထားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း ဟိုတယ်တွင် ကျန်ရှိနေသည့် အခြားဘန်ဂလို ၂၈ လုံးနှင့် စားသောက်ဆိုင်များ၊ Spa နှင့် အခြားလုပ်ငန်းများမှာလည်း ပုံမှန်အတိုင်း လည်ပတ်လျက်ရှိကြောင်း သိရသည်။

ပျက်စီးခဲ့သည့်ဘန်ဂလိုများအနက် လေးလုံးကို ဇန်နဝါရီ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောက်ထပ်လေးလုံးကိုလည်း သေချာစွာ ပြန်လည်မွမ်းမံစစ်ဆေးပြီးနောက် ဇန်နဝါရီလကုန်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

“မီးလောင်မှုဖြစ်တဲ့အတွက် ကျွန်မတို့ တကယ်ပဲဝမ်းနည်းရပါတယ်။ ဒါပေမယ့် ဧည့်သည်တွေရော၊ ဝန်ထမ်းတွေရော တစ်ယောက်မှ ထိခိုက်ဒဏ်ရာမရတဲ့အတွက် စိတ်သက်သာရာရမိပါတယ်”ဟု Inle Princess Resort ၏ မန်နေးဂျင်းဒါရိုက်တာ မယဉ်မျိုးစုက ပြောကြားခဲ့သည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | (၁၁၅၀)စ/ပေ | (၇)လွှာ၊ကြိုပွိုင့် | ၁၅၀၀ သိန်း | (၆၀%)ပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | | (ပ)ထပ် | ၉၀၀ သိန်း | လမ်းမကြီးနီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | လုံးချင်းမြေ | သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ VIP | (၆၀×၈၀)ပေ | RC (၂)ထပ် | ၂၅ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | လုံးချင်းအိမ် | သဃ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ အိမ်(၄၀×၃၅)ပေ | (၈၀×၈၀)ပေ MB (၃) ခန်း | RC (၂)ထပ်၊ | ၃၈ သိန်း (တစ်လအငှားနှုန်း) | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | မြေကွက် | လှည်းကူးမြို့နယ်၊ ရန်ကုန်ပဲခူးလမ်းမြို့အထွက် | (၂၀၀၀၀)စ/ပေ | မြေအစိက၊ အိမ်ငယ်(၁)လုံးပါ | တစ်သောင်း နှစ်ထောင်သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေကွက် | ဒဂုံမြို့သစ်(မြောက်)၊ (၄၄)ရပ်ကွက် | (၂၄၀၀)စ/ပေ | မြေသီးသန့် | ၉၉၀ သိန်း | ညှိနှိုင်းဈေး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၇။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊မြယမုံရိပ်မွန် | (၆၀×၈၀)ပေ အိမ်(၃၅×၄၅)ပေ | RC (၂)ထပ် MB (၃)ခန်း | ၂၀ သိန်း | (တစ်လအငှားနှုန်း) | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | မန္တလေးတိုင်း၊ မိတ္ထီလာမြို့ | (၄၀×၆၀)ပေ | ပျဉ်ထောင်(၁)ထပ် | ၅၅၀ သိန်း | မန္တလေးလမ်းဟောင်းပေါ် | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | မန္တလေးမြို့ (၂၉)လမ်း | (၁၂၅၀)စ/ပေ | RC(၂)ထပ်အိမ် | တစ်သောင်း ရှစ်ထောင်သိန်း | နေရာကောင်း လူစည်ကား | ၀၉/၅၁/၁၇၂၆၂ |

## တန်ဖိုးနည်းဆင်းကတ်များကြောင့် အွန်လိုင်းဈေးကွက်များ ပိုမိုခေတ်စားလာ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးစနစ် ထွန်းကားလာမှုနှင့်အတူ လူမှုကွန်ရက်နယ်ပယ်သည်လည်း ၂၀၁၄ ခုနှစ်အတွင်း ကျယ်ပြန့်လျက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချပေးနေသည့် တန်ဖိုးနည်းဖုန်းများနှင့်အတူ ပြည်ပမှရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောတို့၏ တန်ဖိုးနည်းဖုန်းများကြောင့် လူအများစုမှာ ဖုန်းကိုအသုံးပြု၍ ဈေးကွက်အတွင်း လှုပ်ရှားလျက်ရှိသည်ကို တွေ့ရသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ ခြောက်သိန်းခွဲခန့်သာရှိသော်လည်း တန်ဖိုးနည်းဖုန်းများ ထွက်ရှိလာပြီးနောက် ဖုန်းဖြင့် အင်တာနက်အသုံးပြုသူပေါင်းမှာ ရာခိုင်နှုန်း ၁၅၀ ခန့် တိုးတက်လာခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အင်တာနက်အသုံးပြုမှု မြင့်တက်လာသည်နှင့်အမျှ အွန်လိုင်းပေါ်တွင် ရောင်းဝယ်ဖောက်ကားသူများ များပြားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အွန်လိုင်းဈေးများကို ကိုယ်ပိုင်ဝက်ဘ်ဆိုက်များ ဖန်တီးကာ လုပ်ဆောင်လာကြသကဲ့သို့ Rocket Internet ကဲ့သို့သော ပြည်ပကုမ္ပဏီကြီးများကလည်း အရှိန်အဟုန်ကောင်းကောင်းဖြင့် လုပ်ဆောင်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ အထူးသဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့်နေပြည်တော်ရှိ လူငယ်အများစုမှာ လူမှုကွန်ရက်ဝက်ဘ်ဆိုက်(Facebook) မှတစ်ဆင့် ကုန်ပစ္စည်းများကို ရောင်းဝယ်လာကြကြောင်း သိရသည်။ အဆိုပါအွန်လိုင်းဈေးကွက်သည် အပြင်ဈေးကွက်ထက်ပင် လူအများစု၏ စိတ်ဝင်စားမှုအရှိဆုံးဟု ပြောရမည်ဖြစ်သည်။

“မြန်မာနိုင်ငံမှာအွန်လိုင်းဈေးကွက်က တန်ဖိုးနည်းဖုန်းတွေ ချထားပေးပြီးတဲ့နောက် ပိုပြီးကျယ်ပြန့်လာပါတယ်။ လူတွေဟာ အချိန်ကုန်သက်သာပြီး မိမိကြိုက်နှစ်သက်တဲ့ပစ္စည်းတွေကို အွန်လိုင်းပေါ်မှာ ဈေးသက်သက်သာသာနဲ့ ရှာဖွေနိုင်သလို ရောင်းသူတွေအနေနဲ့လည်း နေရာတစ်ခုအတွက် စိတ်ပူပန်စရာမလိုဘဲ အကန့်အသတ်မရှိ ရောင်းဝယ်နိုင်ပါတယ်။ စွန့်ဦးတီထွင်စိတ်ရှိတဲ့သူတွေအတွက် အွန်လိုင်းဈေးကွက်ဟာ အလွန်အသုံးတည့်တဲ့နေရာတစ်နေရာပဲဖြစ်ပါတယ်”ဟု Ads.com.mm ၏ ဒေသဆိုင်ရာ မန်နေဂျာဖြစ်သူ မစ္စတာနီကိုပိုးမားက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ဘဏ်ဝန်ထမ်းများနှင့်ဘဏ်လုပ်ငန်းကို စိတ်ဝင်စားသူများအတွက် ဘဏ္ဍာရေးနှင့်ငွေကြေးစီမံခန့်ခွဲမှုများကို သင်ကြားပေးမည့် Myanmar Institute of Finance ကို ဇန်နဝါရီလအတွင်း ဖွင့်လှစ်မည်




မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ငွေရေး ကြေးရေးကဏ္ဍအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရာတွင် ပညာရေးကဏ္ဍမှ အထောက်အပံ့ပေးနိုင်ရန် ရည်ရွယ်၍ Myanmar Institute of Finance ကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း Myanmar Institute of Finance ဖွင့်လှစ်ရန်အတွက်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ Myanmar Institute of Finance တွင် ဘဏ်များ၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သော သင်တန်းများ၊ အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော ကမ္ဘာ့အသိအမှတ်ပြုသင်တန်းများကို ပြည်တွင်း၊ ပြည်ပပညာရှင်များက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ၂၀၁၅ ခုနှစ် မတ်လမတိုင်မီအထိ Marketing Financial Services ၊ English For Banking & Finance ၊ Finance For Non – Finance Professionals (FNFP) ၊ Forecasting Gold, Currency & Financial Markets Using Charting Techniques စသည့် သင်တန်းများကို ပို့ချသွားမည်ဖြစ်ပြီး ၂၀၁၅ခုနှစ် မတ်လဆန်းမှ စတင်ကာ နိုင်ငံတကာအသိအမှတ်ပြုဘဏ္ဍာရေး Capital Marker သင်တန်းများ၊ မန်နေဂျာများနှင့် သက်ဆိုင်သော သင်တန်းများကို Certificate နှင့်ဒီပလိုမာ သင်တန်းများအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားဘဏ်များ၊ Non-Profit အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းကာ ဘဏ်များအတွက် အထူးသင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Myanmar Institute of Finance ကို ရန်ကုန်မြို့၊ ကမ်းနား လမ်းနှင့်မော်တင်လမ်းထောင့်၊ (ယခင် ဖက်စပ်-၂အဆောက်အအုံ)တွင်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၆၅၂၈၇၈၃ (Myanmar Institute of Finance) E.mail: inquire.mif@gmail.com သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (2008) | ယာယီ | ၈၆ သိန်း | (1 .3 စီစီ) |
| ၂။ | အေဒီဗင် (2008) | ယာယီ | ၇၅ သိန်း | (1 .3 စီစီ) |
| ၃။ | ပါဂျဲရိုး (97) | ၄ ဂ | ၁၂၅ သိန်း | |
| ၄။ | စီအာဗီ (2000) | 9 E | ၁၃၀ သိန်း | ကားဟောင်း |
| ၅။ | စီအာဗီ (၂၀၀၂) | ယာယီ | ၁၄၅ သိန်း | |
| ၆။ | အာလ်(ဗတ်) (2003) | ယာယီ | ၂၄၅ သိန်း | (3 .0 စီစီ) |
| ၇။ | ဟွန်ဒါဖစ် | 5E | ၈၀ သိန်း | |
| ၈။ | မတ်(ခ်)တူး (2001) | 9 D | ၁၂၀ သိန်း | (2 .0 စီစီ) |
| ၉။ | ကရောင်း (2001) | 1 E | ၁၂၅ သိန်း | (2 .5 စီစီ) |
| ၁၀။ | ဟိုက်ဂျက်ပစ်ကပ် (2006) | ယာယီ | ၅၉ သိန်း | |

သင့်ကျန်းမာရေး

# သားဖွားပြီးစ မိခင် နှင့် လေ့ကျင့်ခန်း

## ဒေါက်တာလွင်သန့်

သားဖွားပြီးစမှာ ကလေးရော၊ မိခင်ပါ ကျန်းမာရေးကောင်းမွန်ဖို့ သတိပြုရပါမယ်။

**သားအိမ်ပြောင်းလဲမှု။** ကိုယ်ဝန်ရှိစဉ် ကိုးလလောက်မှာ မိခင်ရဲ့သားအိမ် ကြီးထွားလာပြီး၊ သားအိမ်ကျယ်လာခြင်း၊ ကလေးကြီးထွားလာခြင်း၊ သားအိမ်မှာ သာမန်အရွယ်ထက် အလွန်ကြီးခြင်း၊ သားအိမ်ကို ဆီးစပ်ဝမ်းဗိုက်၌ ခွဲစမ်း၍ရခြင်း၊ သားအိမ်နဲ့ ကလေးအနေအထား သိနိုင်ခြင်း၊ ကလေးအရွယ်ခန့်မှန်းနိုင်တယ်။

သားဖွားပြီးပထမရက်များမှာ မိခင်ရဲ့မိန်းမကိုယ်မှ သွေးဆင်းတတ်တယ်။ ဓမ္မတာသွေးပေါ်ခြင်းမဟုတ်ဘဲ သားအိမ်အတွင်းသား ကွာကျခြင်းဖြစ်တယ်။ မွေးပြီး ရက်သတ္တပတ်သုံးပတ်အထိ သွေးဆင်းတတ်တယ်။ ကလေးတစ်လပြည့်ရင် မိခင်သားအိမ်မှ သွေးဆင်းခြင်းမရှိတော့ဘူး။

**ရင်သားပြောင်းလဲမှု။** ကလေးကိုယ်ဝန်ရှိစဉ်၊ မိခင်ရဲ့ရင်သားဖွံ့ဖြိုးလာတယ်။ ကလေးကို နို့ရည်တိုက်ကျွေးနိုင်တယ်။ မွေးပြီးစအချိန်မှာ ရင်သားမှာ အထူးအပြောင်းအလဲ မရှိသေးဘူး။ ကလေးကိုနို့တိုက်နိုင်တယ်။ ကလော်စထရမ်ခေါ် နို့ဦးရည်ဟာ ပဋိပစ္စည်းနဲ့ပြီးနေလို့ ကလေးကို ရောဂါများစွာမှ ကာကွယ်ပေးနိုင်တယ်။ (မှတ်ချက်။ အေအိုင်ဒီအက်စ်မိခင်မှ နို့ရည်ကိုမူ မတိုက်သင့်ဘူး၊ နို့ဘူးသာတိုက်ရမယ်။ အိပ်ချ်အိုင်ဗွီ မကူးစက်စေဖို့ဖြစ်တယ်။)

ကလေးနို့စို့လို့ ရင်သားဟာတင်းလာတယ်။ အလျင်အမြန် ကြီးထွားလာတယ်။ တင်းမာလာတယ်။ တစ်ခါတစ်ရံ ရင်သားအလွန်တင်းလွန်းရင် ကလေးကို နို့မတိုက်မီ ရင်သားညှစ်ပေးသင့်တယ်။ ကလေးအလွယ်တကူ နို့သီးခေါင်းမှ စုပ်ယူနိုင်ဖို့ ပြင်ဆင်ပေးသင့်တယ်။ ယင်းသို့ညှစ်ပေးမှ မိခင်နို့အတင်းသက်သာပြီး နေသာထိုင်သာရှိနိုင်တယ်။ ကလေးအတွက် နို့ရည်ထပ်ပြီးထွက်လာစေဖို့ ဖိတ်ခေါ်ပေးသလိုဖြစ်တယ်။ မိခင်နို့တိုက်ကျွေးရမယ်။ နောက်ရက်တွေမှာ ကလေးအတွက် အနေတော်ဖြစ်သွားပြီး မိခင်က အစာ စားပေးရမယ်။

**မိခင်အတွက်လေ့ကျင့်ခန်း။** မိခင်အတွက် သတ်မှတ်လေ့ကျင့်ခန်းများ သားဖွားပြီးအချိန်ယူလိုက်ရင် ပိုမိုအားပြည့်စုံပြီး ပေါ့ပေါ့ပါးပါးဖြစ်စေတယ်။ နေ့စဉ် နာရီဝက်၊ အပြေးလမ်းလျှောက်၊ စက်ဘီးစီးလုပ်ပေးသင့်ပါတယ်။ ခန္ဓာကိုယ်အနေအထား တည့်တည့်မတ်မတ် ရှိသင့်တယ်။

**(က) အသက်ရှူလေ့ကျင့်ခန်း။** ပက်လက်လှန် ဒူးထောင် အိပ်ပြီး၊ ခြေဖဝါးကိုကြမ်းပြင်ပေါ် ထိနေရမယ်။ အသက်ရှူသွင်းစဉ်၊ ဝမ်းဗိုက်အထက် ကြွတက်ပြီး၊ အသက်ရှူထုတ်ရင် ဝမ်းဗိုက်ကြွက်သား တစ်အားညှစ်ပေးရမယ်။ လေ့ကျင့်ခန်းကို တစ်နေ့ ၁၂ ခါ လုပ်ပေးရမယ်။

**(ခ) တင်ပါးဆုံကြွက်သားလှုပ်ပေးခြင်း။** ပက်လက်အနေအထားအတိုင်း၊ တင်ပါးနှစ်ဖက်ကို တောင့်တင်းထားဖို့ ဝမ်းဗိုက်အောက်ပိုင်း၊ ကြွက်သား အထက်ဆွဲတင်ပေးဖို့၊ နောက်ကျောကို ကြမ်းပြင်နဲ့ထိနေဖို့၊ ကြွက်သားများကို ပြန်လျှော့ဖို့လိုမယ်။

**(ဂ) တင်ပါးဆုံကြမ်းခင်း ကြွက်သားများ**ကို အထက်ဆွဲမခြင်းဖြင့် တောင့်တင်းအောင် လုပ်နိုင်တယ်။

**(ဃ) ဝမ်းဗိုက်ကြွက်သား လေ့ကျင့်ခန်း**

**(၁) ပက်လက်လှန်ခြင်း။** ဒူးကို အနည်းငယ်ထောင်ပြီး၊ ခြေဖဝါးနှစ်ဖက် ကြမ်းပြင်ပေါ် ထိစေရတယ်။ စက္ကန့်အနည်းငယ်ထိန်းပြီး ပြန်အိပ်ရမယ်။ ၈ ကြိမ်ပြုလုပ်ပေးကာ လှဲချသည်အထိ လက်များ အကူအညီဖြင့် လေ့ကျင့်ပေးနိုင်တယ်။

(၂) ခြေထောက်ကိုဆန့်ပြီး နောက်တစ်ဖက်ကွေး၊ဆန့်ထားတဲ့ခြေထောက်မှာ အိပ်နေပြီး၊ ဆန့်ထားတဲ့ခြေထောက်ကို တိုသွားအောင် ဒူးကွေးရမယ်။ ပြီးရင် ပြန်ဆန့်ရမယ်။ အခြားတစ်ဖက်ကို ထိုနည်းအတိုင်းလုပ်ရမယ်။

**(င) အနေအထားပြုပြင်ခြင်း။** စိတ်ကို လျှော့ပြီး တစ်ကိုယ်လုံးမှ ကြွက်သား လျှော့ဖို့ ခြေမနှစ်ခုထိပါစေ။ ပြီးလျှင် တဖြည်းဖြည်းချင်း ကြွက်သားကို အတွင်းကို ဆွဲသွင်းရမယ်။ ခန္ဓာကိုယ်တစ်ခုလုံး တံခါးတိုင်နဲ့ ထိနေရမယ်။ ခြေမျက်စေ့နှစ်ခုလုံး လက်မအနည်း ငယ် ကွာဝေးစေရမယ်။

သားဖွားပြီး မိခင်စောင့်ရှောက်ခြင်းမှာ အိမ်မှာမွေးမွေး၊ ဆေးရုံမှာ မွေးမွေး မိခင်ကိုစောင့်ရှောက်ရမယ်။ အမြန်ဆုံးသွားလာလှုပ်ရှားစေရမယ်။ အိပ်ရာထဲပဲ မနေစေရဘူး။ လေ၊ ဝမ်းကွဲရမယ်။ ဆီးကျန်၊ ဆီးကျဉ်တာ နည်းရမယ်။

# အရေပြားကင်ဆာရောဂါဖြစ်ပွားမှု များပြားနေသဖြင့် နေပူစာလှုံကုတင်များတင်သွင်းခြင်းကို ဩစတြေးလျ ပိတ်ပင်



ဩစတြေးလျနိုင်ငံသည် နိုင်ငံအတွင်း အရေပြားကင်ဆာရောဂါ ဖြစ်ပွားသည့်ဦးရေ တစ်နေ့တခြား များပြားလာမှုကို ထိန်းချုပ်သည့်အနေဖြင့် နေပူစာလှုံရန် အထူးပြုလုပ်ထားသည့် နေပူစာလှုံကုတင်များ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်လိုက်ကြောင်း သိရသည်။

အဆိုပါပိတ်ပင်တားမြစ်ချက်သည် ဇန်နဝါရီ ၁ ရက်မှ စတင်အကျုံးဝင်သည်ဟု ဆိုသည်။ ယင်းကဲ့သို့ နေပူစာလှုံကုတင်များတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်လိုက်ခြင်းအား ဩစတြေးလျ ကင်ဆာရောဂါတားမြစ်ထိန်းချုပ်ရေးနှင့် ကာကွယ်ကုသရေးကောင်စီက ကြိုဆိုလိုက်သည်။

“ဩစတြေးလျနိုင်ငံဟာကမ္ဘာပေါ်မှာ အရေပြားကင်ဆာရောဂါ အဖြစ်ပွားဆုံး နိုင်ငံတစ်နိုင်ငံပါ”ဟုအဆိုပါကောင်စီ၏ အကြံပေးဒါရိုက်တာတစ်ဦးဖြစ်သူ ပေါလ်ဂရိုအန်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံမှ ပြည်သူများသည် မကြာခဏဆိုသလို နေပူစာလှုံသည့် အလေ့အထရှိနေရာ ကမ်းခြေများ၊ ပင်လယ်ကမ်းစပ်များတွင် နေပူစာလှုံလေ့ရှိကြသည်။

နေပူစာလှုံခြင်းသည် ကောင်းမွန်သော်လည်း နေရောင်ခြည်တွင် ပါဝင်သည့် ခရမ်းလွန်ရောင်ခြည်သည် အရေပြားကင်ဆာကို ဖြစ်ပေါ်စေနိုင်သဖြင့် အဆိုပါကုတင်များ တင်သွင်းခွင့်ကို ပိတ်ပင်ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး မာ့ခ်မက်အာဒဲလ်က ပြောကြားခဲ့သည်။

“ဩစတြေးလျနိုင်ငံရဲ့ အရေပြားကင်ဆာဖြစ်ပွားမှုနှုန်းဟာ ကနေဒါ၊ အမေရိကန်၊ ဗြိတိန်တို့ရဲ့ဖြစ်ပွားမှုနှုန်းနဲ့ နှိုင်းယှဉ်ရင် နှစ်ဆ သုံးဆလောက်မြင့်နေတယ်။ ကွင်းစလန်ပြည်နယ်မှာဆိုရင် အရေပြားကင်ဆာဖြစ်ပွားသူဦးရေဟာ တော်တော်လေးကို မြင့်တက်နေပါတယ်”ဟု ၎င်းကပြောကြားခဲ့သည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားသူများကလည်း အရေပြားကင်ဆာ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ပြည်သူများ သတိမူမိစေရန် နေရောင်ကာများ၊ ဦးထုပ်များ၊ နေကာမျက်မှန်များကို ဝတ်ဆင်ပြီးမှ သွားလာကြရန် နှိုးဆော်လျက်ရှိသည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံသည် အန္တာတိကတိုက်နှင့် အနီးဆုံးနေရာတွင် တည်ရှိနေရာ အိုဇုန်းလွှာပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ခရမ်းလွန်ရောင်ခြည်ထွက်ပေါ်မှုအဆင့်သည် အဆမတန်များပြားနေကြောင်း ကျန်းမာရေးဝန်ကြီးက ဆိုသည်။ ဩစတြေးလျနိုင်ငံတွင် ၂၀၁၁ ခုနှစ်က အရေပြားကင်ဆာကြောင့် လူပေါင်း၂၀၀၀ကျော် သေဆုံးခဲ့ရကြောင်း၊ ဩစတြေးလျကင်ဆာကောင်စီ၏ ဆန်းစစ်ချက်များအရ နေပူစာလှုံသည့် လူပေါင်း ၆၃၀၀ ကို လေ့လာခဲ့ရာတွင် အများစုမှာ လူငယ်များနှင့် အရွယ်ရောက်ပြီးသောသူများဖြစ်သည်ကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ဥရောပနိုင်ငံ အများအပြားနှင့် အမေရိကန်နိုင်ငံတို့တွင် အဆိုပါနေပူစာလှုံ ကုတင်များ တင်သွင်းခြင်းကို ပိတ်ပင်ထားကြောင်း သိရသည်။

**မယ်သီတာ**

# အနီရောင်ရှိသည့် အသားများနှင့် ကင်ဆာရောဂါဖြစ်ပွားမှု ဆက်စပ်နေသည်ဟုဆို



အနီရောင်ရှိသည့် အသားများကို စားသုံးခြင်းကြောင့် ကင်ဆာရောဂါများ ဖြစ်ပွားရခြင်းအကြောင်းကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆန်ဒီယေဂိုတက္ကသိုလ်မှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က စမ်းသပ်တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အနီရောင်ရှိသည့် အသားများဖြစ်သည့် အမဲသား၊ ဆိတ်သား၊ ဝက်သား၊ သိုးသားတို့နှင့် သကြားကို အသုံးပြု၍ နီရဲနေအောင်ပြုလုပ်ထားသောအသားများကို အလွန်အကျွံစားသုံးသောသူများသည် ကင်ဆာရောဂါများဖြစ်ပွားနိုင်ကြောင်း အဆိုပါသိပ္ပံပညာရှင်အဖွဲ့က ရေးသားဖော်ပြခဲ့သည်။

သကြားတွင်ပါဝင်သည့် Neu5GC သည် ခန္ဓာကိုယ်တွင်း အလုံးအကျိတ်များကို ဖြစ်ပေါ်စေနိုင်ပြီး ၎င်းကိုအသုံးပြု၍ နီရဲနေအောင်ပြုလုပ်ထားသောအသားများကို စွဲမြဲစွာစားသုံးသောသူများသည် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ ပိုမိုများပြားကြောင်းဖြင့် အဆိုပါအဖွဲ့က တင်ပြထားသည်။

“ကျွန်တော်တို့ အခုအချိန်မှာ Neu5GC နဲ့ ကင်ဆာရောဂါဆက်စပ်ပတ်သက်နေမှုကို ရှာတွေ့ထားပါပြီ”ဟု UCSD မှ ပါမောက္ခ ဒေါက်တာအာဂျစ်ဗာကီက ပြောကြားခဲ့သည်။

သို့သော်သိပ္ပံပညာရှင်များကမူ အနီရောင်ရှိသောအသားများကို စားသုံးခြင်းကြောင့် ပရိုတိန်းဓာတ်၊ ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်များကို ဖြည့်စွမ်းပေးသဖြင့် အနီရောင်ရှိသောအသားများသည် လူတို့၏ကိုယ်ခန္ဓာအတွက် လိုအပ်သည့်အာဟာရကို ဖြည့်စွမ်းပေးကြောင်း ဒေးလီးတယ်လီဂရပ်တွင် ဖော်ပြထားသည့်သတင်းအရ သိရသည်။ လူတို့အနေဖြင့် တစ်နေ့လျှင် နီရဲသောအသား ၂ ဒသမ ၅အောင်စ သို့မဟုတ် ၎င်းထက်နည်းသော ပမာဏကိုသာစားသုံးသင့်ကြောင်း၊ သို့မဟုတ်ပါက အမဲသားကင် အပြားနှစ်ချပ် သို့မဟုတ် သိုးသားကင် အပြားတစ်ချပ်ကို စားသုံးနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများ၏ ပြောကြားချက်အရ သိရသည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၅-၁-၂၀၁၅ မှ ၁၁-၁-၂၀၁၅ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်အသစ်၊ အိုးအိမ်အသစ်ဝင်ရတတ်သည်။ အစိုးရဝန်ထမ်းများ အပြောင်းအရွှေ့ရှိသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲကြုံရတတ်မည်။ စာရေးကိရိယာလုပ်ငန်း လုပ်ကိုင်သူများ စက်ပစ္စည်းနှင့် အင်္ဂါနံပစ္စည်းလုပ်ကိုင်သူများ ရင်းနှီးမြှုပ်နှံမှုများပြီး စိတ်အနှောင့်အယှက်ဖြစ်တတ်မည်။ ခက်ခဲဝေးလံသောခရီးလမ်းကို ပင်ပန်းစွာသွားလာရတတ်သည်။ ပညာရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှု အားနည်းနေတတ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ ကျန်းမာရေးတွင် မျက်စိနှင့် ပတ်သက်သောရောဂါ ဖြစ်ပွားတတ်မည်။

**ယတြာ။ လမ်းသန့်ရှင်းရေးလုပ်ပါ။**



**တနင်္လာသားသမီးများအတွက်** ခရီးသွားဝန်ဆောင်မှုလုပ်ငန်း များ အဆင်ပြေမည်။ မိသားစုနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ရှိမည်။ အိမ်ခြံမြေလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများ စိတ်ပင်ပန်းဆင်းရဲကာ အဆင်မပြေတတ်ပါ။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှအကျိုးဖြစ်ထွန်းမည်။ ခက်ခဲသောခရီးကို အောင်မြင်စွာကျော်ဖြတ်နိုင်မည်။ မိသားစုနှင့်ပတ်သက်ပြီး စိတ်ညစ်ညူးပြီး ထွက်ပေါက်ရှာတတ်မည်။ ပညာရေးနှင့်ပတ်သက်ပြီးအောင်မြင်မည်။ ကျန်းမာရေးတွင် ခေါင်းကိုက်ရောဂါရတတ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေသော်လည်း မကြာခဏ ရန်များမည်။

**ယတြာ။ ဘုရားစင်သန့်ရှင်းရေးလုပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** ရတနာပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း များ အဆင်ပြေမည်။ ပညာရေးနှင့်ပတ်သက်သော လုပ်ငန်းများမှ အောင်မြင်ခြင်း၊ ကျော်ကြားခြင်းရမည်။ ပျော်စရာခရီးထွက်ရမည်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောလုပ်ငန်းများ အဆင်ပြေမည်။ မိသားစုပျော်ရွှင်စရာများကြုံမည်။ ထီပေါက်ခြင်း ငွေအစုလိုက် အပြုံလိုက်ရခြင်းကြုံမည်။ ပညာရေးကောင်းမည်။ ကြိုးစားအားထုတ်မှုပိုမည်။ ကျန်းမာရေး အစာအိမ်နှင့်ပတ်သက်သောရောဂါ၊ ခါးအောက်ပိုင်းနှင့်ပတ်သက်သောရောဂါ၊ အာရုံကြောနှင့်ဆိုင်သော ရောဂါများဖြစ်တတ်မည်။ **ယတြာ။ ရေသန့်ဘူး သုံးဘူး လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မြေယာနှင့်ပတ်သက်ပြီး စိတ်သောက ရောက်မည်။ မြေပေါ် မြေအောက်နှင့်ပတ်သက်သော လုပ်ငန်း များ လုပ်ကိုင်ရတတ်မည်။ ဆောက်လုပ်ရေးလုပ်ငန်းများမှ စိတ်အနှောင့်အယှက်များမည်။ စီးပွားရေးလုပ်ငန်းများမှ ငွေရကိန်း ကန့်ကြာနေတတ်မည်။ မိသားစုအတွင်း မပြေမလည်ဖြစ်တတ်မည်။ ပညာရေးသင်တန်းများ တက်ရခြင်း၊ ဂုဏ်ထူးများရရှိခြင်းကြုံမည်။ ကျန်းမာရေးတွင် အားနည်းသော ရောဂါများ ဖြစ်ပွားတတ်မည်။ **ယတြာ။ ယပ်တောင် ငါးခုလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** လျှပ်စစ်ပစ္စည်းနှင့်သက်ဆိုင်သော လုပ်ငန်းများမှ ငွေအမြတ်အစွန်းရရှိမည်။ အပျော်ခရီးထွက်ရခြင်းများမှ မိတ်ဆွေတိုးခြင်း၊ စီးပွားရေးကောင်းမွန်ခြင်းတို့ ရရှိမည်။ နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်ရတတ်မည်။ သစ်သီးဝလံပြပွဲပန်းပြပွဲများကိုလေ့လာရေးသွားရတတ်မည်။ စိတ်ပျော်ရွှင်မှု ရရှိတတ်မည်။ ပညာရေးကောင်းမည်။ ဉာဏ်ပညာကောင်းသော်လည်းပျင်းရိနေတတ်မည်။ မိသားစုနှင့် အတိုက်အခံပြုနေရတတ်မည်။ ကျန်းမာရေးတွင် ရင်ဘတ်နှင့်ပတ်သက်သောရောဂါ၊ ခံတွင်းနှင့်ပတ်သက်သောရောဂါများ ရတတ်မည်။

**ယတြာ။ ဖယောင်းတိုင်ထုတ် သီလရှင်အားလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ဂုဏ်ရှိသောလုပ်ငန်းများလုပ်ကိုင်ရတတ်မည်။ ခက်ခဲဝေးလံသော အရပ်ဒေသများတွင် စီးပွားရေး မြှုပ်နှံတတ်မည်။ ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ခြင်း အကျိုးဖြစ်ထွန်းမည်။ ရပ်ဝေးဒေသမှအကျိုးပြုခြင်းခံရမည်။ မိသားစုအေးချမ်းမည်။ ငွေကြေးအခက်အခဲများ ပြေလည်ကာ မျှော်လင့်ချက်များရရှိမည်။ အစုလိုက်အပုံလိုက်ဝင်တတ်ခြင်းမျိုးကြုံမည်။ ပညာရေးကောင်းမည်။ ပျင်းရိနေတတ်မည်။ ကျန်းမာရေး နှာခေါင်းနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်မည်။ အဆုတ်အားနည်းခြင်းဖြစ်မည်။ **ယတြာ။ ငါးစာကျွေးခြင်းဖြင့် ကုသိုလ်ယူပါ။**



**စနေသားသမီးများအတွက်** အပြောင်းအရွှေ့များသော အလုပ်များ လုပ်ကိုင်ရတတ်မည်။ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြီး ပြန်မပေါ်တတ်ပါ။ ဆောက်လုပ်ရေးလုပ်ငန်းများမှ အဆင်ပြေမည်။ အရောင်း အဝယ်ကောင်းသောလုပ်ငန်းများ လုပ်ကိုင်ရတတ်မည်။ အိမ်ပြောင်းရွှေ့ခြင်း၊ နေရာပြောင်းခြင်း၊ မိသားစုအဆင်မပြေခြင်း များကြုံမည်။ သို့သော် ခဏတာသာဖြစ်မည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော နေရာတွင် နေထိုင်လုပ်ကိုင်ပါက အောင်မြင်မည်။ ပညာနှင့်ပတ်သက်ပြီး အခက်အခဲများကြားမှ အောင်မြင်မည်။ ကျန်းမာရေးကျောနှင့်ပတ်သက်သောရောဂါ၊ ခါးနာရောဂါများဖြစ်တတ်မည်။ **ယတြာ။ ခင်ပွန်းကြီးဆယ်ပါးကန်တော့ပါ။**

# ကလေးမြို့နယ် ရွှေထိပ်ပန်း ရက်ကန်းအသင်း နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းဆွေးနွေး

၂၀၁၄ ဒီဇင်ဘာလ ၂၀ ရက်က ရွှေထိပ်ပန်း ရက်ကန်းလုပ်ငန်းအသင်း နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကလေးမြို့ တောင်ဇလပ်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင်ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ စက်မှုကြီးကြပ်စစ်ဆေးရေးဌာနမှ ဦးစီးအရာရှိနှင့် ရက်ကန်းလုပ်ငန်းကော်မတီဝင်များ၊ အသင်းဝင် ၅၃ ဦးတို့ တက်ရောက်ခဲ့ကြပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးမှ ရက်ကန်းအသင်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ အသင်းဝင်များ စည်းလုံးညီညွတ်မှုရှိရေး၊ မကြာမီကာလအတွင်း ရက်ကန်းသင်တန်းဖွင့်လှစ်မည်ဖြစ်၍ ရက်ကန်းလုပ်ငန်းအား အမှန်တကယ် စိတ်ဝင်စားပြီး၊ ရက်ကန်းလုပ်ကိုင်ကြသူများ တက်ရောက်နိုင်ပါသဖြင့် သင်တန်းကို တောင်ဇလပ်ရပ်ကွက် သာသနာ့ရက္ခိတ စာသင်တိုက်ဝင်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံအတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ စက်မှုကြီးကြပ်မှ ဦးစီးအရာရှိက ရက်ကန်းလုပ်ငန်းဆောင်ရွက်နေသူများအတွက် စေတနာရှေ့ထား၍ ကူညီဆောင်ရွက် တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ရက်ကန်းလုပ်ငန်း စင်များမှလည်း နိုင်ငံတော်မှ အတိုးနှုန်းနည်းသော ချေးငွေများ လျင်မြန်စွာရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြထားဆဲဖြစ်ကြောင်း၊ ချေးငွေများ လျင်မြန်စွာရရှိရေးအတွက် တွန်းအားပေးတင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသွားပါတယ်။

**ဝင်းစိုး-ရွှေထိပ်ပန်းရက်ကန်းအသင်း ကလေးမြို့**



# လပွတ္တာခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဖွဲ့စည်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Laputta District Chambers of Commerce and Industry LDCCI) ဖွဲ့စည်းနိုင်ရေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ ကျင်းပခဲ့ပါတယ်။

LDCCI ဖွဲ့စည်းမှု အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်မှ စီးပွားရေးအသင်းနဲ့ လုပ်ငန်းရှင်များ စုစုပေါင်း ၅၆ ဦး တက်ရောက်ခဲ့ပါတယ်။ လပွတ္တာခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရာတွင် အသင်းအဖွဲ့လုပ်ငန်းရှင်များမှ တက်ရောက်လာသည့် CEC များထဲမှ ဗဟိုအလုပ်အမှုဆောင်စီမံခန့်ခွဲမှုကော်မတီ ၁၅ ဦးကို ဆန္ဒပြုမဲစနစ်ဖြင့် ရွေးချယ်ခဲ့ပါတယ်။

လပွတ္တာခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဗဟိုအလုပ်အမှုဆောင်စီမံခန့်ခွဲမှုကော်မတီကို အောင်မြင်စွာ ဖွဲ့စည်းပြီးကြောင်း သိရပါတယ်။

**ဇော်မင်း-လပွတ္တာ**

# ကုန်သွယ်မှုတိုးတက်ရေး၊ ဈေးကွက်မပျောက်ဆုံးရေး ကြိုတင်စီမံရန်လိုအပ်

ကူးသန်းရောင်းဝယ်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနရဲ့ အဓိကရည်ရွယ်ချက်မှာ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင်များ မူဘောင်အတွင်းမှ လုပ်သာကိုင်သာရှိစေရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ကုန်သည်လုပ်ငန်းရှင်များနဲ့ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

ကုန်သည်များအနေနဲ့ ပို့ကုန်သွင်းကုန် ကုန်ပစ္စည်းများ ပိုမိုတင်ပို့တင်သွင်းနိုင်ရေးအတွက် အမယ်သစ်များ တင်ပို့တင်သွင်းနိုင်ရေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ ကုန်သွယ်မှုတိုးတက်လာမည်ဖြစ်ကြောင်း ချင်းရွှေဟော်နယ်စပ်ဒေသဟာ မိမိဘက်၌ဈေးကွက်ရှိတဲ့ တစ်ခုတည်းသောစခန်းဖြစ်ကြောင်း၊ သို့ပါ၍ ရရှိပြီး မိမိဘက်ဈေးကွက်မပျောက်ဆုံးရေး ကြိုတင်စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရေရှည်မှာ ကုန်သွယ်မှုပမာဏ များပြားလာနိုင်သဖြင့် သိုလှောင်ရုံများ တိုးချဲ့ရန်လိုအပ်သလို သိုလှောင်ရုံငှားခများသည်လည်း တစ်ဖက်နိုင်ငံထက် ဈေးသက်သာမှ မိမိသိုလှောင်ရုံများ အလုပ်ရမည်ဖြစ်ကြောင်း၊ မိမိဘက်ဈေးကွက်ဖြစ်ပေါ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိပါကြောင်း၊ အထူးသဖြင့် ကုန်သည်ကြီးများအသင်းမှ မိမိရဲ့ကုန်သည်များ စည်းလုံးညီညွတ်မှုရှိစေရေး၊ မိမိဘက်ဈေးကွက် ပျောက်ဆုံးမှုမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း ကုန်သွယ်မှု အခက်အခဲများရှိပါက အချိန်နဲ့တစ်ပြေးညီ တင်ပြကြရန်လိုအပ်ကြောင်း စခန်းတာဝန်ခံက ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT (DCCA)**

# မြို့ကြီးများ၏ ၅-၁-၂၀၁၅ မှ ၉-၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၁-၂၀၁၅) | အင်္ဂါ(၆-၁-၂၀၁၅) | ဗုဒ္ဓဟူး(၇-၁-၂၀၁၅) | ကြာသပတေး(၈-၁-၂၀၁၅) | သောကြာ(၉-၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F |
| မြစ်ကြီးနား | ၇၀% ၂၆°C/၇၉°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | ၃၀% ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F |
| ကျိုင်းတုံ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၇°C/၈၀°F | ၅၀% ၂၆°C/၇၈°F |
| လွိုင်ကော် | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၅°C/၇၇°F |
| တောင်ကြီး | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| မော်လမြိုင် | နေသာ ၃၁°C/၈၈°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F |
| ဘားအံ | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| တောင်ငူ | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| မုံရွာ | နေသာ ၃၂°C/၉၀°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| ပုသိမ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မြိတ် | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F | ၅၀% ၃၂°C/၈၉°F |
| စစ်တွေ | နေသာ ၂၉°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F |
| မကွေး | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| ဖလမ်း | တိမ်အသင့်အတင့် ၁၈°C/၆၅°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၁၉°C/၆၇°F | နေသာ ၁၉°C/၆၆°F | နေသာ ၁၉°C/၆၆°F |

# ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသတွင် အပူချိန်များ ဆက်လက်ကျဆင်း ရေခဲမှတ်အောက်သို့ ကျရောက်

အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသတွင် အပူချိန်များဆက်လက်ကျဆင်းလျက်ရှိကာ ရေခဲမှတ်အောက်သို့ ကျရောက်လျက်ရှိသည့်အပြင် အအေးလှိုင်းများလည်း ကျရောက်လျက်ရှိကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ၏ နာမည်ကြီးရေကန်တစ်ကန်ဖြစ်သည့် Dal ရေကန်တွင် ဆီးနှင်းများ ထူထပ်စွာကျရောက်သဖြင့် ရေကန်၏မျက်နှာပြင်ပေါ်တွင် ရေများခဲနေသည်ကို တွေ့ရှိခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဒေသတွင် ဒီဇင်ဘာ ၂၂ ရက်မှစတင်ကာ ဆီးနှင်းများကျရောက်လျက်ရှိပြီး အအေးလှိုင်းများ ဖြတ်သန်းလျက်ရှိသဖြင့် ရာသီဥတု ဆိုးရွားမှုဒဏ်ကို ခံစားနေရကြောင်းသိရသည်။ ရာသီဥတုခြောက်သွေ့နေမှုကြောင့် အပူချိန်များဆက်လက်ကျဆင်းလျက်ရှိရာ အပူချိန်သည် အနုတ် ၃ ဒသမ ၈ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ ကျဆင်းလျက်ရှိကြောင်း၊ Leh မြို့တွင် အပူချိန်သည် အနုတ် ၁၄ ဒသမ ၃ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ကျဆင်းလျက်ရှိရာစံချိန်တင်သည့် အပူချိန်ပင်ဖြစ်ကြောင်း၊ Kargil မြို့တွင် အပူချိန်သည် အနုတ် ၁၃ ဒသမ ၆ အထိကျဆင်းလျက်ရှိကြောင်း အိန္ဒိယမိုးလေဝသဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဒေသများရှိ ငါးဖမ်းသမားများနှင့် လှေသမားများသည် နှင်းများ ထူထပ်စွာကျရောက်လျက်ရှိမှုကြောင့် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရကြောင်း သတင်းများတွင်ဖော်ပြထားသည်။ ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ်သည် ပြီးခဲ့သည့်စက်တင်ဘာလအတွင်းကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ လူရာပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။

# ဖိလစ်ပိုင်နိုင်ငံတွင် ယန်မီအပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်း ၅၄ ဦး သေဆုံးပြီး ၁၃ ဦး ပျောက်ဆုံးလျက်ရှိ



ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း ယန်မီ တိုက်ခတ်မှုကြောင့် လူပေါင်း ၅၄ ဦး သေဆုံးခဲ့ရကြောင်း စီအန်န်အေသတင်းများက ဖော်ပြသည်။

အဆိုပါမုန်တိုင်းသည် ဒီဇင်ဘာ ၃၀ ရက်က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁ ရက်တွင် အားပျော့ပျက်ပြယ်သွားခဲ့သည်။

မုန်တိုင်း၏ အရှိန်ကြောင့် ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ရကာ လူ ပေါင်း ၅၄ဦးသေဆုံးကာ ၁၃ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်း ယန်မီတိုက်ခတ်မည်ဟု ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနမှ သတိပေးချက်များထုတ်ပြန်ခဲ့သော်လည်း နိုင်ငံအတွင်းရှိ မီဒီယာများတွင် သတင်းဖော်ပြပေးမှုများ အားနည်းခဲ့ကြောင်း၊ ထို့ပြင် ပင်လယ်ကမ်းနားတွင် နေထိုင်ကြသူများနှင့် မုန်တိုင်းလမ်းကြောင်းတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူအများစုမှာ မုန်တိုင်း သတိပေးချက်ကို လက်ခံရရှိခြင်းမရှိကြသဖြင့် ယခုကဲ့သို့ သေဆုံးသူအရေအတွက် များပြားရခြင်း ဖြစ်ကြောင်း၊ ၎င်းတို့သည် အဆိုပါမုန်တိုင်း တိုက်ခတ်မည်ကို ယုံကြည်ခြင်းမရှိကြသဖြင့် နေအိမ်များကို စွန့်ခွာသွားရန် ငြင်းဆိုခဲ့ကြခြင်း၊ ပင်လယ်ပြင်သို့ထွက်ခွာသွားကြခြင်း စသည့် အချက်များကြောင့်လည်း ယခုကဲ့သို့သော ဖြစ်ရပ်များကို ကြုံတွေ့ရ ခြင်းဖြစ်ကြောင်း မြို့ပြကာကွယ်ရေးဆိုင်ရာ အကြီးအကဲဖြစ်သူ အလက်ဇန္ဒားပါးမားက DZMM ရေဒီယိုသို့ ပြောကြားခဲ့သည်။

ယန်မီမုန်တိုင်းသည်တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ တိုက်ခတ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများကိုဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမုန်တိုင်း တိုက်ခတ်မှုကြောင့် တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများမှ ပြည်သူ ၁၂၀,၀၀၀ကျော်မှာ မုန်တိုင်းဒဏ်ကို ခံစားခဲ့ရပြီး ပြည်သူရှစ်သောင်းကျော်မှာ အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်မုန်တိုင်း ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိရာ ပြီးခဲ့သည့်နှစ်က တိုက်ခတ်ခဲ့သည့် စူပါတိုင်ဖွန်း မုန်တိုင်း ဟိုင်ယန်ကြောင့် လူပေါင်း ၇၃၅၀သေဆုံး ခဲ့ရသည်။

ထို့ပြင် တောင်တရုတ်ပင်လယ်ပြင်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းငယ်များကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မလေးရှားနိုင်ငံ ဂျိုဟိုးဘာရူးတွင် စံချိန်တင်လောက်သည့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရကြောင်း သတင်းများက ရေးသားဖော်ပြထားသည်။

Domestic Sport News
Vol: 15, No.1 Monday Jan 5 2015

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသူကို ခန့်အပ်ရန် စီစဉ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသူတစ်ဦးကို ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင်ကျင်းပမည့် ၂၀၁၆အိုလံပစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲများတွင် အနိုင်ရရှိပြီး ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် နည်းပြသစ်တစ်ဦးကို ရှာဖွေနေခြင်းဖြစ်သည်။

အဆိုပါနည်းပြကို မြန်မာယူ-၂၀ အသင်း၏နည်းပြ ဂတ်ဖရိုင်းဒရစ်၏ အဆက်အသွယ်ဖြင့် ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်ပြီး ဇန်နဝါရီလ ဒုတိယပတ်အတွင်း ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဂတ်ဖရိုင်းဒရစ်သည် ခရစ္စမတ်ကာလနှင့် နှစ်သစ်ကူးပွဲတော်ဆင်နွှဲရန်အတွက် ဂျာမနီနိုင်ငံသို့ ပြန်သွားခဲ့ခြင်းဖြစ်ပြီး ၎င်းပြန်လာသည့်အခါတွင် သေချာစွာသိရှိရမည်ဖြစ်သည်ဟု ဆိုသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို တာဝန်ယူမည့်နိုင်ငံခြားသားနည်းပြ ရောက်ရှိလာမည်ဆိုပါက အကောင်းဆုံးပုံစံဖြင့် လွှဲပြောင်းပေးမည်ဖြစ်ပြီး နည်းပြသစ်ကိုလည်း အသင်းနှင့် တစ်သားတည်းကျအောင် ကူညီပေးမည်ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်း၏ လက်ရှိနည်းပြချုပ် ဒေါ်သက်သက်ဝင်းက ဆိုသည်။

မြန်မာအမျိုးသမီး အသင်းသည် နွေရာသီကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၏အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ပထမအဆင့်မှစတင်၍ ယှဉ်ပြိုင်ရမည်ဖြစ်ရာ အုပ်စု(က)တွင် သီရိလင်္ကာ၊ ဘာရိန်း၊ အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းအုပ်စုတွင် အုပ်စုပထမရမှသာ ဒုတိယအဆင့်ခြေစစ်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၅ ခုနှစ်အတွင်းတွင် နွေရာသီအိုလံပစ် ခြေစစ်ပွဲနှင့် အာဆီယံချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။





# ဩစတြေးလျကွင်းလယ်ကစားသမား ဂျိမ်းမေယာအား ရတနာပုံအသင်း စာချုပ်ချုပ်ဆို

၂၀၁၄ ခုနှစ် ချန်ပီယံရတနာပုံအသင်းသည် ဩစတြေးလျကွင်းလယ်ကစားသမား ဂျိမ်းမေယာအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ကြောင်း သိရသည်။

အဆိုပါကစားသမားအား ဒီဇင်ဘာ ၃၀ ရက်က စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အသက် ၂၈နှစ်အရွယ်ရှိ ဂျိမ်းမေယာက "ကျွန်တော်အရမ်းကို စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော့်ကို ရတနာပုံအသင်းမှာ ကစားမလားလို့ အမေးခံရတဲ့အချိန်က တစ်ခါတည်း ခေါင်းညိတ်ခဲ့ပါတယ်။ ခြေစမ်းကစားတဲ့ အချိန်မှာ ကျွန်တော့်ခြေစွမ်းကို တာဝန်ရှိသူတွေ သဘောကျဖို့ အစွမ်းကုန်မျှော်လင့်ခဲ့တာပါ။ အခုတော့ ဆန္ဒတွေပြည့်ဝခဲ့ပါပြီ"ဟု ပြောကြားခဲ့သည်။

ဩစတြေးလျ ကွင်းလယ်ကစားသမား ဂျိမ်းမေယာသည် အိန္ဒိယကလပ် ပူနေးအက်ဖ်စီအသင်းမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ယခင်က ဩစတြေးလျကလပ် ဘရစ္စဘိန်းရိုးရားအသင်းတွင် ကစားခဲ့သူဖြစ်သည်။

ရတနာပုံအသင်းအနေဖြင့် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့် ၂၀၁၅ ခုနှစ် အာရှချန်ပီယံလိဂ်ပြိုင်ပွဲများအတွက် ထပ်မံခေါ်ယူအားဖြည့်ခဲ့သည့် ကစားသမားများမှာ ဧရာဝတီယူနိုက်တက်မှ နန္ဒလင်းကျော်ချစ်၊ GFA မှ နေမျိုးအောင်၊ ဇေယျာရွှေမြေမှ အောင်မျိုးလွင်၊ ရခိုင်ယူနိုက်တက်မှ ထွန်းငြိမ်းနှင့် ပါစီပူရာအသင်းမှ Boakay Eddie Foday တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထပ်မံခေါ်ယူရန်အတွက် အာရှကစားသမားတစ်ဦးအား စမ်းသပ်ရှာဖွေလျက်ရှိကြောင်း သိရသည်။ ရတနာပုံအသင်းအနေဖြင့် ဒီဇင်ဘာလ ၃၁ရက်က ဇွဲကပင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် မြန်မာ့လက်ရွေးစင် အလယ်တန်းကစားသမား တင်ဝင်းအောင်နှင့် ဇေယျာရွှေမြေအသင်းနောက်ခံလူ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဇော်လင်းထွန်း(၂)တို့အား ခေါ်ယူရန် အကြိုသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

## မြန်မာယူ-၂၀အသင်းပြိုင်ပွဲဝင်မည့် မာရာဟာလင်ဖလား ဖိတ်ခေါ်ဖလားပြိုင်ပွဲ ပျက်ပြယ်

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၀ အသင်း၏ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်မည့် မာရာဟာလင်ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲမှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် မာရာဟာလင်ဖလား ဖိတ်ခေါ်ပြိုင်ပွဲကျင်းပရေးကော်မတီက ပြိုင်ပွဲကျင်းပမည့်အစီအစဉ်ကို ပယ်ဖျက်လိုက်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဒီဇင်ဘာ ၃၀ရက်က အီးမေးလ်ဖြင့် အကြောင်းကြားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါအကြောင်းကြားစာအရ ဘောလုံးပွဲကို ပယ်ဖျက်လိုက်ရခြင်းမှာ ၎င်းတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေများကြောင့်ဖြစ်သည်ဟု ဖော်ပြထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီလ ၅ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပရန် စီစဉ်ထားပြီး အိမ်ရှင် အင်ဒိုနီးရှား ယူ-၂၃အသင်း၊ အင်ဒိုနီးရှားကလပ် ပါစီဂျာဂျကာတာအသင်း၊ ဩစတြေးလျကလပ် မီဒန်းလူငယ်အသင်းနှင့်မြန်မာယူ-၂၀အသင်းတို့ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

# ချင်းယူနိုက်တက်လူငယ်ကစားသမား သီဟဇော်ကို ရန်ကုန်ယူနိုက်တက် ခေါ်ယူ အသင်း၏ကစားသမားများဖြစ်သည့် ကျော်ကိုကို၊ ရန်အောင်ကျော်နှင့် ဒေးဗစ်ထန်းတို့ကို သက်တမ်းတိုးစာချုပ်များ ချုပ်ဆို

ရန်ကုန်ယူနိုက်တက်အသင်းသည် ချင်းယူနိုက်တက်အသင်းမှ လူငယ်ကစားသမားဟောင်း သီဟဇော်ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်းသိရသည်။

သီဟဇော်သည် ပြီးခဲ့သည့်ရာသီက ချင်းယူနိုက်တက်လူငယ်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး အလယ်တန်းဘယ်အစွန်နေရာနှင့် ကွင်းလယ်နေရာတို့တွင် ကစားနိုင်သူဖြစ်သည်။

"ကျွန်တော်က လူငယ်ဆိုတော့ အများကြီးကြိုးစားရမှာပါ။ ရန်ကုန်အသင်းလို လက်ရွေးစင်ကစားသမားတွေများတဲ့နေရာမှာ ကစားခွင့်ရတဲ့အတွက် ပညာတွေ အများကြီးရမယ်လို့ ယုံကြည်ပါတယ်"ဟု သီဟဇော်က ပြောကြားခဲ့သည်။

သီဟဇော်သည် ဘယ်သန်ကစားသမားတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းအသင်းတွင်ကစားခဲ့စဉ်က အသင်းဖော် ဇာနည်ထက်၊ ရတနာပုံဘယ်တောင်ပံကစားသမား စည်သူအောင်၊ ဇေယျာရွှေမြေ အလယ်တန်းလူ ရန်နိုင်ဦးတို့နှင့် တွဲဖက်ကစားခဲ့သူဖြစ်သည်။ ၎င်းကို စတင်ခေါ်ယူစဉ်က ရန်ကုန်လူငယ်အသင်းအတွက် ရည်ရွယ်ခဲ့သော်လည်း စီနီယာအသင်းတွင် ခြေစွမ်းခေါ်ယူစမ်းသပ်ခဲ့ရာ ကြိုးစားအားထုတ်မှုကို ကျေနပ်သောကြောင့် စီနီယာလူစာရင်းတွင် ပါဝင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုနှင့် ကွင်းလယ်ကစားသမား ရန်အောင်ကျော်တို့ကို နှစ်နှစ်သက်တမ်းတိုး စာချုပ်များ ချုပ်ဆိုခဲ့ပြီး ညာတောင်ပံကစားသမား ဒေးဗစ်ထန်းကိုမူ စာချုပ်သက်တမ်း သုံးနှစ်တိုးမြှင့်ကာ ချုပ်ဆိုခဲ့ကြောင်း သိရသည်။




တိုက်စစ်မှူးကျော်ကိုကို၏စာချုပ် သက်တမ်းမှာ ၂၀၁၅ ခုနှစ် ဧပြီလအထိရှိနေသော်လည်း စာချုပ်သက်တမ်းတိုးလိုက်သဖြင့် ၎င်းသည် ၂၀၁၇ ခုနှစ် ဧပြီလအထိ ရန်ကုန်အသင်းတွင် ရှိနေမည်ဖြစ်သည်။

ထို့ပြင် ရန်အောင်ကျော်ကိုလည်း နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သဖြင့် ၎င်းသည် ၂၀၁၆ ခုနှစ်ကုန်ထိ ရန်ကုန်အသင်းတွင် ရှိနေမည်ဖြစ်သည်။

ရန်အောင်ကျော်သည် ၂၀၁၁ ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်မရသော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ပွဲထွက်ကစားသမားအဖြစ် နေရာရခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်း၏တောင်ပံကစားသမား ဒေးဗစ်ထန်းကို သက်တမ်းသုံးနှစ်တိုးကာ စာချုပ်များချုပ်ဆိုခဲ့ကြောင်း သိရသည်။ ကချင်ပြည်နယ် ဇာတိဖြစ်သူ ဒေးဗစ်ထန်းသည် ၂၀၀၆ ခုနှစ်တွင် မန္တလေးမြို့ အား/ကာသိပ္ပံမှ ပေါ်ထွက်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်း၏ မူလအသင်းဖြစ်သည့် Air Bagan FC သို့ ၂၀၀၇ခုနှစ်တွင်ရောက်ရှိခဲ့သည်။

ထို့နောက် အဆိုပါအသင်းတွင် ခြေစွမ်းပြနိုင်ခဲ့သဖြင့် ယူ-၁၇၊ ယူ-၂၀ နှင့် မြန်မာ့လက်ရွေးစင်အသင်းကြီးတို့တွင် ရွေးချယ်ခံခဲ့ရသည်။

# BALLON D'OR ဆုကိုရရှိရန် ရည်မှန်းထားကြောင်း ရော်နယ်ဒိုပြောကြား



ယခုလအတွင်း ပေးအပ်ချီးမြှင့်မည့် Ballon d'Or ဆုကို ရယူရန် မျှော်မှန်းထားကြောင်းဖြင့် ရီးရဲလ်မက်ဒရစ်နှင့် ပေါ်တူဂီ တိုက်စစ်မှူး စီရော်နယ်ဒိုက ဖွင့်ဟပြောကြားခဲ့သည်။ ရော်နယ်ဒိုသည် ဒူဘိုင်းတွင် ပြုလုပ်သည့် Globe Soccer Awards ဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို လက်ခံရယူခဲ့သည်။ ၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတစ်ရာသီတည်းတွင် ဂိုးသွင်းစံချိန်တင်နိုင်ခဲ့သလို ရီးရဲလ်မက်ဒရစ်အသင်းကိုလည်း (၁၀) ကြိမ်မြောက် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ရော်နယ်ဒိုသည် ယခုနှစ်တွင်ချီးမြှင့်မည့် FIFA Ballon d'Or ဆုကို နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးရရှိရန်အတွက် လီယွန်နယ်မက်ဆီနှင့် မန်နျူရယ်နျူအာတို့ကို ကျော်ဖြတ်ကာ ရေပန်းစားလျက်ရှိသည်။ အဆိုပါဆုကို ဇန်နဝါရီ ၁၂ ရက်တွင် ချီးမြှင့်မည်ဖြစ်ပြီး ကနဦး ရွေးချယ်ထားသည့်အကောင်းဆုံးကစားသမား ၁၀ ဦးအနက် သုံးဦး၏အမည်စာရင်းကို ဇန်နဝါရီ ၁ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါသုံးဦးမှာ စီရော်နယ်ဒို၊ လီယွန်နယ်မက်ဆီနှင့် မန်နျူရယ်နျူအာတို့ဖြစ်သည်။

# မေဝဲသာနှင့်ပွဲအတွက် ဆွေးနွေးနေမှု ဇန်နဝါရီလအတွင်း တိုးတက်မှုရရန် ပက်ကွီအိုမျှော်လင့်

ရှုံးပွဲမရှိစံချိန်ရှင် အမေရိကန်လက်ဝှေ့သမား ဖလွိုက်မေဝဲသာနှင့် ထိုးသတ်မည့်ပွဲအတွက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးနေမှုများ ဇန်နဝါရီလအတွင်း တိုးတက်မှုရရန် ပက်ကွီအိုက မျှော်လင့်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပက်ကွီအို၏လက်ဝှေ့ပွဲသွင်းသူ ဘော့အာရမ်မှာမေဝဲသာ၏ပွဲများကို တစ်ဦးတည်းမူပိုင်ထုတ်လွှင့် ခွင့်ရရှိထားသည့် CBS/Showtime ရုပ်သံကုမ္ပဏီအကြီးအကဲ လက်စ်မွန်းဗက်စ်နှင့် ဆွေးနွေးနေဆဲဖြစ်သည်။ ပက်ကွီအိုသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အမေရိကန်နိုင်ငံသား ခရစ္စအယ်ဂီယူကို အနိုင်ရပြီးနောက် မေဝဲသာအား စိန်ခေါ်စကားဆိုခဲ့သည်။ မေဝဲသာကလည်း ပက်ကွီအို၏ စိန်ခေါ်မှုကိုလက်ခံခဲ့ပြီး ၂၀၁၅ မေ ၂ ရက်ကို အကြမ်းဖျင်းလျာထားခဲ့သည်။ ပက်ကွီအိုအနေဖြင့် ယခုလအတွင်း နှစ်ဖက်အဖွဲ့အစည်းအကြား ဆွေးနွေးနေမှုများ တိုးတက်မှုရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

# မဲလ်ဘုန်း၌ အီဗန်နိုဗစ်လေ့ကျင့်ခန်းဆင်းနေသည်ကို ရှုဝိန်းစတိုင်ဂါ လာရောက်အားပေးခဲ့



ဩစတြေးလျအိုးပင်းပြိုင်ပွဲအတွက် မဲလ်ဘုန်းမြို့၌ လေ့ကျင့်ခန်းဆင်းနေသည့် ဆားဘီးယားတင်းနစ်မယ် အီဗန်နိုဗစ်ကို ၎င်း၏ချစ်သူ ရှုဝိန်းစတိုင်ဂါ လာရောက်အားပေးခဲ့ကြောင်း သိရသည်။

အီဗန်နိုဗစ်နှင့် ရှုဝိန်းစတိုင်ဂါတို့မှာ မကြာသေးမီကပင် ချစ်သူများဖြစ်ခဲ့ကြ ပြီး မီဒီယာစာမျက်နှာများထက်တွင် မကြာခဏဆိုသလို ပါရှိလာခဲ့သည်။ ယခုလည်း ဘွန်ဒက်စ်လီဂါ ဆောင်း နားရက်ကြောင့် အားလပ်ရက်ရနေသော ရှုဝိန်းစတိုင်ဂါသည် မဲလ်ဘုန်းအထိသွားရောက်၍ အီဗန်နိုဗစ်ကို အားပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်တစ်တင်းနစ်မယ်ဟောင်း အီဗန်နိုဗစ်မှာ မဲလ်ဘုန်းSport Complex တွင် လေ့ကျင့်ကစားနေသည်ကို ရှုဝိန်းစတိုင်ဂါက ဒိုင်လူကြီးထိုင်ခုံတွင်ထိုင်၍ အားပေးနေသည့် ဓာတ်ပုံများမှာ လူမှုကွန်ရက်စာမျက်နှာများ တွင်ပျံ့နှံ့ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ပြီးခဲ့သည့်စက် တင်ဘာလအတွင်းကမှ ချစ်သူများဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ရှုဝိန်းစတိုင်ဂါက သူတို့နှစ်ဦး၏ ချစ်ဇာတ်လမ်းများကိုဖွင့်ဟခြင်းမပြုဘဲ လျှို့ဝှက်ထားခြင်းဖြစ်သည်ဟုဆိုသည်။

အီဗန်နိုဗစ်မှာ ဩစီအိုးပင်းမတိုင်မီ ဇန်နဝါရီ ၄ ရက်တွင် စတင်ကျင်းပမည့် ဘရစ္စဘိန်းနိုင်ငံတကာပြိုင်ပွဲ၌ လက်ရည်သွေးယှဉ်ပြိုင်ရန် စီစဉ်ထားပြီး ရှာရာပိုဗာ၏နောက်မှ နိုင်ခြေအဆင့်နှစ်အဖြစ် သတ်မှတ်ခံထားရသည်။

# ပုံမှန်အတိုင်းပြန်ကောင်းလာရန် ရှူးမေကာ ကာလရှည်တိုက်ပွဲဝင်ရဦးမည် ကာတာဟမ်နှင့်မာရက်ရှားပြီးနောက် လိုတပ်စ်အသင်းလည်း ဘဏ္ဍာရေးပြဿနာကြုံနေ



နှင်းလျှောစီးအပန်းဖြေရင်း မတော်တဆဖြစ်ကာ ဦးခေါင်းဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သော ဂန္ထဝင်ဖော်မြူလာဝမ်း ကားမောင်းသမားကြီး မိုက်ကယ်ရှူးမေကာမှာ ပုံမှန်အတိုင်း ပြန်ကောင်းလာရန် ကာလရှည် တိုက်ပွဲဝင်ရဦးမည်ဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ၂၉ရ က်သည် ရှူးမေကာ မတော်တဆဖြစ်ခဲ့သည့် တစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ဖြစ်ပြီး ယခုအချိန်အထိ ၎င်း၏ ကျန်းမာရေးမှာ တိုးတက်မှု အနည်းငယ်သာရှိသေးသည်။

ရှူးမေကာသည် ၂၀၁၃ ဒီဇင်ဘာ ၂၉ ရက်တွင် ပြင်သစ်နိုင်ငံ အဲလ်ပ်တောင်တန်းပေါ်ရှိ မီရီဘယ်အပန်းဖြေစခန်းတွင်နှင်းလျှောစီးစဉ် မတော်တဆလဲကျပြီး ဦးခေါင်းနှင့် ကျောက်တုံးအရှိန်ပြင်းထန်စွာရိုက်မိခဲ့ခြင်းဖြစ်သည်။

ထို့အတွက် သတိလစ်မေ့မျောသွားခဲ့ပြီး ၆ လကြာသတိလုံးဝမရဘဲ ဖြစ်နေခဲ့သည်။ သို့သော် ရှူးမေကာသည် ဇူလိုင်လအတွင်းက ပြန်လည်သတိရလာပြီး စက်တင်ဘာလအတွင်းက ဆေးရုံမှဆင်းကာ နေအိမ်တွင် အနားယူကုသခဲ့သော်လည်း ၎င်း၏တိုးတက်မှုမှာ နှေးကွေးနေဆဲဖြစ်သည်။

လက်ရှိအချိန်တွင် ရှူးမေကာမှာ လေဖြတ်ထားသကဲ့သို့ ခြေလက်များ အကြောဆွဲနေပြီး အနီးရှိလူများကို မှတ်မိသော်လည်း စကားပြောဆိုနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ၎င်း၏ မန်နေဂျာဖြစ်သူ ဆာဘိန်းခမ်က အပြည့်အဝ နာလန်ထူလာရန်မှာ လပေါင်းများစွာ ကြာမြင့်နိုင်သည်ဟုဆိုခဲ့သည်။ ရှူးမေကာသည် လာမည့်ဇန်နဝါရီ ၃ ရက်တွင် အသက် ၄၆ နှစ်ပြည့်တော့မည်ဖြစ်သည်။

ပြီးခဲ့သည့်ရာသီက ဘဏ္ဍာရေးပြဿနာကြုံတွေ့ပြီး ဒေဝါလီခံခဲ့ရသော ကာတာဟမ်နှင့် မာရက်ရှားအသင်းများကဲ့သို့ လိုတပ်စ်အသင်းမှာလည်း ဘဏ္ဍာရေးပြဿနာကြုံတွေ့နေရကြောင်း သိရသည်။

လိုတပ်စ်အသင်းအနေဖြင့် ယခုအချိန်အထိ လာမည့် ၂၀၁၅ ဖော်မြူလာဝမ်းရာသီအတွက် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့်အသင်းများစာရင်းတွင် ပါဝင်ခြင်းမရှိသေးပေ။ လိုတပ်စ်အသင်းမှာ ပြီးခဲ့သည့်ရာသီက ပွဲစဉ် ၁၉ပွဲတွင်၁၀ မှတ်သာရရှိခဲ့သည်။

# ဂျူးများနှင့်တရုတ်လူမျိုးများကို ဝေဖန်ခဲ့သည့် ဝီဂန်အသင်းပိုင်ရှင်အား ပွဲပယ်ပြစ်ဒဏ်နှင့်ငွေဒဏ်ပေါင် ငါးသောင်းပေးဆောင်စေရန် အမိန့်ချမှတ်

ဂျူးလူမျိုးများနှင့်တရုတ်လူမျိုးများကို ဝေဖန်ခဲ့သည့်အတွက် ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝေလျန်းအား ခြောက်လပွဲပယ်ပြစ်ဒဏ်နှင့် ငွေဒဏ်ပေါင် ငါးသောင်းပေးဆောင်စေရန် အက်ဖ်အေက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၇၈နှစ်ရှိပြီဖြစ်သည့် ဒေ့ဗ်ဝေလျန်းအနေဖြင့် ၎င်း၏အပြစ်ဒဏ်အတွက် အယူခံဝင်လျှောက်ထားခဲ့သော်လည်း အက်ဖ်အေက အယူခံလွှာကို ပယ်ချခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်းက ဝီဂန်အသင်းပိုင်ရှင်သည် ဂါဒီးယန်းသတင်းစာနှင့် အင်တာဗျူးရာတွင် ဂျူးလူမျိုးများသည် တခြားလူမျိုးများထက် ငွေနောက်ကိုသာ လိုက်တတ်သောသူများ ဖြစ်သည်ဟုပြောကြားခဲ့ကြောင်း၊ ထို့ပြင် တရုတ်လူမျိုးများကိုလည်း chink ဟုပြောဆိုကာ ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

chink ဆိုသည်မှာ အာရှတိုက်အတွင်း နေထိုင်ကြသည့်နိုင်ငံသားများ အထူးသဖြင့် တရုတ်လူမျိုးများ၊တရုတ်အနွယ်ဝင်လူမျိုးများအား လူမျိုးရေးခွဲခြားမှုများပြုလုပ်သည့် ရိုင်းစိုင်းသည့် စကားလုံးဖြစ်ကြောင်း သိရသည်။

# ဥရောပအကောင်းဆုံးအားကစားသမားဆုကို ဖော်မြူလာဝမ်း ချန်ပီယံဟာမီလ်တန် ဆွတ်ခူးခဲ့ပြန်

၂၀၁၄ ဖော်မြူလာဝမ်းကမ္ဘာ့ချန်ပီယံ လူးဝစ်ဟာမီလ်တန်သည် ဥရောပတစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ပြန်ပြီဖြစ်သည်။ ဖော်မြူလာဝမ်း ကမ္ဘာ့ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက်ဆွတ်ခူးခဲ့သော ဟာမီလ်တန်သည် မကြာသေးမီကမှ ဘီဘီစီ၏တစ်နှစ်တာတန်ဖိုးအရှိဆုံး အားကစားသမားဆုကိုဆွတ်ခူးထားသူဖြစ်သည်။

ယခုလည်း ပိုလန်စာနယ်ဇင်းအေဂျင်စီမှ ကမကထပြုရွေးချယ်သော ဥရောပ အကောင်းဆုံးဆုကို ထပ်မံပိုင်ဆိုင်နိုင်ခြင်းဖြစ်သည်။ ပိုလန်သတင်းအေဂျင်စီနှင့်အတူ အခြားအားကစားသတင်းဌာန ၁၈ ခုကလည်း မဲပေးရာတွင် ပါဝင် ခဲ့ကြသည်။

ဟာမီလ်တန်သည် စုစုပေါင်းရမှတ် ၈၂ မှတ် ရရှိခဲ့ပြီး ဂျာမနီနှင့်ဘိုင်ယန် ဂိုးသမားနျူအာကို တစ်မှတ်အသာဖြင့်ကပ်၍ ရွေးချယ်ခံရခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့်တစ်ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်က ၇၄ မှတ်ဖြင့် တတိယရခဲ့ပြီး ရီးရဲလ်တိုက်စစ်မှူး စီရော်နယ်ဒိုက ၇၂ မှတ်ဖြင့် အဆင့်လေးသာရခဲ့သည်။

၂၀၀၁ တွင် ယာဉ်မတော်တဆဖြစ်ပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီး ပရိသတ်များစွာကို လှုံ့ဆော်ဖမ်းစားနိုင်ခဲ့သည့် ဖော်မြူလာဝမ်း ဂန္ထဝင်ကားမောင်းသမားကြီး ဇာနာဒီက ဟာမီလ်တန်မှာ ကမ္ဘာ့ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်ဟု ချီးကျူးစကားဆိုခဲ့သည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန သင်တန်းခန်းမတွင် ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန သင်တန်းခန်းမတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းက ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အတွက် ခေတ်မီစက်ယူနစ်စနစ် ပြောင်းလဲတိုးတက်မှုနဲ့ ကိုင်တွယ်မောင်းနှင်မှု နည်းပညာပေး သင်တန်းဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ဆက်စပ်၍ ပြောင်းလဲလာသော ခေတ်စနစ်နှင့် အညီ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍများ မြင့်မားလာမှုနှင့် အတူခေတ်မီ နည်းစနစ်များကို မှန်ကန်စွာ အသုံးပြုနိုင်ရေး အပြင် တိုင်းဒေသကြီး၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပါတယ်။

ဎင်းသင်တန်းတွင် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ သုတေသနနဲ့ နည်းပညာပေးရေးဌာနခွဲမှ ဦးထွန်းထွန်း၊ဒု-ခရိုင်ဦးစီးမှူး ဦးစောကေးလတ်၊ ဒုခရိုင်ဦးစီးမှူး ဦးစံကြည်၊ စက်ဆရာ ဦးနိုင်လင်း၊ စက်ဆရာ ဦးသန်းမြင့်တို့မှ သင်ကြားပို့ချပေးမှာဖြစ်ပြီး သင်တန်းကို တိုင်းဒေသကြီးအတွင်း၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ်များရှိ ဆန်စက်ပိုင်ရှင်များနှင့် ဆန်စက်မောင်းအော်ပရေတာများ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

သင်တန်းမှာ ခေတ်မီဆန်စက်များ ပြောင်းလဲတိုးတက်လာနဲ့အတူ ခေတ်မီဆန်စက်ယူနစ်တည်ဆောက်မှု သဘောတရားများ ခေတ်မီဆန်စက်ကြီးများ တည်ဆောက်မှုအကြောင်း ကုန်ကြမ်းစပါးများအား ခေတ်မီနည်းစနစ်များနဲ့ သန့်စင်ခြင်း၊ အခွံချွတ်ခြင်း အကြောင်း သင်ကြား၍ ဒုခရိုင်မှူး ဦးစံကြည်မှလည်း Paddy Seperator, Whitener & Rotary Sifter အကြောင်း ရှင်းလင်းဆွေးနွေးသင်ကြားပို့ချပေးခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာသော ဆန်စက်ပိုင်ရှင်များနှင့် အော်ပရေတာများမှ သိလိုသည်များကို မေးမြန်းခဲ့ရာ သင်တန်းဆရာများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ မနောပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သော ၆၇ နှစ်မြောက် ကချင်ပြည်နယ်နေ့နှင့် အထိမ်းအမှတ်ပွဲတော်အား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၁၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် ရိုးရာမနောပွဲတော်ကို -

- ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် ရိုးရာမနောပွဲတော်ကို ကျင်းပပြုလုပ်ခြင်းအားဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်ပြသသွားနိုင်ရန်
- ပြည်နယ်သူ၊ ပြည်နယ်သား မျိုးဆက်သစ်လူငယ်များ အနေဖြင့် ကချင်ပြည်နယ်နေ့အား အစဉ်အလာမပျက် ကျင်းပပြုလုပ်သွားနိုင်ရန်
- ရိုးရာယဉ်ကျေးမှုအဆိုအကများနှင့် ဘက်စုံအားကစားဖွံ့ဖြိုးမှုအတွက် အထောက်အကူပြု ဆောင်ရွက်နိုင်ရန်
- ကချင်ပြည်နယ် ငြိမ်းချမ်းသာယာဝပြော၍ ကောင်းမြတ်သော သွေးချင်းညီနောင်ဆက်ဆံရေး အနှစ်သာရများကို သားစဉ်မြေးဆက် ထိန်းသိမ်းသွားရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ မနောပွဲတော်အတွင်း ဝန်ကြီးဌာနများမှ ပြခန်းများ ဖွင့်လှစ်ပြသသွားရန်ရှိပြီး ဒေသထွက်ကုန်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရန်အတွက်ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြခန်းပေါင်း ၅၀ ခန်းဖြင့် ဒေသထွက်ကုန်စည်ပြပွဲအား

- ပြည်နယ်အတွင်း ကုန်သွယ်မှုမြှင့်မားစေရေး
- ထုတ်ကုန်လုပ်ငန်းရှင်များအချင်းချင်း ရင်းနှီးချစ်ကြည်၍ နည်းပညာများဖလှယ်နိုင်ရေး
- တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ အသင်းအဖွဲ့များ၏ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပမှ သိရှိပြီး ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများရရှိစေရေး
- ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည့် အမယ်သစ်ထုတ်ကုန်များ ဖော်ထုတ်ရေး
- ပြည်တွင်းပြည်ပ ပို့ကုန်ဈေးကွက်ရရှိရေး၊ သတင်းအချက်အလက်များအား ကုန်သည်လုပ်ငန်းရှင်များသို့ အသိပေးရေး

စသည့် ရည်ရွယ်ချက်များဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များ၊ ကချင်ပြည်နယ်အတွင်းမှ ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ တိုင်းဒေသကြီး ၊ ပြည်နယ်များမှ ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ Trade Center ပြခန်းများကိုဖိတ်ကြားပြီး ကချင်ပြည်နယ်နေ့ အခမ်းအနား၌ ပြခန်း၊ ကုန်စည်ပြပွဲများ ခင်းကျင်းပြသစေခြင်းဖြင့် ကုန်သည်လုပ်ငန်းရှင်များအတွက် လိုအပ်သော ဈေးကွက်နည်းပညာနှင့် အရင်းအနှီးများကိုရရှိနိုင်ရန် ပြည်နယ်အတွင်း ကုန်သွယ်မှုမြှင့်တင်ရေးအတွက်ကိုလည်း များစွာအထောက်အကူ ဖြစ်စေရန် စသည့်ရည်မှန်းချက်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ကုန်သွယ်စီးပွားရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအတွက် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်သို့လာရောက်ပြသကြည့်ရှုနိုင်ရေး ဖိတ်ခေါ်အပ်ပါကြောင်း-----။

**မောင်မောင်ခိုင်- မြစ်ကြီးနား**

## စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SRCCI) တိုးချဲ့ဖွဲ့စည်းရန် သင်းဖွဲ့စည်းမျဉ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SRCCI )ကို တိုးချဲ့ဖွဲ့စည်းနိုင်ရန်အတွက် သင်းဖွဲ့စည်းမျဉ်း (ပထမမူကြမ်း) ရှင်းလင်းဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့က မုံရွာကုန်စည်ဒိုင် အစည်းအဝေးခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ UMFCCI အထွေထွေအတွင်းရေးမှူး ဦးအေးလွင်၊ SRCCI နာယက ဦးတင်အောင်၊ ဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းနဲ့ အဖွဲ့ဝင်များ၊ မုံရွာကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးသိန်းဦးနဲ့ အလုပ်အမှုဆောင်များ၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်း၊ ကလေး၊ ရွှေဘို၊ အရာတော်၊ ကသာ၊ ဝန်းသိုမြို့နယ်တို့မှ ကုန်စည်ဒိုင်၊ စက်မှုဇုန်နဲ့ အသင်းအဖွဲ့ လုပ်ငန်းရှင်ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်းက အကြိုညှိနှိုင်း အစည်းအဝေးခေါ်ယူရခြင်းနဲ့ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာမှာ နိုင်ငံတော်အနေနဲ့ စီးပွားရေးလုပ်ငန်းများကို ယခင်ခေတ်ကကဲ့သို့ ထိန်းချုပ်ခြင်းမရှိတော့ဘဲ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များထံ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ရာ မိမိတို့ဒေသအလိုက် ကုန်စည်ဒိုင်များ၊ စက်မှုဇုန်များနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များပါဝင်တဲ့ အသင်းအဖွဲ့များစုဖွဲ့ပြီး လွတ်လပ်စွာထုတ်လုပ်ရောင်းချ တင်ပို့နိုင်ပြီဖြစ်ပါကြောင်း၊ ထိုသို့အသင်းအဖွဲ့များမှ တစ်စုတစ်ဖွဲ့ချင်းလုပ်ကိုင်ဆောင်ရွက်ခြင်းထက် အကျိုးဖြစ်ထွန်းမှုထိရောက်မှုအား ကောင်းစေရန်နှင့် လက်ရှိစစ်ကိုင်းတိုင်းကုန်သည်စက်မှုအသင်း (SRCCI ) အနေနဲ့ ညီနောင်အသင်းများ ပါဝင်မှုအားနည်းနေသလို အသင်းရဲ့ စုဖွဲ့လှုပ်ရှားမှု အားပျော့နေတဲ့အတွက်လည်းကောင်း၊ အသင်းဝင်များမှ Facebook မှတစ်ဆင့် အသင်း ပြန်လည်ဖွဲ့စည်းရန် ဆန္ဒပြုနေတဲ့အတွက်လည်းကောင်း၊ ပြုပြင်ပြောင်းလဲဖို့လိုအပ်ချက်များအရ အသင်းအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းအတွက် အရေးကြီးတဲ့ သင်းဖွဲ့စည်းမျဉ်း ပြန်လည်ရေးဆွဲနိုင်ရန် အစိုးရအဖွဲ့အစည်းဖြစ်တဲ့ မိမိတို့ဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက်အကူအညီပေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းခဲ့ပါတယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ အထွေထွေအတွင်းရေးမှူး ဦးအေးလွင် က ယခင်ဖွဲ့စည်းထားတဲ့ စစ်ကိုင်းတိုင်းကုန်သည်စက်မှုလက်မှုအသင်း (SRCCI ) အနေနဲ့ လှုပ်ရှားမှုအားနည်းလျက်ရှိပြီး ထိရောက်တဲ့ လုပ်ငန်းဆောင်ရွက်မှုမရှိတဲ့အတွက် ညီနောင်အသင်းများ စုံညီပါဝင်ပြီး လက်ရှိအခြေအနေနဲ့ကိုက်ညီမယ့်ဖွဲ့စည်းပုံ၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများကို မိမိတိုင်းဒေသကြီးရဲ့ လိုအပ်ချက်နဲ့အညီ အသစ်ပြန်လည်ရေးဆွဲနိုင်ရေး၊ ယခုလိုအကြိုညှိနှိုင်းဆွေးနွေးရခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်နဲ့တိုင်းများရှိ စီးပွားရေးလုပ်ငန်းများကို အမျိုးအစားတူရာ အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ပြည်နယ်တိုင်းအဆင့်(CCI) များ ဖွဲ့စည်းရမှာဖြစ်ရာ ယခုအခါ(CCI) ၁၆ ခု ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပြီးတဲ့ (CCI )များသက်ဝင်လှုပ်ရှားနိုင်ရန် အမှန်တကယ်ဝါသနာပါသူ၊ အချိန်ပေးနိုင်သူ၊ လုပ်ငန်းကျွမ်းကျင်သူများပါဝင်တဲ့ အလုပ်အမှုဆောင်များဖြင့် မိမိတို့ဒေသနဲ့ ကိုက်ညီမယ့်သင်းဖွဲ့စည်းမျဉ်းများကို ရေးဆွဲနိုင်ရန်လိုပါကြောင်း၊ ယခုအခါ (UMFCCI) အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများရဲ့ ယုံကြည်မှုရရှိကာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်လျက်ရှိသလို ပြည်နယ်တိုင်းများရှိ(CCI) များနဲ့ ချိတ်ဆက်ပြီး ဒေသနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ဝိုင်းဝန်းမြှင့်တင်ပေးလိုပါကြောင်း၊ အသင်းချုပ်အနေနဲ့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်အားလုံး ပါဝင်ပြီးခိုင်မာတဲ့ ပုဂ္ဂလိက စီးပွားရေးအသင်းအဖြစ် တည်ဆောက်ရာမှာ ပြည်နယ်၊ တိုင်းအားလုံး စုစည်းပါဝင်နိုင်စေရန် အခုလို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်စက်မှုလက်မှု အသင်း(SRCCI)ပြန်လည်ဖွဲ့စည်းဖို့ ကနဦးဆောင်ရွက်ရမယ့်သင်းဖွဲ့စည်းမျဉ်းရေးဆွဲရေးကော်မတီ အဖွဲ့ဝင် ၁၁ ဦးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များရဲ့ ဆန္ဒနဲ့အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့တယ်လို့ သိရပါတယ်။ အဆိုပါကော်မတီအနေနဲ့ အစည်းအဝေးတွင် တင်ပြခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SRCCI )ရဲ့ သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းများ (ပထမမူကြမ်း) ကို မိမိဒေသနဲ့ ကိုက်ညီတဲ့ လိုအပ်ချက်များနဲ့အညီ စုပေါင်းရေးဆွဲရမှာဖြစ်ကြောင်း သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

# Trade Facilitation & Trade Promotion

## ဟသ်ာတခရိုင်တွင် HDCCI ဖွဲ့စည်းခြင်းနဲ့ ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့တွင် ဟသ်ာတခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (HDCCI ) ဖွဲ့စည်းခြင်းနဲ့ ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်မွန်းလွဲပိုင်းတွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနဲ့ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ စီးပွားရေးလုပ်ငန်းရှင်အသင်းများရဲ့ HDCCI အလုပ်အမှုဆောင်များ၊ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာမှာ ဟသ်ာတခရိုင်အတွင်း ဒေသကြီးများရဲ့ စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါ၍ အသင်းကြီးအတွက် အမှန်ဆောင်ရွက်နိုင်စိတ်ရှိသူအား ရွေးချယ်ရန် HDCCI အသင်းအား ဖွဲ့စည်းရခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက အသင်းများရဲ့အလုပ်အမှုဆောင်များအနက်မှ ဗဟိုအလုပ်အမှုဆောင်ကိုရွေးချယ်မှာဖြစ်ပြီး၊ အဲဒီဗဟိုအလုပ်အမှုဆောင်များအနက်မှ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်တို့ကို ရွေးချယ်မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ စီးပွားရေးအသင်းတစ်ခုချင်းစီမှ ဆန္ဒမဲဖြင့် စနစ်တကျရွေးချယ်ခဲ့ရာ ဗဟိုအလုပ်အမှုဆောင် ၃၁ ဦးကိုရွေးချယ်ခဲ့ပြီး၊ အဆိုပါဗဟိုအလုပ်အမှုဆောင်များ အနက်မှ စီမံခန့်ခွဲရေးကော်မတီ ၁၅ ဦးအား ဥက္ကဋ္ဌ တစ်ဦး၊ ဒု ဥက္ကဋ္ဌ လေးဦး၊ အထွေထွေအတွင်းရေးမှူး တစ်ဦး၊ တွဲဘက်အတွင်းရေးမှူး သုံးဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ တွဲဘက်ဘဏ္ဍာရေးမှူး နှစ်ဦး၊ စာရင်းစစ် တစ်ဦး၊ တွဲဘက်စာရင်းစစ် နှစ်ဦးတို့ဖြင့် ရွေးချယ်ခဲ့ကြောင်း သိရပါတယ်။

**အေးအေးခိုင်(ဟသ်ာတ)**

## ကျေးလက်ဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအခြေပြုစက်မှုလယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးသင်တန်းပြုလုပ်ခြင်း



မြောင်းမြမြို့၊ ကျုံဝါးကျေးရွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တောင်သူပညာပေး ခန်းမတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့၊ နံနက်ပိုင်းတွင် ဒေသအခြေပြုစက်မှုလယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးပညာပေးသင်တန်း ပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဦး၊ မြောင်းမြခရိုင် ဦးစီးမှူး ဦးတိုးလွင်၊ ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ စိုက်ပျိုးရေးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်ညိမ်း၊ စက်မှုလယ်ယာဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေလင်းတို့ တက်ရောက်ပြီး တောင်သူဦးရေ ၁၀၀ ခန့် တက်ရောက်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၊ နံနက်ပိုင်းတွင်လည်း ၎င်းသင်တန်းအား ဆက်လက်ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဦးနှင့်အတူ မြောင်းမြခရိုင်ဦးစီးမှူး ဦးတိုးလွင်၊ ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်ညိမ်း စက်မှုလယ်ယာမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေလင်းနှင့်အတူ တောင်သူဦးရေ ၁၅၀ ခန့် တက်ရောက်ပြီး ဆွေးနွေးခဲ့ရာ တက်ရောက်သူ တောင်သူများမှ စံပြစက်မှုလယ်ယာသို့ မိမိတို့ပြောင်းလဲပြုလုပ်နိုင်ရေးတွင် ကူညီပေးနိုင်ပါရန် ပြန်လည်ဆွေးနွေးခဲ့ပါတယ်။

၎င်းနောက် ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဦးမှ ယခုလက်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လုပ်ဆောင်ပေးနေမှုများ၊ ဒေသအခြေပြု စက်မှုလယ်ယာစနစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပူးပေါင်းကူညီဆောင်ရွက်မှု အစီအစဉ်များအား တောင်သူများသိရှိ နားလည်စေရန် အသေးစိတ်ရှင်းလင်း ပြောကြားဆွေးနွေးခဲ့ပါကြောင်း သိရပါတယ်။

**မြင့်စိုးစိုးဦး - ပုသိမ်**

## ကျုံပျော်မြို့နယ်တွင် ပီလောပီနံစိုက်ပျိုးထုတ်လုပ်သော တောင်သူကုန်သည်၊ စက်ပိုင်များအား နည်းပညာပေးဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ ဦးစီးကျင်းပသည့် ပီလောပီနံလုပ်ငန်း အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေး ပို့ချမည့်သင်တန်းကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ကျုံပျော်မြို့နယ် လှည်းဆိပ်ကျေးရွာရှိ ဖူးစံငြေးဘုရားကျောင်းတွင် ကျင်းပပြုလုပ်ရာ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ တိုင်းစက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူး၊ ကျုံပျော်နှင့်ရေကြည်မှ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ FUTURE MYANMAR အုပ်ချုပ်မှုဒါရိုက်တာ ဦးဇင်ဖြိုးပိုင်၊ ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံအသင်းဥက္ကဋ္ဌ ဦးကျော်သူရနှင့် အသင်းသားများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျုံပျော်မြို့နယ်အတွင်းရှိစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်နှင့်စက်ပိုင်ရှင်များ စုစုပေါင်း ၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

သင်တန်းဖွင့်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-မြို့နယ်အုပ်ချုပ်ရေးမှူးက မိမိတို့မြို့နယ်ကျေးရွာအထိ နည်းပညာပေးသင်တန်းလာရောက် ဖွင့်လှစ်ပေးပါသော သက်ဆိုင်ရာ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ FUTURE MYANMAR အုပ်ချုပ်မှုဒါရိုက်တာနှင့် သင်တန်းဆရာများကို ကျေးဇူးတင်ရှိကြောင်း၊ ပီလောပီနံအဓိကစိုက်ပျိုးနေသော ဒေသခံတောင်သူများ နည်းပညာများရရှိရေး အထွက်ကောင်းဈေးကောင်း ရရှိပြီး ဝင်ငွေတိုးပွားလာမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသော ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာ ဖြစ်ကြောင်း ပြောကြားပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်ကလည်း ပီလောပီနံ စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းတိုးအောင် တောင်သူတွေ ဘာပြင်ရမလဲ၊ ဘယ်လိုစိုက်မလဲ၊ ဘယ်လိုရောင်းဝယ်ကျမလဲ၊ ဈေးကောင်းရအောင်ဘာတွေ ပြုပြင်မလဲ၊ ပြည်ပနှင့် ပူးပေါင်း၍ နည်းပညာ၊ ငွေကြေးအကူအညီများရယူ၍ ပီလောပီနံအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ဈေးကွက်အောင်မြင်စေရန် ချိတ်ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.1 Monday Jan 5 2015

# အေအီးစီက အင်ဒိုနီးရှား ပြည်တွင်းအာမခံလုပ်ငန်းများကို မှတ်ကျောက်တင်လိမ့်မည်

၂၀၁၅ ခုနှစ်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)စတင်အသက်ဝင်လာတဲ့အခါ အင်ဒိုနီးရှား ပြည်တွင်းအာမခံလုပ်ငန်းများအတွက် တင်းကျပ်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ကြောင်း ဘဏ္ဍာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ (OJK) က သတိပေးပြောကြားထားပါတယ်။ ထို့ကြောင့် အာမခံလုပ်ငန်းဆောင်ရွက်နေသူများက ကျန်းမာရေးစောင့်ရှောက်မှုနဲ့လူမှုဖူလုံရေး အေဂျင်စီ (BPJS) နဲ့ ပေါင်းစပ်ညှိနှိုင်းကာအသေးစားဘဏ္ဍာရေးဆောင်ရွက်မှုအဖွဲ့အစည်းများကို ထိန်းချုပ်ပြီးဆောလျင်စွာ ကြိုတင်ပြင်ဆင်ထားဖို့တိုက်တွန်းထားကြောင်း ဂျာကာတာပို့စ်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

အာမခံလုပ်ငန်းဆောင်ရွက်နေသူတွေ ကနဦးပြင်ဆင်ထားရမယ့်လုပ်ငန်းက ဆုံးရှုံးနိုင်ခြေရှိမှုတွေကို လျှော့ပါးအောင် ဆောင်ရွက်ဖို့ဖြစ်ကြောင်း OJKရဲ့ ဒုတိယကော်မရှင် နာဒူမိုလီအက်ဖ်ပါဒီဒီက ပြောပါတယ်။ လက်ရှိတည်ရှိနေဆဲဖြစ်တဲ့ စီးပွားရေးအခွင့်အလမ်းတွေကို အာမခံလုပ်ငန်းတွေက အသုံးချသင့်ကြောင်း သူကပြောပါတယ်။

ဆုံးရှုံးနိုင်ခြေရှိမှုတွေကို အသေးစား ဘဏ္ဍာရေးထောက်ပံ့မှုအဖွဲ့အစည်းများကိုအသုံးချပြီး ဆောင်ရွက်နိုင်တဲ့ အာမခံလုပ်ငန်းရဲ့အခန်းကဏ္ဍနဲ့ အေအီးစီနဲ့ရင်ဆိုင်ရမယ့် အခန်းကဏ္ဍတွေကို အာမခံလုပ်ငန်းတွေက နားလည်ထားသင့်ကြောင်း ဒူမိုလီကပြောပါတယ်။ အာမခံ လုပ်ငန်းဆောင်ရွက်နေသူတွေက ကြိုတင်ပြင်ဆင်မှုတွေဆောင်ရွက်ဖို့ ပျက်ကွက်မယ်ဆိုရင် မျှော်လင့်ထားတဲ့အတိုင်း ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံရလိမ့်မယ်လို့ သူကပြောပါတယ်။ ၂၀၁၅ ခုနှစ်မှာ အေအီးစီ အကောင်အထည်ဖော်တဲ့အခါပြည်တွင်းအာမခံ လုပ်ငန်းအတွက်မျှတတဲ့ယှဉ်ပြိုင်မှုတွေ ရှိလာအောင်ဆောင်ရွက်ပေးပါ့မယ်လို့ ဘဏ္ဍာရေးအာဏာပိုင်အဖွဲ့က ကတိပြုထားပါတယ်။ ယခုလက်ရှိအချိန်မှာ လုပ်ထုံးလုပ်နည်းအမျိုးမျိုးကို ရေးဆွဲလျက်ရှိပါတယ်။

“အာမခံကုမ္ပဏီတွေကြုံတွေ့နိုင်တဲ့ ဆုံးရှုံးမှုအန္တရာယ်တွေကို ကြီးကြပ်ထိန်းချုပ်ဖို့ ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။ ပါဝင်တဲ့ အဖွဲ့အစည်းတွေအားလုံးက ဖောက်သည်တွေကို လုံခြုံမှုပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” လို့ သူကပြောပါတယ်။

# အာဆီယံကုမ္ပဏီများက ဒေသ တွင်းမှာ လုပ်ငန်းများ ဖြန့်ကြက်

အာဆီယံဒေသတစ်လွှားမှာ ရင်းနှီးမြှုပ်နှံမှုက စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ စီးပွားရေးလုပ်ငန်းငယ်များအကြား တစစကြီးထွားလာတဲ့ အသွင်သဏ္ဌာန်တစ်ခု ဖြစ်နေပါတယ်။ ဘဏ်လုပ်ငန်းများမှ အစုပြုကာ စက်ရုံများအထိတိုးချဲ့ဆောင်ရွက်နေရာမှ ယခုအချိန်မှာ ဝန်ဆောင်မှုလုပ်ငန်းများနဲ့ ကုမ္ပဏီများ၊ ဒေသတွင်းရှိ ချမ်းသာကြွယ်ဝသူများက စီးပွားရေးလုပ်ငန်းများ ကြီးထွားရေးအတွက် အရှေ့တောင်အာရှနိုင်ငံတွေမှာ နယ်နိမိတ်တွေဖြတ်ကျော်ပြီး ရင်းနှီးမြှုပ်နှံလျက်ရှိကြပါတယ်။

မလေးရှားလူမျိုးများက ဒေသတွင်းရှိနိုင်ငံတွေရဲ့ ဘဏ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလာကြပါတယ်။ CIMB အုပ်စုဦးပိုင်ကုမ္ပဏီနဲ့ မလေးရှားဘဏ်လုပ်ငန်း ကုမ္ပဏီတို့က အရှေ့တောင်အာရှဒေသမှာ ဆက်သွယ်မှုတွေ အားကောင်းတဲ့ ဘဏ်နှစ်ခုဖြစ်ပါတယ်။

ရော်ဘာလက်အိတ်လုပ်ငန်းလုပ်တဲ့ ကုမ္ပဏီတွေကလည်း ဗီယက်နမ်နိုင်ငံမှာ အတော်များများရောက်ရှိနေပြီး ခြံကျယ်စိုက်ပျိုးရေးလုပ်ငန်းတွေကလည်း အင်ဒိုနီးရှားမှာရှိတဲ့ စားအုန်းဆီ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံထားတာနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုစီးဆင်းရာလမ်းကြောင်းက တစ်ခုတည်းမဟုတ်ဘဲ တစ်ဦးချင်းဝင်ငွေအရမြင့်မားတဲ့ စင်ကာပူနဲ့ မလေးရှားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း ရင်းနှီးမြှုပ်နှံမှုတွေကို ဆောင်ရွက်လာ တာကိုတွေ့ရပါတယ်။

အလားတူဆောင်ရွက်မှုတွေကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတွေကလည်း ဆောင်ရွက်လာပြီဖြစ်ရာ ထိုင်းနိုင်ငံမှ ဆီရီဗာဒါနာဘာဒီကလည်း နယ်နိမိတ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုတွေမှာ ထင်ရှားလာခဲ့ပါတယ်။

နယ်နိမိတ်တွေကို ဖြတ်ကျော်ပြီးကုမ္ပဏီတွေရဲ့ ရှယ်ယာတွေဝယ်ယူမှု တွေက အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ထူထောင်မှုအတွက် ပြင်ဆင်မှုအဖြစ် စဉ်းစားနိုင်ပါတယ်။ အေအီးစီက ကုန်သွယ်ရေးအတားအဆီးတွေ ဖယ်ရှားပြီး ဒေသတွင်း အလုပ်သမားစီးဆင်းမှုကို လွတ်လပ်စွာစီးဆင်းစေခြင်းနဲ့ ၂၀၁၅ ခုနှစ်မှာ အရှေ့တောင်အာရှ မှာရှိတဲ့ ဈေးကွက်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖြေလျှော့ပေးမှာဖြစ်ပါတယ်။

# အေအီးစီက အင်ဒိုနီးရှားပျော့ဖတ်နဲ့ စက္ကူလုပ်ငန်းကိုအကျိုးပြုနိုင်

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)ကို လာမယ့်နှစ်မှာ ထူထောင်ပြီးပါက အင်ဒိုနီးရှားပျော့ဖတ်နဲ့ စက္ကူလုပ်ငန်းက တိုးတက်မှု အရှိန်အဟုန်ထပ်မံရရှိပြီး အရှေ့တောင်အာရှဈေးကွက်တွေမှာ ဈေးကွက်ဝေစုတွေ ခိုင်မာလာမယ်လို့ လေ့လာဆန်းစစ်ရေးမှူးတစ်ဦးကပြောကြောင်း ဂျာကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

အင်ဒိုနီးရှားရဲ့ ပျော့ဖတ်နဲ့ စက္ကူလုပ်ငန်းက အာရှမှာ အကြီးမားဆုံးဖြစ်ကြောင်း၊ စီးပွားရေးနဲ့ ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုသိပ္ပံ (Institute for the Development of Economics and Finance-Indef) ရဲ့အကြီးတန်းစီးပွားရေးပညာရှင် အဗီလီယာနီက မကြာသေးမီက သတင်းထောက်တွေကို ပြောပါတယ်။ တစ်ခုတည်းသောအာဆီယံဈေးကွက်ကို ဖွင့်လှစ်လိုက်တဲ့အချိန်မှာ အင်ဒိုနီးရှား ပျော့ဖတ်နဲ့စက္ကူလုပ်ငန်းက ဒေသတွင်းရှိ ပျော့ဖတ်နဲ့ စက္ကူဈေးကွက်ကိုထိန်းချုပ်ထားနိုင်မှာဖြစ်ကြောင်း သူက ပြောပါတယ်။

ဒါပေမယ့် ပေးလာတဲ့ အခွင့်အလမ်းတွေကို ရယူနိုင်ဖို့အတွက် နိုင်ငံရဲ့ပျော့ ဖတ်နဲ့စက္ကူလုပ်ငန်းတွေအတွက် စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေမယ့် အခြေအနေမျိုး ဖြစ်ပေါ်လာအောင် အစိုးရက ဖန်တီးပေးသင့်ကြောင်း သူမက ပြောပါတယ်။

၂၀၁၃ ခုနှစ်မှာ အင်ဒိုနီးရှားရဲ့ ပျော့ဖတ်နဲ့စက္ကူတင်ပို့မှုက မလေးရှားကို တန် ၃၆၃၄၀၀၊ ဗီယက်နမ်ကို တန် ၃၅၆၁၀၀၊ ဖိလစ်ပိုင်ကို တန် ၁၆၃၁၆၀ နဲ့ ထိုင်းနိုင်ငံကို တန် ၁၂၅၈၆၀ တင်ပို့နိုင်ခဲ့တယ်လို့ အဗီလီယာနီကပြောပါတယ်။

အဲဒီနှစ်ထဲမှာပဲ စုစုပေါင်းတင်ပို့မှု မှာပျော့ဖတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းဖိုးနဲ့ စက္ကူတင်ပို့မှုက အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းဖိုးအထိအသီးသီးရရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ပျော့ဖတ်နဲ့ စက္ကူတင်ပို့မှုက နှစ်စဉ် ၅ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။

အရှေ့တောင်အာရှမှာ ဈေးကွက်ချဲ့ထွင်ရာမှာ ကုန်ကြမ်းရရှိရေးကလည်း အဓိကအဟန့်အတားတစ်ခုဖြစ်ကြောင်း အင်ဒိုနီးရှားပျော့ဖတ်နဲ့ စက္ကူလုပ်ငန်းအသင်းဒုတိယဉက္ကဋ္ဌ ရုစလီတန်က ပြောပါတယ်။



# ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံက အာဆီယံဉက္ကဋ္ဌတာဝန်
## စတင်ထမ်းဆောင်ရေးဆွေးနွေးဖို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံမည်

ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်တွင် ဆာဗားပြည်နယ် ကိုတာကင်နာဘာရုတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံပွဲကိုအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပပေးခြင်းဖြင့် မလေးရှားနိုင်ငံက ၂၀၁၅ ခုနှစ် အာဆီယံဉက္ကဋ္ဌတာဝန်ကို စတင် ထမ်းဆောင်တော့မှာဖြစ်ပါတယ်။

အဆိုပါတွေ့ဆုံမှုမှာ ၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ အာဆီယံဉက္ကဋ္ဌအဖြစ် ဆောင်ရွက်ချိန်မှာ ပြုလုပ်မယ့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများနဲ့ အခြားသော အစည်းအဝေးများအတွက် ပထမဆုံးအကြိမ်အဖြစ်ပြုလုပ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။

တွေ့ဆုံပွဲမှာ ဝန်ကြီးများက ၂၀၁၅ ခုနှစ်အတွက် အာဆီယံက ဆောင်ရွက်ရမယ့် ဦးစားပေးအစီအစဉ်များနဲ့ အာဆီယံအသိုက်အဝန်းရဲ့ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်များကို ဆွေးနွေးဖို့ ခန့်မှန်းရပါတယ်။ ဝန်ကြီးများက အာဆီယံနဲ့ အဖွဲ့ဝင်နိုင်ငံများအတွက် အရေးကြီးတဲ့ နိုင်ငံရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးမှာဖြစ်ပါတယ်။ မလေးရှားနိုင်ငံက ဉက္ကဋ္ဌအဖြစ်တာဝန်ယူကျင်းပပေးမယ့် အစည်းအဝေးတွေအနက် ၂၀၁၅ ခုနှစ်မှာ ကျင်းပမယ့်(၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ၂၀၁၅ ခုနှစ်နိုဝင်ဘာမှာ ကျင်းပမယ့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲတွေပါဝင်ပါတယ်။ မလေးရှားနိုင်ငံ ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်ချိန်မှာ ထားရှိတဲ့အဓိက ဆောင်ပုဒ်က “ငါတို့ပြည်သူ ငါတို့ အသိုက်အဝန်း၊ ငါတို့ ရည်မှန်းချက်” (Our People, Our Community, Our Vision) ဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်ကို နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးနဲ့ လူမှုယဉ်ကျေးမှုဆိုင်ရာ အခြေခံလမ်းညွှန်ချက်သုံးခုမှာပါတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို အပြီးသတ်အကောင်အထည်ဖော်မယ့်နှစ်အဖြစ် သတ်မှတ်ထားပါတယ်။ ဒါကြောင့် အာဆီယံအတွက် ၂၀၁၅ ခုနှစ်က စိတ်ဝင်စားစရာကောင်းတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အတွက် အာဆီယံရဲ့ ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ခုက ၂၀၀၉- ၂၀၁၅ ခုနှစ်အာဆီယံအသိုက်အဝန်းအတွက် လမ်းပြမြေပုံမှာ ချမှတ်ထားတဲ့အတိုင်း အာဆီယံအသိုက်အဝန်းကို ထူထောင်မှုဖြစ်ပါတယ်။ ဒီလမ်းညွှန်မှုအရ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၊ ပြည်သူအချင်းချင်းဆက်သွယ်မှုနဲ့အတူ တူညီတဲ့စည်းမျဉ်းဥပဒေတွေနဲ့ လုပ်ထုံးလုပ်နည်းတွေ ချမှတ်သွားမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# လာမယ့်ခြောက်လအတွင်း စင်ကာပူ အက်စ်အမ်အီးတို့ ဖွံ့ဖြိုးမှုနှေးကွေးမည်

စင်ကာပူစီးပွားရေးလုပ်ငန်းတွေ ရေရှည်တည်တံ့စေနိုင်မယ့် နည်းလမ်းတွေ ရှာဖွေနေရတဲ့အတွက် လာမယ့်နှစ် ပထမနှစ်ဝက်မှာ စင်ကာပူလုပ်ငန်းတွေဖွံ့ဖြိုးလာစေမယ့် ရည်မှန်းချက်တွေကို ဖြည့်ဆည်းနိုင်အောင် စင်ကာပူ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ရုန်းကန်ဆောင်ရွက်နေရကြောင်း စထရိတ်တိုင်းမ်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ဈေးကွက်ကိုယုံကြည်မှုကျဆင်းနေချိန်မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း မညီမျှမှုနဲ့ လက်ရှိ ပြည်တွင်းဖိအားပေးမှုတွေကြောင့် အက်စ်အမ်အီးတွေရဲ့ ကြီးထွားမှုနှုန်းနိမ့်ကျလိမ့်မယ်လို့ စင်ကာပူစီးပွားရေးလုပ်ငန်းဖက်ဒရေးရှင်းနဲ့ ဒီပီသတင်းအချက်အလက်စုဆောင်းရေးအဖွဲ့(DP Information Group)တို့ရဲ့ ဒီဇင်ဘာ ၂၉ ရက်က ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အညွှန်းကိန်းဟာ ယခုသုံးလပတ်မှာ ၂ ရာခိုင်နှုန်းကျဆင်းပြီး ညွှန်းကိန်းအမှတ် ၅၄ ဒသမ ၄ မှတ်ရှိခဲ့ပါတယ်။ အညွှန်းကိန်းအမှတ် ၅၀ အထက်ပြတာကိုကြည့်ရင် စင်ကာပူအက်စ်အမ်အီးတွေရဲ့ လာမယ့် ခြောက်လအတွင်း စီးပွားရေးအလားအလာက အပေါင်းလက္ခဏာဘက်ကိုညွှန်ပြနေတာကို တွေ့ရပါတယ်။

ဒီညွှန်းကိန်းကိုပြုစုရာမှာ စီးပွားရေးလုပ်ငန်း ခြောက်မျိုးကို လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ အက်စ်အမ်အီးပိုင်ရှင်များနှင့် မန်နေဂျာစုစုပေါင်း ၃၆၀၀ ထံမှ သဘောထားများကိုရယူပြီး တွက်ချက်ထားတာဖြစ်ပါတယ်။

ယခုသုံးလပတ်ကစပြီး ပထမဆုံးအကြိမ် လက်လီလုပ်ငန်း၊ အသေးစားနဲ့ အဖျော်ယမကာ လုပ်ငန်းကဏ္ဍတွေ ကိုပါ စစ်တမ်းကောက်ယူခဲ့တာဖြစ်ပါတယ်။ ပွဲတော်ရာသီမှာရောင်းအားကောင်းခဲ့တဲ့အတွက် လက်လီလုပ်ငန်းများရဲ့ အလားအလာ ကောင်းမွန်ပြီး ၅၄ ဒသမ ၇ မှတ်ထိ ရောက်ရှိခဲ့ပါတယ်။

အားလုံးခြုံကြည့်မယ်ဆိုရင် ရေနံဈေးနှုန်းတွေ ကျဆင်းမှု၊ တရုတ်စီးပွားရေး နှေးကွေးကျဆင်းမှုနဲ့ ဈေးကွက်တွေမငြိမ် မသက်ဖြစ်မှုတွေက အက်စ်အမ်အီးတွေအတွက် စိန်ခေါ်နေတဲ့ အခြေအနေတွေက ကြုံဆိုနေတယ်ဆိုတာကို ပြသလျက်ရှိပါတယ်။ ကုန်ကျစရိတ်တွေ လျှော့ချပြီး အမျိုးသား ပြန်လည်ဖွဲ့စည်းတည်ဆောက်မှုအတွက်ဆောင်ရွက်နေစဉ်မှာ စင်ကာပူအက်စ်အမ်အီးတွေက အမြတ်အစွန်းအနည်းငယ်ဖြင့် ဆောင်ရွက်နေရပေမယ့် စီးပွားရေးညွှန်းကိန်းတွေက အားရစရာကောင်းတဲ့အခြေအနေမှာရှိနေတယ်လို့ ဆိုပါတယ်။

# ကုန်သွယ်မှုနည်းပညာအတားအဆီးတွေကို ကျော်လွှားဖို့ ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေကို တိုက်တွန်း

ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေက ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးတွေကို သိမြင်နားလည်မှု မရှိသေးကြောင်း ဟိုချီမင်းစီးတီးမှာဒီဇင်ဘာ ၂၆ရက်က ကျင်းပတဲ့နှီးနှောဖလှယ်ပွဲတစ်ခုမှာ စက်မှုမူဝါဒနဲ့ သုတေသနသိပ္ပံမှ ညွှန်ကြားရေးမှူးချုပ် ဒေါင်ဒင်ဂျမ်းက ပြောပါတယ်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုလုပ်ငန်းစဉ်မှာ ယေဘုယျအားဖြင့် စံနှုန်းသတ်မှတ်ရေးနဲ့ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးတွေကရဲ့အခန်းကဏ္ဍ တစ်စတစ်စ မြင့်တက်လာကြောင်းဂျမ်းက ပြောတယ်လို့ VNS သတင်းမှာဖော်ပြပါတယ်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမှာ အဓိက ဦးတည်ချက်က သွင်းကုန်တွေ လျှော့နည်းသွားအောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။



ဒါပေမယ့် သွင်းကုန်ခွန်ကောက်ခံ ခြင်းမရှိတဲ့နိုင်ငံတွေက တခြားအကောက်ခွန်မဟုတ်တဲ့အစီအမံတွေကိုအသုံးပြုပြီး တင်သွင်းလာတဲ့ထုတ်ကုန်တွေရဲ့ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုနဲ့ ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းတွေရင်မဆိုင်ရအောင် ဆောင်ရွက်ထားပါတယ်။ စီးပွားရေးလုပ်ငန်းတွေအတွက် အခြေခံဖြေရှင်းမှုက ဈေးကွက်သုတေသနကို တိုးမြှင့်ဆောင်ရွက်ပြီး ကုန်သွယ်မှုကို တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ ပြည်ပတင်ပို့မယ့် ပစ္စည်းတွေကို အရည်အသွေးမြှင့်တင်ကာ သူတို့ရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တို့ တိုးမြှင့်ပေးမယ့် ရေရှည်မဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့မျှမက တခြားနိုင်ငံကပစ္စည်းပေးသွင်းသူတွေအပေါ် မှီခိုမှုကို လျှော့ချဖို့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအနေနဲ့ ပြည်တွင်းကုန်ကြမ်းတွေအပေါ် အားထားရပါမယ်။

ဗီယက်နမ်နိုင်ငံဟာကမ္ဘာ့ စီးပွားရေးနယ်ပယ်ကို ပိုမိုဝင်ရောက်နေပြီဖြစ်တဲ့အတွက် ဂျပန်၊အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ အီးယူနဲ့ အာဆီယံတို့လို ဗီယက်နမ်ရဲ့ အရေးပါတဲ့ပို့ကုန်ဈေးကွက်တွေမှာရှိတဲ့ နည်းပညာအတားအဆီးတွေအကြောင်း သတင်းအချက်အလက်တွေကို ပိုမိုသိရှိနိုင်အောင်ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေက ဆောင်ရွက်ဖို့လိုကြောင်း နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့သူတွေက ပြောပါတယ်။

အဓိကကျတဲ့ ပို့ကုန်လုပ်ငန်းတွေကို အစိုးရကကူညီဖို့၊ ပို့ကုန်တန်ဖိုးမြှင့်တင်ဖို့နဲ့ အပြည်ပြည်ဆိုင်ရာဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် နည်းပညာအတားအဆီးတွေကို ကျော်လွှားနိုင်အောင် အကူအညီပေးဖို့ အစိုးရကို တိုက်တွန်းထားပါတယ်။

# ၂၀၁၅ ခုနှစ်မှာ ဖိလစ်ပိုင်ပို့ကုန် ၁၀ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်း

ကမ္ဘာ့စီးပွားရေးနဲ့ ပြည်တွင်းစီးပွားရေးအခြေအနေတွေ တိုးတက်ကောင်းမွန်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့ ၂၀၁၅ ခုနှစ်ပို့ကုန်ဝင်ငွေက ၁၀ ရာခိုင်နှုန်းတိုးတက်ပြီး ခန့်မှန်းခြေဒေါ်လာ ၈၅ ဘီလီ ယံထိ ရောက်ရှိလာလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း ဆန်းစတားဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

"အလားအလာက ကောင်းမွန်ပါတယ်။ ပို့ကုန်ရည်မှန်းချက်ကို မကျော် လွန်တောင်မှ ပြည့်မီမယ်လို့ခန့်မှန်းထားပါတယ်။ ဒီနှစ်အတွက် ပို့ကုန်ရည်မှန်းချက်က ဒေါ်လာ ၇၉ ဘီလီယံဖြစ်ပြီး လာမယ့်နှစ်အတွက် ရည်မှန်းချက်က ဒေါ်လာ ၈၅ ဘီလီယံဖြစ်ပါတယ်"လို့ အစိုးရ-ပုဂ္ဂလိက ပို့ကုန်ဖွံ့ဖြိုးရေးကောင်စီ အမှုဆောင်ဒါရိုက်တာ ဆီနင်ပါလာဒါက ပြောပါတယ်။ ဆော့ဖ်ဝဲဖွံ့ဖြိုးမှု လုပ်ငန်းတွေနဲ့ ကျန်းမာရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုတွေကြောင့် ဝန်ဆောင်မှုလုပ်ငန်း ပို့ကုန်တွေက အလွန်ခိုင်မာတောင့်တင်းတဲ့ နှုန်းနဲ့ ဆက်လက်တိုးတက်နေကြောင်း ပါလာဒါက ပြောပါတယ်။

ငွေကြေးဖလှယ်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်တာနဲ့ မနီလာမြို့တော်မှာ ဆိပ်ကမ်းပြည့်ကျပ်မှုဖြစ်ပွားနေတာကို ထိန်းချုပ်ပေးတဲ့အစီအမံတွေကြောင့်လည်း ပို့ကုန်လုပ်ငန်းတွေ ပိုမိုတိုးတက်လာမယ်လို့ ခန့်မှန်းရပါတယ်။

လာမယ့်နှစ်အတွက်သတ်မှတ်ထားတဲ့ ပို့ကုန်ရည်မှန်းချက်တွေ ပြည့်မီနိုင်ရေးအတွက် ပြည်တွင်းပို့ကုန်လုပ်ငန်းတွေအနေနဲ့ ဈေးကွက်တွေ တိုးချဲ့ဖို့နဲ့ ဈေးကွက်သစ်တွေမှာ ဈေးကွက်ဝေစုတွေ ပိုမိုရရှိဖို့အတွက် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်တွေက နည်းလမ်းတွေရှာဖွေနေကြောင်း ပါလာဒါက ပြောပါတယ်။

"ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီဝင် နိုင်ငံတွေမှာ ကျွန်တော်တို့ဈေးကွက်တွေကို ပိုမိုချဲ့ထွင်နိုင်မယ်လို့ မျှော်မှန်းရပါတယ်။ တူရကီ၊ ဘရာဇီးနဲ့အာဆီယံ၊ CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) အဖွဲ့ဝင်နိုင်ငံတွေမှာတိုးချဲ့နိုင်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်"လို့သူက ပြောပါတယ်။ ထို့မျှမက ဖိလစ်ပိုင်နိုင်ငံက အလုပ်အကိုင်ဖန်တီးနိုင်တဲ့ ပို့ကုန်လုပ်ငန်းတွေကို ဆောင်ရွက်မယ်လို့ သူက ပြောပါတယ်။

# နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် ထိုင်းစီးပွားရေးကျဆင်း

၂၀၀၆ ခုနှစ်ကစပြီး ကာလရှည်ကြာစွာ ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးမရေရာမှုများက အစိုးရနဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို နှေးကွေးကျဆင်းစေခဲ့ပြီး ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းက ဘန်ကောက်မှာစတင်ဖြစ်ပွားခဲ့တဲ့ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေက အစိုးရလုပ်ငန်းဆောင်ရွက်မှုတွေကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ ဒီလို အခြေအနေမျိုးတွေကြောင့် အစိုးရသုံးစွဲမှုကို နှေးကွေးကျဆင်းစေပြီး ပုဂ္ဂလိက ကဏ္ဍရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုကို ကျဆင်းစေခဲ့တဲ့အတွက် ပြည်တွင်းစားသုံးမှုကို ကျဆင်းစေခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

အရေးကြီးဆုံးအချက်မှာ စစ်အုပ်ချုပ်ရေး ပြဋ္ဌာန်းလိုက်တဲ့အတွက် ခရီးသွားအာမခံလုပ်ငန်းတွေကို အဟန့်အတားဖြစ်စေခဲ့တာဖြစ်ပါတယ်။ ဤအချက်များမှာ ၂၀၁၄ ခုနှစ် ထိုင်းစီးပွားရေးကို နိုင်ငံရေးအပိုင်းမှ အကျိုးသက်ရောက်မှုများဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) က ယခုနှစ်မှာ ၁ ဒသမ ၂ ရာခိုင်နှုန်းကနေ ၁ ဒသမ ၇ ရာခိုင်နှုန်းအထိရှိမယ်လို့ ဘဏ္ဍာရေး မူဝါဒရုံး (Fiscal Policy Office) က ခန့်မှန်းထားပါတယ်။ အမျိုးသားစီးပွား ရေးနဲ့လူမှုဖွံ့ဖြိုးရေးဘုတ်အဖွဲ့ရဲ့ခန့်မှန်း ချက်အရ ဂျီဒီပီတိုးတက်မှုက တစ်ရာခိုင်နှုန်းရှိပါမယ်။ ယခင်နှစ်ကတိုးတက်မှု နှုန်းဖြစ်တဲ့ ၂ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ၁၉၉၄ ခုနှစ်နောက်ပိုင်းနှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းဖြစ်တဲ့ ၃ ဒသမ ၆၈ ရာခိုင်နှုန်းအောက်ကိုကျဆင်းနေတာကို တွေ့ရပါတယ်။

စီးပွားရေးကျဆင်းရတဲ့ အဓိကအကြောင်းအရင်းက ယခုနှစ်ပထမနှစ်ဝက်က နိုင်ငံရေးအခြေအနေတင်းမာမှုတွေကြောင့်ဖြစ်တယ်ဆိုတာကို ဘဏ္ဍာရေးမူဝါဒရုံးနဲ့ ထိုင်းငွေကြေးမူဝါဒကော်မတီတို့က သဘောတူလက်ခံကြပါတယ်။

"တစ်နှစ်လုံးအတွက် ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းရှိမယ်လို့ ထိုင်းဗဟိုဘဏ်က ခန့်မှန်းထားတာက နည်းနေတယ်လို့ယူဆနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုခန့်မှန်းခဲ့တာက ယခုနှစ် ပထမနှစ်ဝက်မှာ နိုင်ငံရေး အတည်မငြိမ်ဖြစ်မှုတွေကြောင့် ကျွန်တော်တို့ ဒီလိုခန့်မှန်းခဲ့တာဖြစ်ပါတယ်" လို့ ငွေကြေးမူဝါဒကော်မတီ အတွင်းရေးမှူး ပိုင်ဘွန်းကစ်တီဆရီကန်ဝန်က ဩဂုတ်လတုန်းက ပြောခဲ့ပါတယ်။

ဘဏ္ဍာရေးမူဝါဒရုံးရဲ့ ကိန်းဂဏန်းတွေအရ စားသုံးသူယုံကြည်မှုအညွှန်းကိန်းက ၂၀၁၃ ခုနှစ် နောက်ဆုံး သုံးလပတ်မှာ ၆၄ ဒသမ ၉ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ပထမသုံးလပတ်မှာ ၅၉ ဒသမ ၉ ထိကျဆင်းခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေးသတင်းတိုများ

### ဆိုးလ်

တောင်ကိုရီးယားရဲ့ အဓိကဈေးကွက်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးပြီး ဥရောပမှာ စီးပွားရေးနာလန်ထူမှု တုံ့နှေးနေပေမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးအတွက် ပြည်ပပို့ကုန်တင်ပို့မှုက ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ပြီး ဒေါ်လာ ၅၂၅ ဒသမ ၇၀ ဘီလီယံဖိုးရှိခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ဇန်နဝါရီ ၁ ရက်က ထုတ်ပြန်ချက်ကိုကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်တတိယသုံးလပတ်မှာ ၂ဒသမ ၈ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ စတုတ္ထသုံးလပတ်မှာ ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဇန်နဝါရီ ၂ ရက်က ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကိုကိုးကားပြီး ရှင်ဟွာသတင်းဌာနက ဖော်ပြထားပါတယ်။

### ဂျာကာတာ

အာဆီယံနိုင်ငံများအတွင်း ဘဏ္ဍာရေးပေါင်းစည်းမှု ဆောင်ရွက်ဖို့ ပြုလုပ်ထားတဲ့ ကတိပြုချက်များအရ မလေးရှားနိုင်ငံမှာ လုပ်ငန်းဆောင်ရွက်နေတဲ့ အင်ဒိုနီးရှားဘဏ်တွေအပေါ်မှာ ချမှတ်ထားတဲ့ ကန့်သတ်ချက်များကို လျှော့ချပေးဖို့ မလေးရှားနိုင်ငံက နောက်ဆုံးမှာ သဘောတူညီမှုပေးခဲ့ကြောင်း ဂျာကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

### ဘင်္ဂလူရူ(အိန္ဒိယ)

အိန္ဒိယစက်ရုံများအတွက် အမှာစာများ ဝင်ရောက်လာခြင်းနဲ့ စက်ရုံများက ဈေးနှုန်းများကို အနည်းဆုံးအဖြစ် တိုးမြှင့်ခြင်းစသည်တို့ကြောင့် အိန္ဒိယနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု ဝယ်ယူရေးမန်နေဂျာများရဲ့ အညွှန်းကိန်းက ဒီဇင်ဘာမှာ ၅၄ ဒသမ ၅ မှတ်ထိရှိခဲ့ရာ နှစ်နှစ်အတွင်း အမြင့်ဆုံးနှုန်းဖြင့် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း HSBC က ဇန်နဝါရီ ၂ ရက်မှာ ထုတ်ပြန်တဲ့စစ်တမ်းအရ သိရပါတယ်။

SOUTH EAST ASIA

## ရုရှားစီးပွားရေးအကျပ်အတည်းက ထိုင်းဟိုတယ်လုပ်ငန်းကိုထိခိုက်

ရုရှားနိုင်ငံရဲ့ စီးပွားရေးအကျပ်အတည်းက ယခုနှစ်ခရီးသွားလုပ်ငန်း အကောင်းဆုံးအချိန်ကနေ နောက်တစ်နှစ်ပထမသုံးလပတ်အထိ ထိုင်းနိုင်ငံအတွင်းရှိ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းများ အထူးသဖြင့် ပတ္တယာနဲ့ ဖူးခက်ရှိလုပ်ငန်းတွေထိခိုက်မှုရှိနိုင်ကြောင်း နေရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

"လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ရုရှား နိုင်ငံခြားသားခရီးသွားတွေနဲ့ ရက်ရှည်နေကြသူတွေအတွက် ပတ္တယာက ဒုတိယနေအိမ်လိုဖြစ်နေပါတယ်။ သူတို့တွေကထိုင်းနိုင်ငံဝင်ငွေကို အများကြီး အထောက်အကူပေးခဲ့ပါတယ်။ ဒါပေမယ့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းမှာ ဟိုတယ်ခန်း ငှားရမ်းမှုက ၂၀၁၃ ခုနှစ်က ၉၀ ရာခိုင်နှုန်းအထိ ရှိခဲ့ပေမယ့် ယခုနှစ်မှာ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်"လို့ ထိုင်းဟိုတယ်အသင်းရဲ့ ဈေးကွက်ရှာဖွေရေးဥက္ကဋ္ဌ ဆူပါဝန်တာနွမ်ကီဟာတီပွမ်းက ပြောပါတယ်။

ထိုင်းနိုင်ငံရဲ့ စီးပွားရေးပြဿနာတွေနဲ့ ရူဘယ်တန်ဖိုးမကြာသေးမီက ကျဆင်းခဲ့တဲ့ပြဿနာတွေကြောင့် ရုရှားလူမျိုးတွေအတွက် လူကြိုက်အများဆုံး ခရီးသွားဒေသတစ်ခုဖြစ်ခဲ့တဲ့ ပတ္တယာဒေသကို ၂၀၁၄ ခုနှစ်စောစောပိုင်းက ခရီးသည်အဝင်ကျဆင်းခဲ့ပါတယ်။ မတ်လကုန်လောက်အထိ ခရီးသည် အဝင်ဆက်လက်ကျဆင်းနေဦးမယ်လို့ ခန့်မှန်းထားပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကစပြီး ရုရှားလူမျိုးတွေက ဖူးခက်ဒေသကို သူတို့ရဲ့နေရာသစ်တစ်ခုအဖြစ် ရောက်ရှိလာခဲ့ပါတယ်။ နာမည်ကျော် ဒီခရီးသွားဒေသမှာလည်း အလားတူ ခရီးသွားအဝင် ကျဆင်းတာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါပေမယ့် ရုရှားခရီးသည်အဝင်က ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှာ ၅၀ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။

ထိုင်းနိုင်ငံအတွက် ရုရှားခရီးသွားလုပ်ငန်းဈေးကွက်က တရုတ်နိုင်ငံနဲ့ မလေးရှားနိုင်ငံပြီးရင် တတိယအများဆုံးဈေးကွက်ဖြစ်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်ပထမ ၁၁ လမှာ ရုရှားခရီးသည်အဝင်က ၄၂၇၃၄၂ ဦးရှိပြီးတရုတ်နိုင်ငံပြီးရင် ဒုတိယနေရာ ကိုရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ယခင်နှစ်ကရောက်ရှိခဲ့တဲ့ ၅၈၅၀၂၂ ဦးနဲ့နှိုင်းယှဉ်ရင် ၂၆ ရာခိုင်နှုန်း ကျဆင်းနေပါတယ်။

ရုရှားစီးပွားရေးပြဿနာများကြောင့် ယခုနှစ်ခရီးသွားအများဆုံးဝင်ရောက်ချိန်ကစပြီး ရုရှားခရီးသည်ဝင်ရောက်မှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း ထိုင်းနိုင်ငံ ခရီးသွားအာဏာပိုင်အဖွဲ့မှ ဒုတိယအုပ်ချုပ်ရေးမှူး ဂျူသာပွန်ရန်ဂိုနာဆာက ပြောပါတယ်။

EAST ASIA

## စရိတ်ကျဉ်းလေကြောင်းလိုင်းများအတွက် စိုးရိမ်မှုများ ပိုမိုကြီးထွား



စရိတ်ကျဉ်း လေကြောင်းလိုင်းများအတွက် လုံခြုံရေးက အဓိကကျတဲ့ အချက်တစ်ခုဖြစ်တဲ့အတွက် လွန်ခဲ့တဲ့ ရက်သတ္တပတ်က အဲအေရှလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ပျောက်ဆုံးပြီးနောက်ပိုင်း တောင်ကိုရီးယားနိုင်ငံရဲ့ စရိတ်ကျဉ်းလေကြောင်းလိုင်းအတွက် စိုးရိမ်စရာများ ပေါ်ပေါက်ခဲ့ရကြောင်း ကိုရီးယားဟာရယ်သတင်းတွင်ဖော်ပြထားပါတယ်။ ဒေသတွင်းမှာလူလတ်တန်းစားအရေအတွက် တစ်စစများပြားလာခြင်းနဲ့ စည်းမျဉ်းစည်းကမ်းတွေ ဖြေလျှော့ပေးမှုတို့ကြောင့် ၂၀၀၀ ခုနှစ် နောက်ပိုင်းကစပြီး စရိတ်ကျဉ်းလေယာဉ်တွေ အာရှဒေသမှာ တိုးပွားလာတာကို တွေ့ရပါတယ်။

အဲဒီလေကြောင်းလိုင်းတွေထဲမှာ မလေးရှားအခြေစိုက်အဲအေရှကဒေသတွင်းခရီးစဉ်ပေါင်း ၂၂၀ ကိုလျှော့ဈေးအများဆုံးနဲ့ ပျံသန်းပေးနေတဲ့ လေကြောင်းလိုင်းတစ်ခုဖြစ်ပါတယ်။ လေကြောင်းလိုင်းကို စတင်တည်ထောင်ခဲ့တဲ့ ၂၀၀၁ ခုနှစ်ကစပြီး ကုမ္ပဏီရဲ့ဈေးကွက်ဝေစုက ၃ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့တာကိုတွေ့ရပါတယ်။ တောင်ကိုရီးယား လေကြောင်းလိုင်းကလည်း ဒီလိုတိုးတက်မှုထဲမှာ ပါဝင်ခဲ့ပါတယ်။ ဈေးနှုန်းသက်သက်သာသာနဲ့ နိုင်ငံခြားလေကြောင်းလိုင်းတွေက ဖောက်သည်တွေကို ဆွဲဆောင်နေချိန်မှာ တောင်ကိုရီးယားရဲ့ ပြည်တွင်းလေကြောင်းလိုင်း ငါးခုကလည်းဈေးကွက်ထဲမှာ ပါဝင်လျက်ရှိပါတယ်။ ဒါပေမဲ့ ဈေးကွက်ရဲ့ဖွံ့ဖြိုးမှုနဲ့ အမီလိုက်နိုင်အောင် စည်းမျဉ်းစည်းကမ်းတွေတင်းကျပ်ဖို့ ပျက်ကွက်ခဲ့ကြောင်း ထိတ်လန့်စရာ မတော်မဆမှုတွေတစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာပြီးတဲ့နောက် ကြီးကြပ်ရေးမှူးတွေနဲ့ လုပ်ငန်းကဏ္ဍကိုလေ့လာအကဲခတ်ရေးသမားတွေက ပြောလာပါတယ်။ စရိတ်ကျဉ်းလေကြောင်းလိုင်းတွေမှာ လေယာဉ်သစ်တွေနဲ့ ပြေးဆွဲလာကြပေမယ့် နှစ်ပေါင်းများစွာ မသုံးဘဲထားခဲ့တဲ့ လေယာဉ်ဟောင်းတွေကိုဝယ်ယူ သို့မဟုတ် ငှားရမ်းအသုံးချလာတာတွေ ရှိနေဆဲဖြစ်ပါတယ်။ ပြိုင်ဆိုင်မှု အသည်းအသန်ဖြစ်လာတာနဲ့အမျှ လေယာဉ်မှူးတွေရှားပါးတဲ့ပြဿနာနဲ့ကြုံတွေ့နေရပါတယ်။ အတွေ့အကြုံမရှိတဲ့ လေယာဉ်မှူးတွေပိုများလာတာနဲ့အမျှ လေကြောင်းလိုင်းရဲ့လုံခြုံရေးကလည်း စိုးရိမ်စရာဖြစ်လာပါတယ်။

"အဲအေရှက လုံခြုံရေးအရမှတ်တမ်းကောင်းတွေရှိတဲ့ လေကြောင်းလိုင်းတစ်ခုဖြစ်ပါတယ်။ နောက်ဆုံးဖြစ်ပေါ်တဲ့ မတော်မဆမှုကြောင့် စရိတ်ကျဉ်းလေကြောင်းလိုင်းတွေရဲ့ ပုံရိပ်ကိုကျဆင်းမှာကို စိုးရိမ်ရပါတယ်"ဟု ကိုရီးယား စရိတ်ကျဉ်းလေကြောင်းလိုင်းမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောပါတယ်။

SOUTH ASIA

## ဥပဒေများကိုပြင်ဆင်ရန် အသင့်ရှိကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုးဒီက ရင်းနှီးမြှုပ်နှံသူများကိုပြော

"ကျွန်တော်တို့က သတင်းအချက်အလက်နည်းပညာ ထုတ်လုပ်နိုင်တဲ့နေရာမှာ စွမ်းဆောင်ရည်ပြည့်ဝတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါပေမယ့် ဂူးဂဲကို အိန္ဒိယနိုင်ငံက ထုတ်လုပ်ထားတာမဟုတ်ပါဘူး"ဟုအိန္ဒိယဝန်ကြီးချုပ် မိုးဒီက ဒီဇင်ဘာ ၂၉ ရက်က ပြောကြားကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီမှာပြုလုပ်တဲ့ "Make in India" လှုပ်ရှားမှုပြပွဲမှာ တီထွင်ဆန်းသစ်မှုတွေကို ဆောင်ရွက်ဖို့ အလေးပေးပြောကြားရင်း ဝန်ကြီးချုပ်က ယခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေကို စိတ်ဓာတ်ကိုချိုးနှိမ်ပစ်နိုင်ပြီး မူဝါဒ သွက်ချာပါဒလိုက်မှုဖြစ်ပေါ်စေနိုင်တဲ့ ဗျူရိုကရေစီအတားအဆီးများနဲ့ကြိုးနီစနစ်အတားအဆီးတွေနဲ့ပတ်သက်ပြီး ဝန်ကြီးချုပ်က ပြောကြားပါတယ်။

ဘောလီဘော ပုတ်တတ်တဲ့၊ ခေါင်းရှောင်တတ်တဲ့၊ ရှုပ်ထွေးကြန့်ကြာမှုတွေကိုဖြစ်စေတတ်တဲ့ ယဉ်ကျေးမှု (လုပ်ငန်းခွင်ဆက်ဆံရေး) တွေကို အစိုးရက ရှောင်ရှားပြီး "တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ စည်းမျဉ်းစည်းကမ်းတွေလိုက်နာဆောင်ရွက်တတ်တဲ့ လှုပ်ရှားမှုတွေ"ရှိဖို့လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောပါတယ်။

နိုင်ငံအတွင်းမှာ ကုန်ချောထုတ်လုပ်မှုတွေကိုမြှင့်တင်ပေးမယ့် လုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးမယ့် "Make in India" စီမံကိန်းအရ ဆောင်ရွက်ပြီးရင်းနှီးမြှုပ်နှံသူတွေရဲ့ စိုးရိမ်သောကကိုဖယ်ရှားပေးဖို့ သူက ကတိပြုခဲ့ပါတယ်။

Make in India ဆိုတဲ့ ရည်မှန်းချက်ထက်ကျော်လွန်ပြီး ခြောက်ပြစ်ကင်းတဲ့၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုကင်းတဲ့ ထုတ်ကုန်ပစ္စည်းတွေထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံအတွက် ကမ္ဘာ့ကုန် အမှတ်တံဆိပ်ပေါ်ထွက်လာအောင် ဆောင်ရွက်ဖို့ သူက အလေးပေးပြောကြားခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

EUROPE

## ဂရိရွေးကောက်ပွဲအစီအစဉ်ကြောင့် ယူရိုငွေကြေးကိုထိခိုက်

ဂရိရွေးကောက်ပွဲမှာ လက်ဝဲပါတီ ဖြစ်တဲ့ Syriza ပါတီကအနိုင်ရနိုင်တဲ့ အခြေအနေကြောင့် စိုးရိမ်မှုတွေတိုးပွားလာတဲ့အတွက် ပါလီမန်ရွေးကောက်ပွဲသစ် ကျင်းပဖို့ ဂရိနိုင်ငံက ပြင်ဆင်လာခဲ့ပါတယ်။ ဒါကြောင့် ဒေါ်လာငွေနဲ့ဖလှယ်ရာမှာ နှစ်ပေါင်းများစွာအတွင်းရှိနေတဲ့ ဖလှယ်နှုန်းများအနက် အနိမ့်ဆုံးသို့ကျဆင်းသွားမှာကို စိုးရိမ်လျက်ရှိကြောင်း အေအက်ဖ်ပီသတင်းမှာ ဒီဇင်ဘာ ၂၉ ရက်ကဖော်ပြထားပါတယ်။ နှစ်အကုန်အရောင်းအဝယ်လုပ်ငန်းတွေမှာ ဒေါ်လာတန်ဖိုးကတစ်နည်းမဟုတ်တစ်နည်း တန်ဖိုးမြင့်တက်တတ်ပါတယ်။ ဂရိနိုင်ငံရဲ့ နိုင်ငံရေး နောက်ဆုံးအခြေအနေတွေကြောင့် ယူရိုငွေကြေးတန်ဖိုးက တစ်ယူရိုကို ၁ ဒသမ ၂၁၅၃ ဒေါ်လာနှုန်းထိရောက်ရှိပြီး ၂၀၁၂ ခုနှစ် နှစ်လယ်နောက်ပိုင်း အနိမ့်ဆုံးဖလှယ်နှုန်းဖြစ်ခဲ့ပါတယ်။

သမ္မတသစ်ရွေးချယ်ဖို့ ပါလီမန်အမတ်တွေက တတိယအကြိမ်ကြိုးပမ်းသော်လည်း အောင်မြင်မှုမရရှိတဲ့အတွက် ဇန်နဝါရီ ၂၅ ရက်မှာ ရွေးကောက်ပွဲပြုလုပ်ဖို့ ဂရိဝန်ကြီးချုပ် အန်တိုနီယိုဆာမာရပ်က တောင်းဆိုခဲ့ပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့အတွင်း ကသောင်းကနင်းနဲ့မတည် မငြိမ်ဖြစ်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုကြောင့် လက်ဝဲဝါဒီတွေဖြစ်တဲ့ Syriza ကအနိုင်ရရှိပြီး အိုင်အမ်အက်ဖ်-အီးယူ ကယ်တင်ရေးအစီအစဉ်အရဆောင်ရွက် ဖို့လိုတဲ့ခြိုးခြံချွေတာရေးမူဝါဒတွေ ပျက်စီးသွားစေနိုင်ပါတယ်။ အပြန်အလှန်အားဖြင့် ယူရိုဇုန်စီးပွားရေးကလည်း ထပ်မံကျဆင်းနိုင်ပါတယ်။ ဂရိနိုင်ငံမှာဖြစ်ပွားနေတဲ့စိုးရိမ်ဖွယ် အခြေအနေတွေကြောင့် ယူရိုဇုန်တစ်ခုလုံးရဲ့ အခြေအနေက ဝရုန်းသုံး ကား ဖြစ်သွားနိုင်ကြောင်း ဘရပ်ဆဲမှာအခြေစိုက်တဲ့ ကာနေဂျီယူရုတ်အကြံပေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူး ဂျန်တက်ချောက ပြောပါတယ်။




# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ယခုနှစ်ထဲမှာ အတိုးနှုန်းတွေ တိုးမြှင့်ပေးမယ့် အခြေအနေတွေကို တွေ့မြင်နေရတဲ့အတွက် အမေရိကန်ဒေါ်လာရဲ့ဖလှယ်နှုန်းက ၂၀၀၅ ခုနှစ်နောက်ပိုင်း အခိုင်မာဆုံးအခြေအနေရှိခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ တန်ဖိုးက ၂၀၁၄ ခုနှစ်အတွင်း တခြားငွေကြေးတွေနဲ့ဖလှယ်ရာမှာ ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဇန်နဝါရီလ ၂ ရက်နေ့မှာ တခြားငွေကြေး ၁၆ ခုနဲ့ ဖလှယ်တဲ့အခါ အမေရိကန်ငွေကြေး တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ဥရောပဒေသရဲ့ အတိုးနှုန်းတွေက ဆက်လက်ကျဆင်းနေဦးမယ်လို့ ဥရောပဗဟိုဘဏ် ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီကပြောကြားပြီးနောက်ပိုင်း ယူရိုတန်ဖိုးက လေးနှစ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။ တရုတ်ကုန်ထုတ်လုပ်မှုက ၁၈ လအတွင်းအနိမ့်ဆုံးကို ရောက်ရှိခဲ့ပြီးနောက် ဩစတြေးလျနဲ့ နယူးဇီလန်ဒေါ်လာတန်ဖိုးတွေကျဆင်းခဲ့ပါတယ်။

အမေရိကန်ဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို ၁၃ လအတွင်း မြှင့်တင်လိမ့်မယ်လို့ အောက်တိုဘာလအတွင်းကခန့်မှန်းခဲ့ရာမှ ရှစ်လအတွင်း မြှင့်တင်ပေးလိမ့်မယ်လို့ ပြင်ဆင်ခန့်မှန်းထားပါတယ်။

ဥရောပဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းထိန်းထားနိုင်ရင် အကောင်းဆုံးဖြစ်မယ်လို့ ယူဆထားတဲ့အတွက် ဒီလိုထိန်းသိမ်းနိုင်ဖို့အတွက် အက်ဆက်များကို ဝယ်ယူမှုနဲ့ ဘဏ်တွေအတွက် ချေးငွေတွေအတိုးနှုန်းသက်သက်သာသာရဖို့ အပါအဝင်နည်းမျိုးစုံသုံးလိမ့်မယ်လို့ ယူဆထားပါတယ်။

တရုတ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ နယူးဇီလန်၊ ဖိလစ်ပိုင်နဲ့ ထိုင်းဈေးကွက်တွေက ဇန်နဝါရီ ၂ ရက်က အားလပ်ရက်ဖြစ်လို့ ဈေးတွေပိတ်ပါတယ်။

**တရုတ်ယွမ်**

China International Capital Corp ကထုတ်ပြန်တဲ့ မေခရိုစီးပွားရေးအစီရင်ခံစာအရ ဗဟိုဘဏ်ရဲ့ဒေါ်လာယွမ်ဖလှယ်နှုန်းက ၂၀၁၄ ခုနှစ်နှစ်ကုန်မှာတစ်ဒေါ်လာကို ၆ ဒသမ ၁၃ ယွမ်နှုန်းရှိခဲ့ပြီး ငွေလက်ငင်းဈေးကွက်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၂၂ ယွမ်နှုန်းရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်နှစ်ကုန်မှာ ဗဟိုဘဏ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၁၁ ယွမ်နှုန်းရှိပြီး လက်ငင်းဈေးကွက်မှာ ဖလှယ်နှုန်းက ၆ ဒသမ ၂၀ ယွမ်နှုန်းရှိမယ်လို့ခန့်မှန်းထားပါတယ်။ တရုတ်ဗဟိုဘဏ်ရဲ့ ဖလှယ်နှုန်း မြင့်တက်နေတာကိုကြည့်ရင် တရုတ်ဗဟိုဘဏ်က ငွေလဲနှုန်းတည်ငြိမ်ဖို့ ရည်မှန်းထားတယ်လို့ ခန့်မှန်းရပါတယ်။

**အိန္ဒိယရူပီး**

ရူပီးငွေကြေးဖလှယ်နှုန်းက စောစောပိုင်းမှာ အနည်းငယ်ပြန်လည်မြင့်တက်လာပေမယ့် အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ဒေါ်လာဝယ်လိုအားမြင့်တက်လာတဲ့အတွက် သုည ဒသမ ၀၂ ရူပီးနှုန်း ကျဆင်းနေဆဲဖြစ်ပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၃၇ ရူပီးနှုန်းရှိခဲ့ပါတယ်။ ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေးဌာနမှာ ၆၃ ဒသမ ၃၅ ရူပီးနှုန်းရှိခဲ့ပါတယ်။ ရူပီးရဲ့ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆၃ ဒသမ ၃၆ ရူပီးနှုန်းနဲ့ ၆၃ ဒသမ ၄၉ ရူပီးနှုန်းကြားအတက်အကျရှိနေပါတယ်။

**ဂျပန်ယန်း**

ဥရောပဗဟိုဘဏ်က အစိုးရဘွန်းစာချုပ်တွေကို စတင်ဝယ်ယူတော့မယ်ဆိုတဲ့သတင်းကြောင့် အာရှဈေးကွက်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဇန်နဝါရီ ၂ ရက်က ယူရိုတန်ဖိုး ကျဆင်းပါတယ်။ နယူးယောက်မှာ ဒီဇင်ဘာ ၃၁ ရက်က တစ်ယူရိုကို ၁ ဒသမ ၂၀၉၇ ဒေါ်လာနှုန်းရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်က စင်ကာပူဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၂၀၅၅ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ ယန်းငွေနဲ့ ဖလှယ်နှုန်းက တစ်ယူရိုကို ၁၄၄ ဒသမ ၈၇ ယန်းမှ ၁၄၅ ဒသမ ၀၉ ယန်းထိ မြင့်တက်ခဲ့ပါတယ်။

ဒေါ်လာ/ယန်း ဖလှယ်နှုန်းက ဒီဇင်ဘာ ၃၁ ရက်မှာ တစ်ဒေါ်လာကို ၁၁၉ ဒသမ ၆၆ ယန်းနှုန်းမှ ဇန်နဝါရီ ၂ ရက်မှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၄၂ ယန်းနှုန်း ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရက်သတ္တပတ်အကုန်မှာ ရင်းနှီးမြှုပ်နှံသူတွေက ရင်းဂစ်ငွေကြေးကို အမြတ်နဲ့ ပြန်ထုတ်လာကြတဲ့အတွက် ဇန်နဝါရီ ၂ ရက်က ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီ ၃၅ မိနစ်မှာ ရင်းဂစ်ငွေကြေးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃ ဒသမ ၅၀၇၅ ရင်းဂစ်နှုန်းရှိခဲ့တဲ့အတွက် ဒီဇင်ဘာ ၃၁ ရက်ကရှိခဲ့တဲ့ ၃ ဒသမ ၄၉၅၀ ရင်းဂစ်နှုန်းအောက် တန်ဖိုးကျဆင်းခဲ့ပါတယ်။ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အများအားဖြင့် တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ယန်းငွေတန်ဖိုး ကျဆင်းမှုကြောင့် တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းမှာကို စိုးရိမ်မှုကြောင့် ယခုရက်သတ္တပတ်အတွင်း ဒေါ်လာနဲ့ ဖလှယ်ရာမှာ တောင်ကိုရီးယားဝမ်တန်ဖိုးက အများအားဖြင့် ကျဆင်းပါတယ်။

ဝမ်တန်ဖိုးက တစ်ဒေါ်လာကို ၁၁၀၃ ဒသမ ၃၅ ဒေါ်လာနှုန်းရှိခဲ့ရာ သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းတဲ့အတွက် ဒီဇင်ဘာ ၂၃ ရက်နောက်ပိုင်း ကျဆင်းမှုအများဆုံးဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းစီးပွားရေးဖွံ့ဖြိုးမှု အလားအလာနဲ့ ငွေကြေးဖောင်းပွမှု အခြေအနေများအရ ထိုင်းဗဟိုဘဏ်က အတိုးနှုန်းများကို လျှော့ချမယ့်အလားအလာများကို ပြလျက်ရှိတဲ့အတွက် ဘွန်းစာချုပ်များက ဈေးနှုန်းမြင့်တက်ပြီး ဘတ်ငွေတန်ဖိုးက လေးလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းနေကြောင်း ဒီဇင်ဘာ ၃၀ ရက်က တွေ့ ရပါတယ်။

ဒေါ်လာနဲ့ ဘတ်ငွေဖလှယ်နှုန်းက ဇန်နဝါရီ ၁ ရက်က တစ်ဒေါ်လာကို ၃၂ ဒသမ ၈၉ ဘတ်နှုန်းရှိရာမှ ဇန်နဝါရီ ၂ ရက်မှာ တစ်ဒေါ်လာကို ၃၃ ဘတ်နှုန်းထိ ဘတ်ငွေတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

---

# ဘဏ်ကတ်အတုများနဲ့ပတ်သက်ပြီး ဗီယက်နမ်ဗဟိုဘဏ်ကသတိပေး

ကတ်ဖြင့်ငွေပေးချေမှုလုပ်ငန်းများကို ထိထိရောက်ရောက် စစ်ဆေးကြီးကြပ်သွားဖို့ မြို့ပြနဲ့ပြည်နယ်ဘဏ်ခွဲတွေ ငွေပေးချေမှုလုပ်ငန်းကို ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို ဗီယက်နမ်ဗဟိုဘဏ်က အကြံပြုထားပါတယ်။ နိုင်ငံတစ်ဝန်းရှိ အပြည်ပြည်ဆိုင်ရာ ဘဏ်ကတ်အတုများကို အသုံးပြုပြီး ငွေပေးချေမှုများမှ ကာကွယ်ရန်လမ်းညွှန်မှုများကို ဗီယက်နမ်ဗဟိုဘဏ်က ဒီဇင်ဘာ ၂၅ ရက်ကထုတ်ပြန်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။



ကတ်နဲ့ငွေပေးချေတာကို လက်ခံတဲ့နေရာတွေကို ဘဏ်ခွဲတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအနေနဲ့ စစ်ဆေးဖို့ လိုအပ်ပါတယ်။ ကတ်နဲ့ငွေချေတဲ့နေရာတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို စစ်ဆေးရပါမယ်။ အထူးသဖြင့် ယခုမှလုပ်ငန်း စတင်ဆောင်ရွက်မယ့် လုပ်ငန်းတွေကို စစ်ဆေးကြပ်မတ်ရပါမယ်။ သူတို့ကြုံရမယ့် ဒေသအလိုက် ဆုံးရှုံးနိုင်ခြေရှိမှုတွေကို အမျိုးအစား ခွဲခြားထားရပါမယ်။ ကတ်အတု သုံးစွဲလာနိုင်တဲ့ နည်းလမ်းတွေကို ငွေပေးချေမှုလုပ်ငန်းနဲ့ ဘဏ်ခွဲတွေက အရာရှိတွေက သတင်းပေးဖို့လည်း ဆောင်ရွက်ထားရပါမယ်။

ကတ်အတုနဲ့ငွေထုတ်တဲ့ လိမ်လည်မှုတွေ တစ်စစ တိုးပွားလာတာကို ထိန်းချုပ်ဖို့အတွက် ချစ်ပ်ကတ်စနစ် (Chip Card System) ကိုပြောင်းလဲ သုံးစွဲနိုင်ရေးအတွက် စီမံချက်ရေးဆွဲထားဖို့ ဗဟိုဘဏ်က တိုက်တွန်းထားပါတယ်။ ဒီအစီအစဉ်တွေကိုအသုံးပြုမယ်ဆိုရင် ကတ်နဲ့ငွေထုတ်ငွေသွင်းကြသူ နှစ်ဦးနှစ်ဖက်စလုံးကို ဆုံးရှုံးနိုင်ခြေရှိတဲ့ အခြေအနေတွေနဲ့ ဆုံးရှုံးမှုတွေကနေ အကာအကွယ်ပေးနိုင်ပါလိမ့်မယ်။

ဒီလိုပြစ်မှုမျိုးတွေမဖြစ်ပွားအောင် ဂရုစိုက်ကြဖို့ အေတီအမ်စက်တွေနဲ့ အရောင်းကောင်တာငွေရှင်းတဲ့ နေရာတွေမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ သတိပေးချက်တွေ ထုတ်ပြန်ထားရမှာ ဖြစ်ပါတယ်။ ဒီလို လုံခြုံမှုစနစ်တွေနဲ့ ပတ်သက်တဲ့ ဆောင်ရွက်ဖွယ်ရာကိစ္စတွေကို ကောင်းမွန်စွာ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို ဗဟိုဘဏ်ရဲ့ ဘဏ်ခွဲတွေက စစ်ဆေးကြီးကြပ်သွားရမှာဖြစ်ပါတယ်လို့ အဲဒီသတင်းမှာ ဖော်ပြထားပါတယ်။

---

# ရူဘယ်တန်ဖိုးကျဆင်းမှုကြောင့် ရုရှားလေကြောင်းလိုင်းကိုထိခိုက်

အပြည်ပြည်ဆိုင်ရာပြိုင်ဘက်တွေက ရေနံဈေးနှုန်းတွေကျဆင်း လာတာကို ကောင်းချီးပေးကြပါလိမ့်မယ်။ ဒါပေမယ့် ရူဘယ်ငွေကြေးတန်ဖိုးကျဆင်းမှုက နိုင်ငံခြားငွေကြေးတွေနဲ့လည်းပတ်နေတဲ့ ရုရှားလေကြောင်းတွေကို ကသောင်းကနင်းဖြစ်စေကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

အဓိကအားဖြင့်ရုရှားစီးပွားရေးက ရေနံပို့ကုန်အပေါ် အများကြီးမှီခိုနေရတဲ့အတွက် လွန်ခဲ့တဲ့ခြောက်လအတွင်း ရေနံဈေးနှုန်းတွေ ခေါက်ချိုးနီးပါးကျဆင်းခဲ့တဲ့အတွက် ယခုနှစ်အတွင်း ရူဘယ်တန်ဖိုးက ၄၀ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဂျက်လေယာဉ်ဆီက ပျံသန်းမှုကုန်ကျစရိတ်ရဲ့ လေးပုံတစ်ပုံနီးပါးရှိတဲ့အတွက် ဓာတ်ဆီဈေးကျလို့ လေကြောင်းလိုင်းအများစုမှာဝင်ငွေ တွေမြင့်တက်လာမယ်လို့ ခန့်မှန်းရပါတယ်။ ရုရှားလေကြောင်းလိုင်းတွေလည်း အကျိုးအမြတ်တွေခံစားရမယ် လို့ယူဆရပါတယ်။ ဒါပေမယ့် ရူဘယ်ငွေကြေးကျဆင်းတဲ့အတွက် နှစ်ခါနာဖြစ်ခဲ့ရတဲ့ရုရှားတွေက တခြားနိုင်ငံကကုမ္ပဏီတွေနဲ့ နှိုင်းယှဉ်ရင်အလားအလာ ကျဆင်းနေတာကိုတွေ့ရပါတယ်။

ရုရှားလူမျိုးတွေရဲ့ ဝယ်ယူနိုင်မှုစွမ်းအား ကျဆင်းတဲ့အတွက် ရုရှားတွေ ခရီးအသွားအလာနည်းလာလို့ အကျိုးအမြတ်ရှိတဲ့ခရီးစဉ်တွေ ရပ်ဆိုင်းခဲ့တာကိုတွေ့ရပါတယ်။ နိုင်ငံခြားငွေနဲ့သုံးစွဲရတဲ့ အစိတ်အပိုင်းတွေမှာ ရုရှားလေကြောင်းလိုင်းတွေရဲ့ ကုန်ကျစရိတ် မြင့်မားခဲ့ပါတယ်။ အထူးသဖြင့် ငွေကြေးတန်ဖိုး ကျဆင်းတဲ့အတွက် ရူဘယ်နဲ့သတ်မှတ်ရင် လေယာဉ်ငှားခတွေက နှစ်ဆထိမြင့်တက်ခဲ့ပါတယ်။

ရုရှားလေကြောင်းလိုင်းကြီးဖြစ်တဲ့ အေရိုဖလုတ်ဝင်ငွေရဲ့ ၉၀ ရာခိုင်နှုန်းက ရူဘယ်နဲ့ဝင်ငွေရတာဖြစ်ပြီး လေကြောင်းလိုင်း ကုန်ကျစရိတ်ရဲ့ ၆၀ ရာခိုင်နှုန်းက နိုင်ငံခြားသုံးငွေကြေးနဲ့ဖြစ်ကြောင်း ဒွိုက်ချ်ဘဏ်ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

International Entertainment
Vol: 15, No.1 Monday Jan 5 2015

# အွန်လိုင်းမှ စံချိန်တင်ရောင်းချရငွေ အမေရိကန်ဒေါ်လာ ၁၅သန်းကျော် ဝင်ငွေရရှိနေတဲ့ The Interview



ဆိုနီ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ The Interview ရုပ်ရှင်ကားဟာ ကမ္ဘာတစ်ဝန်း လူကြိုက်အများဆုံး ရုပ်ရှင်ကားအဖြစ် စံချိန်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးကို ဒီဇင်ဘာ၂၅ရက် ခရစ္စမတ်ပွဲတော်ကာလမှ ဖြန့်ချိဖို့ ကြိုတင်စီစဉ်ထားပေမယ့် မြောက်ကိုရီးယား နိုင်ငံရဲ့ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးနဲ့ မိုက်ခရိုဆော့ဖ်ကုမ္ပဏီရဲ့ အချက်အလက်တွေကို Hack လုပ်သွားတဲ့အတွက် အဲဒီဇာတ်ကားကို အွန်လိုင်းပေါ်ကနေ စတင်ရောင်းချခဲ့ပါတယ်။

စတင်ရောင်းချတဲ့နေ့မှာပဲ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်သန်းကျော် ရရှိခဲ့ပါတယ်။ ဒ့ါအပြင် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးဟာ ဒီဇင်ဘာလ ၃၀ ရက်မှာတော့ အမေရိကန်နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ရုပ်ရှင်ရုံနဲ့ပြဇာတ်ရုံတွေမှာ ရုံတင်ပြသရာမှာတော့ လေးရက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းကျော် ရှိခဲ့ပါတယ်။

အဲဒီဇာတ်ကားကို ကနေဒါနိုင်ငံမှာလည်း ဇန်နဝါရီ ၂ ရက်က စတင်ပြသနေပြီဖြစ်ပါတယ်။

ဇန်နဝါရီလ ၂ ရက်အထိ အွန်လိုင်းမှ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းမှ ရရှိတဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၅ သန်း ကျော်သွားပြီဖြစ်တယ်လို့ Box Office ရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။ အဲဒီဇာတ်ကားကြောင့် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးဟာ အမြတ်အစွန်းများစွာရရှိတော့မယ်လို့ Box Office ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တောင်ကိုရီးယားရဲ့ နိုင်ငံရေးလှုပ်ရှားသူများအဖွဲ့ကတော့ အဲဒီဇာတ်ကားကို ဒီဗွီဒီကော်ပီများအဖြစ် ပြုလုပ်ပြီး တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားနယ်စပ်မှာ မိုးပျံပူဖောင်းတွေနဲ့ ကြဲချပေးဖို့ စီစဉ်ထားကြောင်း ယူအက်စ်အေတူဒေးသတင်းမှာ ဖော်ပြထားပါတယ်။

အဲဒီဇာတ်ကားကို အွန်လိုင်းမှာသာမက ရုပ်ရှင်ရုံတွေမှာပါ ပြသခဲ့တဲ့အတွက် မြောက်ကိုရီးယားဟာ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးရဲ့အချက်အလက် တော်တော်များများကို ထပ်မံ Hack လုပ်ခဲ့ပြန်ပါတယ်။အဲဒီကိစ္စကြောင့် အမေရိကန်သမ္မတအိုဘားမားက မြောက်ကိုရီးယားကို ထပ်မံပိတ်ဆို့ အရေးယူမှုတွေ ပြုလုပ်ခဲ့ပြီဖြစ်ပါတယ်။ The Interview ဇာတ်ကားဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန် လုပ်ကြံသတ်ဖြတ်ခံရမှုကို ဇာတ်လမ်းဆင်ပြီး ရိုက်ကူးထားတဲ့ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

# ၂၀၁၄ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး စံချိန်တင်ထားနိုင်ခဲ့တဲ့ အက်ဒ်ရှရင်း



၂၀၁၄ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံးစံချိန်အဖြစ် အင်္ဂလိပ်လူမျိုး အဆိုတော် အက်ဒ်ရှရင်းက ထိပ်ဆုံးနေရာကို ရယူသွားပါတယ်။ အက်ဒ်ရှရင်းဟာ ပေ့ါပ်သီချင်းတွေရော၊ R&B သီချင်းတွေကိုပါ သီဆိုနိုင်သူတစ်ဦးဖြစ် ပါတယ်။

အက်ဒ်ရှရင်းဟာ ၂၀၁၄ခုနှစ်အတွင်းမှာ သူ့ရဲ့အယ်လ်ဘမ်ဖြစ်တဲ့ "X" ဟာ ရောင်းအားအကောင်းဆုံးစံချိန်ကိုတင်နိုင်ခဲ့ပြီး သီချင်းအယ်လ်ဘမ်ပေါင်း ၁ ဒသမ ၇ သန်း ရောင်းချခဲ့ရတယ်လို့ Chart ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

အဲဒီစံချိန်ဟာ ၂၀၁၁ ခုနှစ်က ဗြိတိသျှအဆိုတော် အဒဲလ်ရဲ့ 21 ဆိုတဲ့ တေးအယ်လ်ဘမ်ရဲ့ရောင်းချရတဲ့ အချပ်ရေထက် သာလွန်ခဲ့တယ်လို့ အဆိုပါကုမ္ပဏီက ထပ်မံပြောကြားပါတယ်။ အဒဲလ်ရဲ့ 21 တေးအယ်လ်ဘမ်ဟာ အဲဒီအချိန်တုန်း က အချပ်ရေပေါင်း တစ်သန်းကျော်သာ ရောင်းချခဲ့ရတဲ့အတွက် အက်ဒ်ရှရင်းက အဒဲလ်ကို ကျော်တက်ခဲ့တယ်လို့ ဆိုပါတယ်။

အမေရိကန် ပေ့ါပ်အဆိုတော်မလေး တေလာဆွစ်ဖ်ကတော့ ရောင်းအားအကောင်းဆုံးအဆင့် ၁၁ နေရာမှာသာ ရပ်တည်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

နံပါတ်နှစ်နေရာမှာရှိနေတဲ့ ဆမ်စမစ်ရဲ့ In The Lonely Hour က အချပ်ရေပေါင်း ၁ ဒသမ ၂ သန်း ရောင်းချခဲ့ရပြီး နံပါတ်သုံးနေရာမှာရှိတဲ့ ဂျော့ချ်အီဇာရဲ့ Wanted on Voyage က အချပ်ရေပေါင်း ၆၇၈၀၀၀ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

One Direction အဖွဲ့ရဲ့ Four အယ်လ်ဘမ်ကတော့ သတ္တမနေရာမှာ ရပ်တည်နေခဲ့တယ်လို့ ဆိုပါတယ်။



# အဲလ်ဗစ်စ်ပရက်စလေရဲ့လေယာဉ်ပျံနှစ်စီးကို လေလံတင်ရောင်းချမယ်

ကမ္ဘာကျော် အမေရိကန်အဆိုတော်ကြီး အဲလ်ဗစ်စ်ပရက်စလေရဲ့ ကိုယ်ပိုင်လေယာဉ်ပျံနှစ်စင်းကို လေလံတင်ရောင်းချမှာဖြစ်တယ်လို့ အဲလ်ဗစ်ပရက်စလေအင်တာပရိုက်စ်ရဲ့ တာဝန်ရှိသူတွေက ပြောကြားခဲ့ပါတယ်။

ပရက်စလေဟာ သူ့ရဲ့ကိုယ်ပိုင် လေယာဉ်နှစ်စင်းဖြစ်တဲ့ လီဆာမာရီနဲ့ ဟောင်းဒေ့ါတူးအမည်ရှိတဲ့လေယာဉ်ပျံ နှစ်စင်းကို လေလံတင်ရောင်းချမှာဖြစ်ပါ တယ်။

အဲဒီလေယာဉ်ပျံနှစ်စင်းကို ပရက်စလေအင်တာပရိုက်စ်ဟာဂရေ့စ်လန်းမှာ ထားရှိခဲ့ပါတယ်။ အခုအခါမှာတော့ အဲဒီနေရာကနေ လေယာဉ်နှစ်စင်းကို ၂၀၁၅ ခုနှစ် ဧပြီလ ၂၆ ရက် နောက်ဆုံးထားပြီး ဖယ်ရှားပေးရမှာဖြစ်တဲ့အတွက် လေလံတင်ရောင်းချရတာဖြစ်တယ်လို့ ဆိုပါတယ်။

ပရက်စလေဟာ အဲဒီလေယာဉ်ပျံနှစ်စင်းကို ၁၉၇၅ ခုနှစ်က ဝယ်ယူခဲ့တာ ဖြစ်ပါတယ်။ လီဆာမာရီယာကို အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲနဲ့ ဝယ်ယူထားတာဖြစ်ပြီး ဟောင်းဒေ့ါတူးကိုတော့ အမေရိကန်ဒေါ်လာ ကိုးသိန်းပေးပြီး ဝယ်ယူထားတာဖြစ်တယ်လို့ဆိုပါတယ်။

လေလံတင်ရောင်းချမယ့်ရက်ကို ဖေဖော်ဝါရီ ၂ ရက်မှာ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။



# ၂၀၁၄အတွက် အလှဘုရင်မဘွဲ့ကို ခံယူသွားခဲ့တဲ့ ချယ်ရီဖာနန်ဒက်စ်

ချဲလ်ဆီးအသင်းရဲ့တိုက်စစ်မှူးဟောင်း တစ်ဦးဖြစ်တဲ့ အက်ရှ်လေကိုးရဲ့ဇနီးဟောင်းဖြစ်တဲ့ ချယ်ရီကိုးဟာ ၂၀၁၄ ခုနှစ်အတွက် အလှဘုရင်မဘွဲ့ကို ခံယူသွားခဲ့ပြီဖြစ်ပါတယ်။

ချယ်ရီကိုးဟာ အက်ရှ်လေကိုးနဲ့ လမ်းခွဲခဲ့ပြီး ပြင်သစ်နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဂျင်းဘားနတ်ဒ်ဖာနန်ဒက်စ်ဗာစီနီနဲ့ လက်ထပ်ခဲ့ပြီး သူ့ရဲ့မိသားစုနာမည်ကိုလည်း ချယ်ရီကိုးအစား ချယ်ရီဖာနန်ဒက်စ်လို့ ပြောင်းလဲခဲ့ပါတယ်။

ဖာနန်ဒက်စ်နဲ့လက်ထပ်ခဲ့ပြီး နောက်ပိုင်းမှာ သီချင်းသီဆိုမှုတွေကို ရပ်နားထားခဲ့ပြီး ခင်ပွန်းသည်ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့ X-Factor မှာတော့ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်နေဆဲပဲဖြစ်ပါတယ်။

အသက် (၃၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ချယ်ရီဖာနန်ဒက်စ်ကို The Duchess of Cambridge ကပေးအပ်ချီးမြှင့်တဲ့ ၂၀၁၄ ခုနှစ်အတွက် အလှဘုရင်မဘွဲ့ (Beauty Icon of 2014) ကို ပေးအပ်ခဲ့တာဖြစ်ပါတယ်။

အဲဒီဆုရွေးချယ်ပေးဖို့အတွက် အွန်လိုင်းကနေ မဲပေးရွေးချယ်တဲ့စနစ်ကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။

ချယ်ရီဖာနန်ဒက်စ်ဟာ အွန်လိုင်းမှ မဲပေးသူပေါင်းရဲ့ ၃၀ ရာခိုင်နှုန်းကိုရရှိခဲ့တဲ့အတွက် မဲအများဆုံးနဲ့ Beauty Icon of 2014 ဆုကိုရရှိခဲ့တာဖြစ်ပါတယ်။

"၂၀၁၄ခုနှစ်ကတော့ ချယ်ရီရဲ့နှစ်လို့ ပြောရမယ်။ တကယ့်ကိုအံ့ဩစရာပါပဲ။ အချစ်သစ်နဲ့လည်း ဆုံဆည်းရတယ်။ X - Factor မှာလည်း ဒိုင်လူကြီးအဖြစ် ပြန်လည်ပါဝင်ခွင့်ရခဲ့တယ်။ အဲဒီအချက်တွေကပဲ သူ့ကို အလှဘုရင်မ ဘွဲ့အပ်နှင်းဖို့ဖြစ်လာတယ်လို့ပဲ ဆိုရမယ်"လို့ ဆုရွေးချယ်ရေးအဖွဲ့ရဲ့တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။

## မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း(DestinationSurvey) လုပ်ငန်းများကိုMITSစစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း **(PSI)** လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -

- နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသော ကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ နိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (Custom Clearance) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ Data Processing အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။







ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး MITS မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်

**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**
No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar
**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206





- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

# COMMERCE INTERNATIONAL




## အမ်မ်အာတီလိုင်းသစ်က စင်ကာပူဆောက်လုပ်ရေးလုပ်ငန်းတိုးတက်ရေးကို အားပေး

ဆေးရုံသစ်ဆောက်လုပ်ရေးနဲ့ မြေအောက်ရထားလမ်း အမ်အာတီလိုင်း ဆောက်လုပ်ရေးလုပ်ငန်းတွေကြောင့် ၂၀၁၄ ခုနှစ် နောက်ဆုံး သုံးလပတ်မှာ စင်ကာပူဆောက်လုပ်ရေးကို အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒီလုပ်ငန်းတွေသာ မရှိဘူးဆိုရင် ဖွံ့ဖြိုးမှုမညီမညာဖြစ်နေတဲ့ ကမ္ဘာ့စီးပွားရေးနာလန်ထူမှုက တိုင်းပြည်စီးပွားရေးကို ထိခိုက်နိုင်ကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြထားပါတယ်။

စင်ကာပူဆောက်လုပ်ရေးလုပ်ငန်း က ၂၀၁၄ ခုနှစ် စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)ရဲ့ ၄ ဒသမ ၄ ရာခိုင်နှုန်းအထိ ပါဝင်ပြီး ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ဒီဇင်ဘာအထိသုံးလပတ်မှာ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့တာကို ဇန်နဝါရီ ၂ ရက်မှာထုတ်ပြန်တဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ သိရပါတယ်။ တိုင်းပြည်စီးပွားရေးမှာ ၁၈ ဒသမ ၆ ရာခိုင်နှုန်းပါဝင်နေတဲ့ ကုန်ချောထုတ်လုပ်မှုက ၅ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပါတယ်။

တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုက နှေးကွေးပြီး ဂျပန်နိုင်ငံကလည်း အရှိန်ပြန်ရဖို့ လုံးပန်းနေရချိန်ဖြစ်တဲ့အတွက် နိုဝင်ဘာတတိယသုံးလပတ်မှာ စက်မှုကုန်ထုတ်လုပ်ငန်း ကျဆင်းခဲ့ပြီးတဲ့နောက် ပို့ကုန်ကို မှီခိုအားထားနေရတဲ့ စင်ကာပူစီးပွားရေးက လေ့လာဆန်းစစ်ရေးမှူးတွေ ခန့်မှန်းထားတဲ့အောက်ကို ကျဆင်းခဲ့ပါတယ်။ စင်ကာပူအနောက်ပိုင်း ကုတင် ၇၀၀ ဆံ့ အင်တန်းဖောင်အထွေထွေရောဂါကုဆေးရုံ ဆောက်လုပ်ရေးနဲ့ မြို့မပိုင်း မြေအောက်ရထားလမ်းသစ် ဆောက်လုပ်ရေးစီမံကိန်းတွေက ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း စင်ကာပူရှိ Credit Suisse Group AG မှလေ့လာဆန်းစစ်ရေးမှူး မိုက်ကယ်ဝမ်က ပြောပါတယ်။

"၂၀၁၅ ခုနှစ်မှာ ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းက ဆက်လက်ပြီး အထောက်အကူပေးမှာဖြစ်ပေမယ့် အိမ်ခြံမြေဈေးကွက် အေးနေတဲ့အတွက် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းတွေက ဆက်လက်ကျဆင်းနေဦးမှာဖြစ်ပါ တယ်"လို့ ဝမ်က ပြောပါတယ်။

မတ် ၃၁ ရက်အထိ ဘဏ္ဍာနှစ်အတွက် Downtown Line, Tuas West Extension နဲ့ Thomson Line အပါအဝင် မီးရထားလမ်းစီမံကိန်းတွေအ တွက် အစိုးရက စင်ကာပူဒေါ်လာ ၄ ဒသမ ၅၈ ဘီလီယံသုံးစွဲဖို့ လျာထားပါတယ်။

## ဗီယက်နမ် ပြည်တွင်းဖြစ် သကြားလုံးများက ဆွဲဆောင်မှုပိုရှိ

အရည်အသွေးကောင်းမွန်မှု၊ ဒီဇိုင်းပုံစံများ ပိုမိုတိုးတက်ကောင်းမွန်မှုနဲ့ ဈေးနှုန်းကလည်း ထိုက်သင့်တဲ့ဈေးနှုန်းဖြစ်တဲ့အတွက် ဖောက်သည်တွေက ဗီယက်နမ် ပြည်တွင်းမုန့်မျိုးစုံထုတ်ကုန်တွေကို ပိုမိုနှစ်သက်လက်ခံလာကြကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။



ဗီယက်နမ်မုန့်မျိုးစုံထုတ်ကုန်လုပ်ငန်းတွေက ကုန်အမှတ်တံဆိပ်အရောင်းမြှင့်တင်ရေးတွေကို ကောင်းမွန်စွာ ဆောင်ရွက်လျက်ရှိတဲ့အတွက် ဒီအမှတ်တံဆိပ်တွေက မိသားစုနာမည်တွေလို ရင်းနှီးလာကြတာကို တွေ့ရကြောင်း ဘစ်စီဗီယက်နမ်ရဲ့ ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူး ဟိုကွပ်ငုယင်က ဟိုချင်မင်းစီးတီးသတင်းဌာနတစ်ခုကိုပြောပါတယ်။

ဘစ်စီစူပါမားကက်တွေထဲမှာ ရောင်းချနေတဲ့ မုန့်မျိုးစုံ စားသောက်ကုန်တွေအနက် ပြည်တွင်းမှ မုန့်မျိုးစုံလုပ်ငန်းတွေက ထုတ်လုပ်တဲ့ကုန်ပစ္စည်းက ၉၀ ရာခိုင်နှုန်းထိ ပါဝင်ကြောင်း သူကပြောပါတယ်။

စူပါမားကက်တွေက ပြည်တွင်းကုမ္ပဏီ ၂၅ ခုက ထုတ်လုပ်တဲ့ သကြားလုံးထုတ်ကုန် အမျိုးအစား ၆၀၀ ကို ရောင်းချနေတဲ့အတွက် စုစုပေါင်း ရောင်းချမှုရဲ့ ၉၅ ရာခိုင်နှုန်းအထိရောက်ရှိနေကြောင်း ဆိုင်ဂုံသမဝါယမအသင်း ဒုတိယညွှန်ကြားရေးမှူး ငုယင်သန်နန်းက ပြောပါတယ်။ ပြည်တွင်း ထုတ်ကုန်တွေရဲ့ဈေးနှုန်းသင့်တော်မှုနဲ့ အရည်အသွေးကောင်းမွန်မှုတွေကြောင့် ဝယ်သူတို့ရဲ့ ယုံကြည်မှုကိုရရှိနိုင်ခဲ့ကြောင်း နန်ကပြောပါတယ်။ သူတို့ရဲ့စူပါမားကက်တွေထဲမှာ ဗီယက်နမ်သကြားလုံးတွေက ၅၆ ဒသမ ၇၅ ရာခိုင်နှုန်းအထိ ရှိနေပြီး၊ ပြည်ပက သွင်းလာတာ ၄၃ ဒသမ ၂၅ ရာခိုင်နှုန်းပဲရှိတယ်လို့ Lotte Mart ရဲ့ကိုယ်စားလှယ်ကပြောပါတယ်။ ဗီယက်နမ်ထုတ်ကုန်တွေ တစ်ပန်းသာတာကဈေးနှုန်းသင့်တော်တာဖြစ်ပါတယ်။

## ၂၀၁၅ ခုနှစ်မကုန်မီ အာရှဘဏ်သစ် လုပ်ငန်း စတင် လည်ပတ်မည်

အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (Asian Infrastructure Investment Bank-AIIB) လုပ်ငန်းများကို ၂၀၁၅ ခုနှစ်မကုန်မီ စတင်လည်ပတ်နိုင်မယ်လို့မျှော်လင့်ကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

ဘဏ်ကို စတင်တည်ထောင်ကြမယ့်နိုင်ငံတွေက စေ့စပ်ညှိနှိုင်းမှုတွေ အပြီးသတ်ဆောင်ရွက်ပြီး ဘဏ်သဘောတူစာချုပ်နဲ့ ဘဏ်စည်းမျဉ်းစည်းကမ်းတွေကို လက်မှတ်ရေးထိုးမှုကို ယခုနှစ် ဇွန်လမတိုင်မီ အပြီးသတ်ဆောင်ရွက်ဖို့ ခန့်မှန်းထားပါတယ်။

ဒီဇင်ဘာ ၃၁ ရက်က လက်ရှိအဖွဲ့ဝင်နိုင်ငံတွေ တစ်ညီတစ်ညွတ်တည်း သဘောတူညီမှုရရှိပြီးနောက် ဘဏ်စတင်ထူထောင်မယ့် နောက်ဆုံး အဖွဲ့ဝင်နိုင်ငံအဖြစ် မော်လ်ဒိုက်နိုင်ငံ ပါဝင်လာမယ့် အလားအလာရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

လက်ရှိအချိန်ထိ AIIB ထူထောင်ရေးအဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်မယ့်နိုင်ငံပေါင်း ၂၃ နိုင်ငံထိ ရှိလာခဲ့ရာ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ အိုမန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ကာတာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်နဲ့ မော်လ်ဒိုက်နိုင်ငံ တို့ပါဝင်ပါတယ်။ AIIB ထူထောင်ရေးကိုစိတ်ဝင်စားတဲ့ မည်သည့်နိုင်ငံမဆိုပါဝင်ဖို့ ဖိတ်ခေါ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောပါတယ်။

အာရှဒေသ အစိုးရများရဲ့ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ AIIB ရဲ့ ခွင့်ပြုမတည်ငွေရင်းက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရှိမှာဖြစ်ပြီး ကနဦးထည့်ဝင်ငွေက ဒေါ်လာဘီလီယံ ၅၀ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာကရေးထိုးခဲ့တဲ့ နားလည်မှုစာချွန်အရ AIIB ဘဏ်ရုံးချုပ်ဖွင့်လှစ်မယ့် မြို့ကို တရုတ်အစိုးရက ခွင့်ပြုပေးမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်